# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၇၆)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး၊ ဩစတြီးယားသံအမတ်ကြီးနှင့် နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ်တို့အား သီးခြားစီ လက်ခံတွေ့ဆုံ



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩစတြီးယားနိုင်ငံ သံအမတ်ကြီး H.E. Mrs. Eva Hager အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော သံအမတ်ကြီး H.E. Mr. Daniel Patrick Brendon Chugg အား ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော သံအမတ်ကြီး H.E. Mrs. Eva Hager အား နံနက် ၁၁ နာရီတွင် လည်းကောင်း၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ နီပေါတပ်မတော်ကြည်းတပ်ဦးစီးချုပ် H.E. General Rajendra Chhetri အား မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

## ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) (၁၇)ကြိမ်မြောက် အစည်းအဝေး (ဒုတိယနေ့)ကျင်းပ

**ရန်ကုန် ဇူလိုင် ၄**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ (၁၇)ကြိမ်မြောက် အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ရန်ကုန်ရုံး၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ JMC-Uဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တပ်မတော်သားကိုယ်စားလှယ်များဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊

*စာမျက်နှာ ၃ ကော်လံ ၁* ●


**တိုင်းပြည်နှင့် လူမျိုးအပေါ်ထားရှိခဲ့သည့် ဗိုလ်ချုပ်၏ သစ္စာ၊ မေတ္တာနှင့် စေတနာများ** ဆောင်းပါး စာ » ၆

**ကားတင်သွင်းမှုတွင် အခွန်စည်းကြပ်ရန် ထရန့်၏ ခြိမ်းခြောက်မှုကို အိန်ဂျလာမာကယ် သတိပေး** နိုင်ငံတကာသတင်း စာ » ၁၄





မြန်မာ့အလင်း

# တာဝန်ခံမှုအပြည့်ဖြင့် တင်ပို့ကြပါစို့

မြန်မာနိုင်ငံသည် လက်နက်ခဲယမ်းမှအပ ကျန်ကုန်စည်အားလုံးကို ဥရောပသမဂ္ဂသို့ အခွန်ကင်းလွတ်ခွင့်နှင့်အတူ အရေအတွက်ကန့်သတ်မှုမရှိ တင်ပို့နိုင်ခွင့်ရရှိထားပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံက ဥရောပသမဂ္ဂသို့ ဤသို့အခွန်ကင်းလွတ်ခွင့်နှင့်အတူ အရေအတွက်ကန့်သတ်မှုမရှိ တင်ပို့နိုင်ခွင့် **(Generalized System of Preferences-GSP)** ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ(၁၉)ရက်နေ့မှစ၍ ပြန်လည်ခံစားခွင့်ရရှိခဲ့ပါသည်။ သို့သော်ဥရောပသမဂ္ဂသို့ ဤသို့တင်ပို့သော ပစ္စည်းများသည် မြန်မာနိုင်ငံထွက်ကုန်ပစ္စည်းများဖြစ်ရပါမည်။ သို့ဖြစ်ပါ၍ အဆိုပါစနစ်အရ တင်ပို့သောကုန်ပစ္စည်းများသည် မြန်မာနိုင်ငံ၏ ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း **(Certificates of Origin)**ကို သက်ဆိုင်ရာ အာဏာပိုင်တို့က ထုတ်ပေးရပါသည်။ ဤကဲ့သို့ ထုတ်ပေးခြင်းကြောင့် လုပ်ငန်းအဆင့်များသကဲ့သို့ ကုန်ပစ္စည်းတင်ပို့သည့် ကုမ္ပဏီ၏ တာဝန်ခံမှုကို အားပျော့စေပါသည်။ နိုင်ငံတိုင်း နိုင်ငံတိုင်းက ဤအခက်အခဲများကို ရင်ဆိုင်ရသောကြောင့် ဥရောပသမဂ္ဂက အခွန်ကင်းလွတ်ခွင့်နှင့်အတူ အရေအတွက်ကန့်သတ်မှုမရှိ တင်ပို့နိုင်ခွင့်ရရှိထားသော နိုင်ငံများအနေဖြင့် တင်ပို့သူမှတ်ပုံတင်စနစ် **(Registered Exporter System-REX)** ကို ကျင့်သုံးရန် သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါစနစ်သစ်ကြောင့် မြန်မာနိုင်ငံ အပါအဝင်ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဥရောပသမဂ္ဂသို့ ကုန်ပစ္စည်းများ ပိုမိုတင်ပို့ခွင့်ရရှိနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဥရောပသမဂ္ဂက ပေးအပ်ထားသည့် အခွန်ကင်းလွတ်ခွင့်နှင့်အတူ အရေအတွက်ကန့်သတ်မှုမရှိတင်ပို့ ခွင့်ရရှိခံစားနိုင်ရေးအတွက် မူလစနစ်ဟောင်းအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း စာရွက်စာတမ်း **(Certificates of Origin- FormA)**ထုတ်ပေးခြင်းကို ၂၀၁၉ ခုနှစ် ဇွန်လအထိသာ ကျင့်သုံးပိုင်ခွင့်ရှိတော့မည် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လနောက်ပိုင်း၌ တင်ပို့သူမှတ်ပုံတင်စနစ် **(REX)** ကိုသာ ကျင့်သုံးရတော့မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရက တင်ပို့သူမှတ်ပုံတင်စနစ် **(REX)** ကို ပြောင်းလဲကျင့်သုံးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံက ဥရောပသမဂ္ဂသို့ ကုန်ပစ္စည်းတင်ပို့လျက်ရှိသော ကုမ္ပဏီအရေအတွက်မှာ ၃၀၀ နီးပါးရှိပါသည်။ မြန်မာနိုင်ငံ၏ ဥရောပသမဂ္ဂသို့ ကုန်ပစ္စည်းတင်ပို့မှုတန်ဖိုးပမာဏကို ကြည့်ပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဧပြီလမှ ဖေဖော်ဝါရီလအထိ ယူရို ၃၁၇ သန်းကျော်ရှိပါသည်။

မြန်မာနိုင်ငံရှိ ကုမ္ပဏီများသည် ဦးစွာမှတ်ပုံတင်ပို့ကုန်တင်ပို့သူအဖြစ် ဥရောပသမဂ္ဂ၏ သတ်မှတ်ဝက်ဘ်ဆိုက်၌ လျှောက်ထားပြီးနောက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်သွယ်ရေးဦးစီးဌာနသို့ မှတ်ပုံတင်ပို့ကုန်တင်ပို့သူအဖြစ် လျှောက်ထားရမည် ဖြစ်ပါသည်။ လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ပြီးစီးပါက သက်တမ်းနှစ်နှစ်ရှိ မှတ်ပုံတင်တင်ပို့သူအဖြစ် မှတ်ပုံတင်နံပါတ်ရရှိမည်ဖြစ်ပါသည်။ အဆိုပါ မှတ်ပုံတင်နံပါတ်ကို ကုန်သွယ်ရေးဦးစီးဌာနမှ ဥရောပသမဂ္ဂ၏ ဗဟိုအချက်အလက်ထိန်းချုပ်မှုစနစ်သို့ ထည့်သွင်းပေးမည်ဖြစ်ပါသည်။ ဤစနစ်သစ်အရ တင်ပို့သူကုမ္ပဏီကိုယ်တိုင် မြန်မာနိုင်ငံ၏ ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း တာဝန်ယူရသည်ဖြစ်၍ တာဝန်ခံမှု ပီပြင်ပြတ်သားမှုနှင့်အတူ ကုန်သွယ်မှု သွက်လက်မြန်ဆန်လာမည်ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံရှိ ကုမ္ပဏီခြောက်ခုသည် အဆိုပါစနစ်သစ် **(REX)** ဖြင့် တင်ပို့ရန် မကြာမီ အဆင်သင့်ဖြစ်တော့မည် ဖြစ်ပါသည်။ ကျန်ကုမ္ပဏီများကလည်း အဆိုပါစနစ်သစ် **(REX)** ကို ကျင့်သုံးနိုင်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြပါရန် လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၄**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ နေပြည်တော် လေဆိပ်(ဧလာ)တွင် ၃ ဒသမ ၅၁ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၃၉ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ပျဉ်းမနား(ဝဲကြီး)တွင် ၂ ဒသမ ၉၂ လက်မ ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ပလက်ဝမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ လယ်ဝေးမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၄၃ လက်မ၊ ပိုင်ကျုံမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၂ ဒသမ ၃၂ လက်မစီ၊ မော်ဘီမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ပင်လောင်းမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ကျိုက်ဒုံမြို့တွင် ၂ ဒသမ ၁၂ လက်မ၊ တပ်ကုန်းမြို့တွင် ၂ ဒသမ ၀၅ လက်မနှင့် ရှမ်းရွာသစ်တွင် ၂ ဒသမ ၀၂ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

## မုံရွာတက္ကသိုလ် ခြေလျင်တောင်တက်အသင်း မြင်းမထိတောင်နှင့် ဆင်တောင်များသို့ တက်ရောက်မည်

**မုံရွာ ဇူလိုင် ၄**

မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်၏ ၂၀၁၈ ခုနှစ် စည်းရုံးလေ့ကျင့်မှု အစီအစဉ်အရ မုံရွာတက္ကသိုလ် ခြေလျင်တောင်တက်အသင်းနှင့် မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ရှမ်းပြည်နယ် ကလောမြို့နယ်အတွင်းရှိ မြင်းမထိတောင်နှင့် ဆင်တောင်တို့အား ဇူလိုင်လ နောက်ဆုံးပတ်အတွင်း တက်ရောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"အခုအချိန်မှာ မုံရွာတက္ကသိုလ် ခြေလျင်တောင်တက်အသင်းက အသင်းသား အသင်းသူတွေ ပုံမှန်အပတ်စဉ် လမ်းလျှောက်လေ့ကျင့်တယ်။ မုံရွာမြို့နယ် အနီးတစ်ဝိုက်မှာရှိတဲ့ ကျောက္ကာတောင်၊ တွင်းမတောင်၊ ဗောဓိတစ်ထောင်က တောင်ကြောတွေကို ခရီးတိုလေ့ကျင့်နေပါတယ်။ ခရီးစဉ်ကနေ ခြေလျင်တောင်တက်အဖွဲ့ချုပ်နဲ့ ပူးပေါင်းမိတယ်။ သူတို့နဲ့ဆိုတော့ သူငယ်ချင်းအပေါင်းအသင်း တိုးလာပါတယ်" ဟု မုံရွာတက္ကသိုလ် ခြေလျင်တောင်တက်အသင်း ဥက္ကဋ္ဌ ဒေါက်တာဇော်မြင့်နီ(ဘူမိဗေဒ၊ ပါမောက္ခဌာနမှူး)က ပြောသည်။



မုံရွာတက္ကသိုလ် ခြေလျင်တောင်တက်အသင်းမှ အသင်းသား အသင်းသူ ၃၀ ပါဝင်သော မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်နှင့် ပူးပေါင်းသည့် ရှမ်းရိုးမ တောင်တက်ခရီးစဉ်တွင် ရှမ်းပြည်နယ် ကလောမြို့နယ်အတွင်းရှိ ဆင်တောင်ကို ဇူလိုင် ၂၇ ရက်တွင်လည်းကောင်း၊ မြင်းမထိတောင်ကို ဇူလိုင် ၂၈ ရက်တွင်လည်းကောင်း တက်ရောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **ဝင်းဦး (ဧယျာတိုင်း)**

## လက်ပံတန်း၌ အလယ်တန်းကျောင်းခွဲမှ အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်

**လက်ပံတန်း ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ခမုံဆိပ်အုပ်စု အိုင်ကြီးဒေါင့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ဇွန်လစတုတ္ထပတ်က အခြေခံပညာအလယ်တန်းကျောင်းခွဲမှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး ဒေါ်အေးသန်း၊ လက်ထောက်ပညာရေးမှူး ဦးချစ်ကို၊ ခမုံဆိပ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးသန်းဝင်း၊ အလှူရှင်များကိုယ်စား ရပ်မိရပ်ဖ ဦးအောင်မြင့်တို့က အခြေခံပညာအလယ်တန်းကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းအသုံးအဆောင်ပစ္စည်းများ၊ လှူဒါန်းသည့် စာရွက်စာတမ်းများကို အလှူရှင်များကိုယ်စား ဦးအောင်မြင့်က ပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **၀၅၃**

## ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြဓာတ်မြေဩဇာသွင်းအားစုများ အခမဲ့ဖြန့်ဝေ

**သီပေါ ဇူလိုင် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဓာတ်မြေဩဇာသွင်းအားစုများ အခမဲ့ဖြန့်ဝေပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၃ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က တောင်သူများအား လယ်ယာကဏ္ဍသွင်းအားစုများ ကူညီပံ့ပိုးပေးအပ်ရခြင်းများကိုလည်းကောင်း၊ နမ္မတူမြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထွန်းမင်းဦးက မိုင်းမူကျေးရွာအုပ်စု ဆန်ခါကျေးရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ၏ စံနမူနာပြဆောင်ရွက်ချက် လုပ်ငန်းအကြောင်းများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၁၈-၂၀၁၉ ခုနှစ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ၊ ဆန်ခါကျေးရွာမှ ဒေသခံတောင်သူ ၁၇ ဦးတို့အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထွန်းမင်းဦးနှင့် တာဝန်ရှိသူများက သွင်းအားစုမြေဩဇာအိတ်များကို အခမဲ့ ကူညီပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုင်း (သီပေါ)**

## ပေါင်မြို့တွင် သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး ပညာပေးဟောပြော

**သထုံ ဇူလိုင် ၄**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သက်နိုင်၏ ညွှန်ကြားမှုဖြင့် ပြည်နယ်အတွင်း မှုခင်းကျဆင်းရေးအတွက် မှုခင်းအသိပညာပေး ဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်း ဦးဆောင်ကာ ပေါင်မြို့နယ် မြို့မစခန်းမှူး ဒုရဲမှူး ထွန်းဇော်ဦးနှင့် တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁ ရက်က ပေါင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ Bright Star ဘော်ဒါဆောင်မှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများအား သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းတို့ကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **၁၃၈**

ထင်သာမြင်သာပြုပြင်စရာ

## ညောင်ဦးမြို့နယ်ရှိ ဧရာဝတီမြစ်ဘေးက ခေတ္တစာသင်ကျောင်းလေး ကမ်းပါးပြိုမည့်အရေး ကာကွယ်ပေးစေချင်

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သဖမ်းကုန်းကျေးရွာသည် ညောင်ဦးမြို့၏ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာတွင် တည်ရှိပြီး ဧရာဝတီမြစ်၏လက်ယာဘက်ကမ်းတွင် ကပ်လျက်ရှိသည်။ အဆိုပါကျေးရွာတွင် အိမ်ခြေ ၉၀ နှင့် လူဦးရေ ၄၀၀ ကျော်ရှိသည်။ ဧရာဝတီမြစ်ကမ်းဘေးတွင် ဗောဓိညောင်ပင်ကြီးရှိပြီး ညောင်ပင်ကြီးနောက်တွင် ထန်းရွက်များဖြင့် တည်ဆောက်ထားသည့် ခေတ္တကိုယ့်အားကိုယ်ကိုး တွဲဖက်မူလတန်းကျောင်းအဖြစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ကျောင်းတွင် မူကြိုတန်းမှ စတုတ္ထတန်းအထိ ကျောင်းသူ ကျောင်းသား ၆၅ ဦးနှင့် ရွာမှငှားထားသော ဆရာ ဆရာမ ငါးဦးရှိသည်။

"ကျွန်တော်တို့ရွာကို ဆရာတော် ဦးဝိဇယက ဦးဆောင်ပြီး ပဋ္ဌာန်းပွဲတွေ၊ တရားပွဲတွေ၊ သာရေးနာရေးပွဲတွေ၊ ကိုယ့်အားကိုယ်ကိုး စာသင်ကျောင်းတွေနဲ့ ကမ်းပါးပြိုမယ့် ဘေးအန္တရာယ်တွေကို အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ်" ဟု စာသင်ကျောင်းကော်မတီ ဥက္ကဋ္ဌက ပြောသည်။

သဖမ်းကုန်းကျေးရွာရှိ ဗောဓိပင်နှင့် စာသင်ကျောင်းဆောင်ကို ကမ်းပြိုမှုမှကင်းဝေးရန် ဒေသခံများ ဆောင်ရွက်နေသော်လည်း လတ်တလောအခြေအနေသာ အဆင်ပြေစေနိုင်မည်ဖြစ်ပြီး အဆိုပါ စာသင်ကျောင်းလေး ဧရာဝတီမြစ်ရေ တိုက်စားခြင်းမှ ကင်းဝေးအောင် သက်ဆိုင်ရာမှ ပြုပြင်ပေးစေလိုကြောင်း ကျေးရွာသူ ကျေးရွာသားများထံမှ သိရသည်။ **ကျော်ဌေး (ညောင်ဦး)**



# တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုပဲတိုက်တိုက်၊ ရှို့ရှို့၊ စစ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁-၁-၁၉၄၇ ရက်နေ့တွင် ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❊ရှေ့ဖုံးမှ

ဗြိတိန်သံအမတ်ကြီး၊ ဩစတြီးယားသံအမတ်ကြီးတို့နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နီပေါတပ်မတော်ကြည်း တပ်ဦးစီးချုပ်နှင့် တွေ့ဆုံစဉ် မြန်မာ-နီပေါ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားနိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရင်းရင်းနှီးနှီး နှုတ်ဆက်

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Patrick Brendon Chugg အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

# နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းပြပွဲ (မြန်မာ) ၂၀၁၈ အား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၄**

နိုင်ငံတကာခရီးသွားဝန်ဆောင်မှုလုပ်ငန်းနှင့် ပြည်တွင်းခရီးသွားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Myanmar Tourism Federation ၏ ကူညီပံ့ပိုးမှုဖြင့် နိုင်ငံတကာခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြပွဲ(မြန်မာ) ၂၀၁၈ (International Tourism Expo Myanmar-ITEM 2018) ပွဲကြီးကို ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြပွဲ(မြန်မာ) ၂၀၁၈ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်တွင်းခရီးသွားလုပ်ငန်းများကို ခေတ်နှင့်အညီ အရှိန်အဟုန်တိုးတက်မြင့်မားလာစေရန်အတွက် လည်းကောင်း၊ နိုင်ငံတကာခရီးသွားကုမ္ပဏီများနှင့် စီးပွားရေးပူးပေါင်းမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန်အတွက် လည်းကောင်း၊ ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ခရီးသွားပြည်သူများ ပိုမိုသိရှိလာစေရန်အတွက် လည်းကောင်း၊ ခရီးသွားဝန်ဆောင်မှု အမျိုးမျိုးကို တစ်နေရာတည်းတွင် စုံလင်စွာရရှိစေရန်အတွက် ယင်းပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း Travel Support ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးနွေမိုးအောင်က ပြောကြားသည်။

"ဒီလို Expo ပြပွဲကို ကျွန်တော်တို့အနေနဲ့ ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပါတယ်။ အဓိကတော့ ဒီပြပွဲမှာ Tourism အောက်မှာ အကျုံးဝင်တဲ့ ဟိုတယ်တွေ၊ ခရီးသွားအေးဂျင့်တွေ၊ လေကြောင်းလိုင်းတွေ၊ အာမခံအကြောင်းအရာတွေအပြင် ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ အခြားအဖွဲ့အစည်းတွေရဲ့ ပြခန်းတွေကိုပါခင်းကျင်းပြသသွားမှာပါ။ ပြပွဲလာရောက်ကြည့်ရှုကြမယ့်သူတွေအတွက် အကျိုးကျေးဇူးများစွာရရှိစေပါလိမ့်မယ်။ အပန်းဖြေကိစ္စအတွက် နေရာတစ်ခုခုကို သွားရောက်လည်ပတ်ဖို့ သတင်းအချက်အလက်ရှာဖွေနေတဲ့ သူတွေအတွက် ပြပွဲမှာ ပြည့်ပြည့်စုံစုံ မေးမြန်းလေ့လာနိုင်မှာ ဖြစ်ပါတယ်။ ခရီးသွားအေးဂျင့်တွေကလည်း ပြပွဲလာပြည်သူတွေအတွက် ပရိုမိုးရှင်းတွေ၊ ကံစမ်းမဲအစီအစဉ်တွေပါ ထည့်သွင်းစီစဉ်လုပ်ဆောင်သွားဖို့ရှိပါတယ်" ဟု ၎င်းက ပြောသည်။

နိုင်ငံတကာခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြပွဲ(မြန်မာ) ၂၀၁၈ (International Tourism Expo Myanmar-ITEM 2018) ပြပွဲကြီး၌ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် ပြခန်းပေါင်း ၁၀၀ ကျော်အား ထည့်သွင်းပြသွားမည်ဖြစ်ပြီး Myanmar Tourism Federation (MTF) ၏ ညွှန်ကြားမှုနှင့် ကူညီပံ့ပိုးမှုတို့ဖြင့် အဆိုပါပွဲအား နှစ်စဉ်ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

**ညီညီသန်း (နေပြည်တော်)**

# ဟားခါးခရိုင်ရှိ ပရဟိတဂေဟာ၊ လူငယ်ရိပ်သာသင်တန်းကျောင်းများအား ထောက်ပံ့

**ဟားခါး ဇူလိုင် ၄**

ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဟားခါးခရိုင်အတွင်းရှိ ပရဟိတဂေဟာ/လူငယ်ရိပ်သာ သင်တန်းကျောင်းများအား ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇူလိုင် ၄ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ဗေသလဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင်ထန်က အမှာစကားပြောကြားပြီး ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်အတွင်းရှိ ဘိုးဘွားရိပ်သာတစ်ခု၊ ပရဟိတဂေဟာလေးခုနှင့် လူငယ်ရိပ်သာ တစ်ခုအား ဆန်ထောက်ပံ့ကြေးအပါအဝင် စားစရိတ်၊ ဝတ်စရိတ်များအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ခြောက်လဘတ်ဂျက်(ဧပြီလမှ စက်တင်ဘာလထိ) ထောက်ပံ့ငွေ စုစုပေါင်း ကျပ် ၇၈၇၈၅၀၀ကို ပြည်နယ်လူမှုရေးဝန်ကြီးက ပေးအပ်ရာ ပရဟိတဂေဟာများနှင့် လူငယ်ရိပ်သာ တာဝန်ခံများက လက်ခံရယူကြသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် ထိခိုက်လွယ်သော အုပ်စုများတွင် ပါဝင်သည့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးစောင့်ရှောက်ခြင်းလုပ်ငန်းများကို သင်တန်းကျောင်း အခြေပြုစောင့်ရှောက်ခြင်း အပြင် ရပ်ရွာအခြေပြုစောင့်ရှောက်ခြင်း လုပ်ငန်းအနေဖြင့်လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ရပ်ရွာအတွင်း စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားသည့် ဘိုးဘွားရိပ်သာများ၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများ၊ မသန်စွမ်းဂေဟာများ၊ အမျိုးသမီးစောင့်ရှောက်ရေးဂေဟာများ၊ စေတနာ ညကျောင်းများကို သတ်မှတ်စည်းကမ်းများနှင့်အညီ ထောက်ပံ့ကြေးများကို နှစ်စဉ်ပေးအပ်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

●ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ဗိုလ်မှူးချုပ် ကျော်ဇံမြင့်(ငြိမ်း)၊ JMC-U ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးနှင့် တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ခေါင်းဆောင်များ၊ JMC-U ဒုတိယဥက္ကဋ္ဌ(၂) စိုင်းမျိုးသန့်နှင့် အရပ်သားကိုယ်စားလှယ်များ၊ JMC-S နှင့် JMC-L တို့မှ ကော်မတီဝင်များ၊ နည်းပညာအထောက်အကူပြုရုံး အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးကို ဇူလိုင် ၃ ရက်မှ စတင်ကျင်းပလျက်ရှိပြီး အစည်းအဝေးတွင် JMC-U ၏ (၁၆)ကြိမ်မြောက်နှင့် (၁၇)ကြိမ်မြောက် အစည်းအဝေး ကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ( JMC-S)နှင့် ဒေသဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-L) အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် ဝိဝါဒကွဲပြားနေသော ဝေါဟာရအချို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို နှစ်ဖက်အပြန်အလှန်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အလားတူ JMC ၏ (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေး ရန်ပုံငွေအသုံးစရိတ် ရရှိထားမှုနှင့် ဆောင်ရွက်မှုအခြေအနေများ၊ ဒေသခံ အရပ်သားစောင့်ကြည့်သူ (LCM)နှင့် ပတ်သက်၍ အကောင်အထည်ဖော်မှုအခြေအနေများ၊ တရုတ်နိုင်ငံမှ Volvo မော်တော်ယာဉ် ၁၀ စီး လှူဒါန်းခြင်းနှင့် ခွဲဝေသုံးစွဲမှုအခြေအနေများနှင့် ကုလသမဂ္ဂမှ နည်းပညာဆိုင်ရာလိုအပ်ချက်များ ဆန်းစစ်ခြင်း (Technical Need Assessment - TNA) ကိစ္စများဆွေးနွေးခြင်း၊ နော်ဝေ၊



**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၇)ကြိမ်မြောက် အစည်းအဝေး (ဒုတိယနေ့)ကျင်းပစဉ်။**

နီပေါ၊ တရုတ်နိုင်ငံများသို့ ငြိမ်းချမ်းရေးဆိုင်ရာ လေ့လာရေးခရီးစဉ်ကိစ္စရပ်များ ဆွေးနွေးခြင်း၊ စတုတ္ထအကြိမ် JMC အဆင့်ဆင့်တွင် ပါဝင်သော အရပ်သားကိုယ်စားလှယ်များ တွေ့ဆုံပွဲကို ဖာပွန်မြို့တွင် ကျင်းပနိုင်ရေးကိစ္စများ၊ JMC မှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်း (SOP)နှင့် လုပ်ငန်းလမ်းညွှန်(TOR) အကောင်အထည် ဖော်မှုများအား ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံမှ သံအမတ်ကြီး H.E. Mr. Jong Ho Bom အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jong Ho Bom အား လက်ခံ တွေ့ဆုံစဉ်။** သတင်းစဉ်



# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဗြိတိန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးမှုဌာနမှ ဆက်ဆံရေးအရာရှိနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးမှုဌာန (DFID) မှ အကြံပေးအရာရှိ Mr. Josh Bird နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲက ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဧည့်ခန်းမတွင် တွေ့ဆုံဆွေးနွေးသည်။ **(ဝဲပုံ)**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာ စီမံကိန်းအရဆောင်ရွက်နေသည့် လုပ်ငန်းများ၊ တရားဥပဒေ စိုးမိုးရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ DFID နှင့် UNDP တို့ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ပြည်ထောင်စုရှေ့နေ ချုပ်ရုံး၏ ဦးစားပေးလုပ်ငန်းများတွင် DFID ၏ ပူးပေါင်း ဆောင်ရွက်နိုင်မည့် နယ်ပယ်များ၊ တရားဥပဒေစိုးမိုးရေးစင်တာ များ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၄**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Dr. NikolayListopadov အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် အဂတိလိုက်စားမှု တားဆီးကာကွယ် တိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကပညာပေးခြင်း၊ တားဆီးကာကွယ် ခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း နည်းလမ်းသုံးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်နေသည့် ဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေးခဲ့ပြီး သံအမတ်ကြီးက ရုရှားနိုင်ငံ သမ္မတရုံး အောက်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဌာနနှင့် အစိုးရ ဝန်ကြီးဌာနများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့များ၏ အရေးကြီးသော ဆောင်ရွက်ချက်များ၊ အစိုးရ ဝန်ထမ်းများအား အဂတိလိုက်စားမှုမပြုနိုင်ရန် ညွှန်ကြား ထားရှိမှုများ၊ လက်ဆောင်ပစ္စည်းဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်ထားရှိမှုစသည့် ရုရှားနိုင်ငံ၏ အဂတိလိုက်စားမှု တားဆီးကာကွယ်တိုက်ဖျက်ရေး ဆောင်ရွက်ချက်အခြေ အနေများကို ဆွေးနွေးသည်။ ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနယ်ပယ်တွင် နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်း ဆောင်ရွက်ရေးကိစ္စကို ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကူမင်းမြို့ရှိ ယူနီယံဒေးလီးမီဒီယာဂရု(ပ်)သို့ မြန်မာသတင်းမီဒီယာအဖွဲ့ သွားရောက်လေ့လာ

**ကူမင်း ဇူလိုင် ၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဇူလိုင် ၂ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် မီဒီယာ ဖွံ့ဖြိုးရေးအတွက် မြန်မာသတင်းထောက်များဆွေးနွေးပွဲ ၂၀၁၈ ကို တက်ရောက်ရန် ရောက်ရှိနေသည့် ပြည်တွင်းမီဒီယာများမှ စာနယ်ဇင်းအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ယူနီယံဒေးလီးမီဒီယာဂရု(ပ်)သို့ သွားရောက်လေ့လာကြသည်။

"ကျွန်မတို့ ယူနီယံဒေးလီးမီဒီယာဂရု(ပ်) ရယ်လို့ဖြစ်လာတာ သိပ်မကြာသေးပါဘူး။ ဒီယူနန်ပြည်နယ်မှာတော့ ဒီသတင်းစာက ပထမဆုံးသတင်းစာလို့ ပြောလို့ရပါတယ်။ အခုနောက်ပိုင်းတော့ နေ့စဉ်သတင်းစာ၊ ညနေခင်းသတင်းစာ၊ New Media လို့ခေါ်တဲ့ Online မီဒီယာ၊ မဂ္ဂဇင်း၊ OneLine TV



**ကူမင်းမြို့မှ ယူနီယံဒေးလီးမီဒီယာဂရု(ပ်)သို့ မြန်မာသတင်းမီဒီယာအဖွဲ့ သွားရောက်လေ့လာစဉ်။**

စသဖြင့် ခေတ်ရေစီးကြောင်းပေါ်မူတည်ပြီး တိုးချဲ့လာတာပါ။ ပုံနှိပ်မှုအားကောင်းလာတာနဲ့အမျှ မီဒီယာလုပ်ငန်းတွေကို တိုးချဲ့လုပ်လာတာမှန်ပေမယ့် အခုနောက်ပိုင်းမှာတော့ Old Media လို့ခေါ်တဲ့ နေ့စဉ်သတင်းစာစောင်ရေဟာ အရင်လောက် ဖတ်အားမကောင်းတော့ဘဲ Online မီဒီယာဘက်ကို လူတွေက ပြောင်းလဲလာကြပါတယ်။ တရုတ်နိုင်ငံ အနေနဲ့ ဒါက လတ်တလောတကယ့် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါတယ်"ဟု ယူနီယံဒေးလီးမီဒီယာဂရု(ပ်)မှ ဒုတိယ အယ်ဒီတာချုပ် မစ္စ ထန်ကျိချန်က ပြောသည်။

ယူနီယံဒေးလီး နေ့စဉ်သတင်းစာကို ၁၉၅၀ ခုနှစ် မတ် ၄ ရက်တွင် စတင်ထုတ်ဝေခဲ့ကာ ယခုအခါ နေ့စဉ် အမြဲဖတ်ရှုသူလေးသန်းရှိပြီး ယူနန်ပြည်နယ်တွင် လတ်တလောပျံ့နှံ့မှုအကောင်းဆုံးနှင့် ပြည်သူစိတ်ဝင်စားမှုအမြင့်ဆုံးဖြစ်သည့် နေ့စဉ်ထုတ်သတင်းစာတစ်စောင်ဖြစ်သည်။ အစိုးရကူညီထောက်ပံ့ပေးမှုဖြင့် ရပ်တည်လျက်ရှိကာ ပြည်သူကို အဆိပ်သင့်စေသောသတင်းများကို ထုတ်ပြန်ပေးခြင်းမရှိဘဲ ပြည်သူအကျိုးပြု၊ နိုင်ငံအကျိုးပြုသည့် သတင်းကဏ္ဍမျိုးစုံကို ထုတ်ဖော်ရေးသားသော သတင်းမီဒီယာတစ်ခုဖြစ်ကြောင်း သိရသည်။

ယူနီယံဒေးလီး နေ့စဉ်သတင်းစာအဖြစ် နှစ်ပေါင်းရှည်ကြာရပ်တည်ခဲ့ပြီးများမကြာမီ ၂၀၀၁ ခုနှစ်မှ စတင်ကာ တခြားမဂ္ဂဇင်း၊ ညနေခင်းသတင်းစာ၊ Online မီဒီယာနှင့် OneLineTV တို့ကို တိုးချဲ့ကာ ယူနီယံဒေးလီးမီဒီယာဂရု(ပ်)အဖြစ် ဖွဲ့စည်းပြောင်းလဲလိုက်ခြင်းဖြစ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသော မင်္ဂလာမဂ္ဂဇင်းကိုလည်း ထည့်သွင်းထုတ်ဝေခဲ့သည်။ ယခုအခါ မင်္ဂလာမဂ္ဂဇင်းကို ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်၌ ပုံနှိပ်စက်တည်ကာ များမကြာမီတွင် မြန်မာနိုင်ငံ၌ စတင်ရိုက်နှိပ်တော့မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ မင်္ဂလာမဂ္ဂဇင်းကို မြန်မာဘာသာဖြင့် ထုတ်ဝေလျက်ရှိပြီး အဓိက မြန်မာ-တရုတ် ချစ်ကြည်ရေးတည်တံ့စေရန် ရည်ရွယ်၍ နှစ်နိုင်ငံအကျိုးတူလုပ်ငန်းများကိုသာ အဓိကထား ထုတ်ဖော်ရေးသားသော လစဉ်ထုတ်မဂ္ဂဇင်းဖြစ်သည်။ အဆိုပါ မြန်မာဘာသာဖြင့် ထုတ်ဝေသော မင်္ဂလာမဂ္ဂဇင်းကို ၁၉၉၂ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ပြီး မြန်မာနိုင်ငံ၌ နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးတို့တွင် အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

**လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်**

**နေပြည်တော် ဇူလိုင် ၄-** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့် မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၄

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နီပေါတပ်မတော်ကြည်းတပ်ဦးစီးချုပ် H.E. General Rajendra Chhetri အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် နီပေါတပ်မတော်ကြည်းတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသော နှစ်နိုင်ငံတပ်မတော်အရာရှိကြီးများအား အပြန်အလှန်မိတ်ဆက်ပေးကြသည်။

ထို့နောက် နီပေါတပ်မတော်ကြည်းတပ်ဦးစီးချုပ်သည် ဇေယျာသီရိဗိမာန် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်ဘက်ဆိုင်ရာသင်တန်းများ အပြန်အလှန်စေလွှတ်ရေး၊ ဆေးဘက်နည်းပညာများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် အခြားကိစ္စရပ်များတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုအဖွဲ့များနှင့် အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ နီပေါနိုင်ငံရှိ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေး သင်တန်းကျောင်းတွင် မြန်မာ့တပ်မတော်မှ သင်တန်းသားများ တက်ရောက်ရေး၊ ဘာသာစကားဆိုင်ရာ သင်တန်းများ အပြန်အလှန်စေလွှတ်ရေး၊ မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နီပေါတပ်မတော်ကြည်းတပ်ဦးစီးချုပ် H.E. General Rajendra Chhetri နှင့် ဇနီး Mrs. Rita Chhetri ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နီပေါတပ်မတော်ကြည်းတပ်ဦးစီးချုပ် H.E. General Rajendra Chhetri အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး (၈)ကြိမ်မြောက် အာရှဒေသဝန်ကြီးများညီလာခံ တက်ရောက်



**နေပြည်တော် ဇူလိုင် ၄**

မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့တွင် ဇူလိုင် ၃ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သော "(၈)ကြိမ်မြောက် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာဝန်ကြီး အဆင့်ညီလာခံ"သို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်သည်။

ညီလာခံတွင် ပြည်ထောင်စုဝန်ကြီး(**အပေါ်ပုံ**)က ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျှော့ချရေးအတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်များတွင် မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်မှုအခြေအနေ၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ဆန်းစစ်လေ့လာနိုင်ရန်တာဝန်ရှိသူများနှင့် ပြည်သူလူထုမှ သိရှိနိုင်စေရန် ဆောင်ရွက်နေမှုများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကျောင်းများအပြင် အသိပညာပေးလုပ်ငန်းများအတွက်ပါ တိုးမြှင့်ဆောင်ရွက်နေမှုများ၊ ဘေးအန္တရာယ်အရေးပေါ် တုံ့ပြန်ရေးအတွက် လူအင်အား၊ ထောက်ပံ့ပစ္စည်းအင်အားများကိုပါ အသင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ရုံမျှမက ဘေးဒဏ်ခံနိုင်ရည်ရှိသည့် ပြန်လည်ထူထောင်ရေးကိုပါ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ထားမှုနှင့် ဘေးဒဏ်ခံနိုင်ရည်ရှိသည့် အခြေခံအဆောက်အအုံများ တိုးမြှင့်ဆောက်လုပ်နိုင်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှု၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန် လိုအပ်မှုတို့ကို အလေးထား၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံအခြေစိုက် အာရှဒေသဘေးအန္တရာယ် လျော့ပါးရေးဌာန (ADRC) မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Koji Suzuki နှင့် ဇူလိုင် ၃ ရက်တွင် လည်းကောင်း၊ United Nations Office for Outer Space Affairs (UNOOSA)မှ အကြီးတန်းအရာရှိ Dr. Shirish Ravan၊ Food and Agriculture Organization မှ ဒေသတွင်းကိုယ်စားလှယ် Ms. Kundhavi Kadiresan တို့နှင့် ဇူလိုင် ၄ ရက်တွင် လည်းကောင်း သီးခြားစီတွေ့ဆုံ၍ မြန်မာနိုင်ငံ ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နည်းပညာနှင့် စွမ်းဆောင်ရည်မြှင့်အစီအစဉ်များပံ့ပိုးပေးနိုင်ရေး၊ ဘေးအန္တရာယ်ကျရောက်ချိန်များတွင် Disaster Charter မှတစ်ဆင့် ဂြိုဟ်တုပုံရိပ်များ ရယူအသုံးချနိုင်ရေး၊ အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများတွင် အာကာသနည်းပညာများအသုံးချနိုင်ရေး၊ အိန္ဒိယနှင့် တရုတ်နိုင်ငံများတွင် GIS နှင့် Remote Sensing သင်တန်းများအတွက် ပညာသင်ဆုပေးအပ်ရေး၊ ဘေးအန္တရာယ်မျိုးစုံဆန်းစစ်လေ့လာမှုအတွက် မြေပုံများရေးဆွဲနည်းသင်တန်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ၌ နေပြည်တော်တွင် ဖွင့်လှစ်နိုင်ရေး၊ အိန္ဒိယနိုင်ငံ၏ နည်းပညာအကူအညီဖြင့် ကိုယ်ပိုင်ဂြိုဟ်တုငယ်လွှင့်တင်ဆောင်ရွက်နိုင်ရေး၊ FAO နှင့်ပူးပေါင်း၍ စားနပ်ရိက္ခာမလုံလောက်မှုကြုံတွေ့ရသည့် ဒေသများတွင် ကူညီပံ့ပိုးမှုများဆောင်ရွက်ရေး၊ ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိသည့် စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးရေးနှင့် မြန်မာနိုင်ငံဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ညီလာခံတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ၂၀၁၅ ခုနှစ်အတွင်း အတည်ပြုခဲ့သည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်ကို အကောင်အထည်ဖော်တိုးတက်မှုများနှင့် ကြုံတွေ့ရသည့်စိန်ခေါ်မှုများကို နိုင်ငံများအကြားမျှဝေနိုင်ရန်၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးအတွက် နိုင်ငံအသီးသီးမှ ကြိုးပမ်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်ရေးအတွက် နိုင်ငံရေးဆိုင်ရာ ကတိကဝတ်ပြုခြင်းများပါဝင်သည့် အူလန်ဘာတာကြေညာစာတမ်းကိုထုတ်ပြန်ရန်၊ ဆန်ဒိုင်းမူဘောင်ပါ ဦးစားပေးလုပ်ငန်းများမှ (၂၀၁၈-၂၀၂၀) ခုနှစ်အတွင်း ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအတွက် အာရှဒေသတွင်း စီမံချက်ကို အတည်ပြုနိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်မျက်ရတနာသင်တန်းကျောင်း(ရွှေကြာပင်)၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၄**

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ကျောက်မျက်ရတနာသင်တန်းကျောင်း(ရွှေကြာပင်) ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ က နေပြည်တော်ရှိ ကျောက်မျက်ရတနာသင်တန်းကျောင်း (ရွှေကြာပင်)၌ ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ ပိတောက်ပင်အား စိုက်ပျိုးပေးသည်။ **(ယာပုံ)**

ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အောက်ရှိ လုပ်ငန်း၊ ဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကျောက်မျက်ရတနာသင်တန်းကျောင်း (ရွှေကြာပင်)မှ ကျောင်းအုပ်ကြီးနှင့် နည်းပြများ သင်တန်းသား၊ သင်တန်းသူများက ပိတောက်အပင် ၃၀၊ ငုဝါအပင် ၅၀၊ စိန်ပန်းလေးအပင် ၃၀၊ ကံ့ကော်အပင် ၄၀၊ ခရေအပင် ၄၀၊ မဟော်ဂနီ ၁၀ပင်၊ စုစုပေါင်းပျိုးပင် ၂၀၀ကို သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# သံတွဲ၌ အမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

**သံတွဲ ဇူလိုင် ၄**

သံတွဲမြို့နယ် သစ်တောဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက အမှတ် ၈ ရက်ကွက် စန္ဒြယားတောင်လမ်းရှိမြေနေရာတွင် ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးအောင်နှင့် မြို့နယ်သစ်တောဦးစီးမှူး ဦးဝင်းသန်းတို့က သစ်ပင်များကို ပေးအပ်ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးလွင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမေသိန်းရီနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်ဝန်ထမ်းများ၊ ရဲတပ်ရင်းအမှတ် ၃၂ မှ ရဲတပ်ဖွဲ့ဝင်များ၊ သံတွဲမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဦးသန်းထွန်းတို့က လက်ခံယူကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ စိန်ပန်း၊ မန်ဂျန်ရှား အစရှိသည့် ပျိုးပင်ပေါင်း ၅၄၀ ကို တက်ရောက်လာကြသူများက စုပေါင်း၍ ၂၀၁၈ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တိုင်းပြည်နှင့်လူမျိုးအပေါ် ထားရှိခဲ့သည့် ဗိုလ်ချုပ်၏ သစ္စာ၊ မေတ္တာနှင့် စေတနာများ

မောင်စိန်အိ (နဘဲမြေ)

**နယ်ချဲ့လက်ပါးစေ မသမာသူတို့၏လက်ချက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသွားခဲ့သည်မှာ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၁)နှစ်ပြည့်မြောက်သွားပြီ ဖြစ်သည်။ နှစ်ကာလမည်မျှပင်ကြာညောင်းသော်လည်း ပြည်သူများ၏ ရင်ထဲတွင် အာဇာနည်ပုဂ္ဂိုလ်ကြီးများကို အောက်မေ့သတိရနေဆဲပင်ဖြစ်သည်။ တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်ပေးကာ စွန့်လွှတ်စွန့်စား အနစ်နာခံသွားကြသည်။ အထူးသဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်အတွက် တစ်ဘဝလုံးမြှုပ်နှံသွားသည်။ ထို့ကြောင့် နယ်ချဲ့တို့ထံမှ တိုင်းပြည်လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။**

### တစ်မူထူးခြား

ဗိုလ်ချုပ်သည် ငယ်စဉ်ကတည်းက အခြားသူများနှင့်မတူ ထူးချွန်ထက်မြက်သော ပုဂ္ဂိုလ်ပင်ဖြစ်သည်။ ကျောင်းနေနောက်ကျသော်လည်း ၁၉၃၂ ခုနှစ်တွင် ရေနံချောင်းအမျိုးသားကျောင်းမှ ၁၀ တန်းအောင်မြင်ပြီးနောက် ရန်ကုန်တက္ကသိုလ်၌ ပညာဆက်လက်ဆည်းပူးခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် ကျောင်းစာကို အပတ်တကုတ် ဆည်းပူးသင်ယူခဲ့သည့်အပြင် ပြည်တွင်း၊ ပြည်ပနိုင်ငံရေး အခြေအနေများကိုပါ စဉ်ဆက်မပြတ်လေ့လာပြီးနောက် သူ့ကျွန်ဘဝတွင် ကျောင်းသားများကို ဦးဆောင်စည်းရုံးဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ကိုလိုနီနယ်ချဲ့လက်အောက်တွင် ကျောင်းသားသမဂ္ဂအဖွဲ့ချုပ်ကြီးကို တည်ထောင်ခဲ့သည့်အပြင် ကိုလိုနီတက္ကသိုလ်ဥပဒေကိုလည်းပြင်ဆင်နိုင်အောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

### တပ်မတော်ဖွဲ့စည်း

ထို့နောက်မြန်မာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့စည်းနိုင်ရန် ၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့ ညတွင် သခင်လှမြိုင်နှင့်အတူ နိုင်ငံခြားသို့ တိတ်တဆိတ်ထွက်ခွာခဲ့ရသည်။ ၁၉၄၁ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးအတွက် စီမံကိန်းတစ်ရပ်ကို ကိုယ်တိုင်ရေးဆွဲကာ မြန်မာနိုင်ငံသို့ပြန်လာပြီး မျိုးချစ်စိတ်ဓာတ် ထက်သန်သော လူငယ်များကို တိတ်တဆိတ်စည်းရုံးခေါ်ဆောင်သွားခဲ့သည်။ ထိုလူငယ်များသည် နောင်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဖြစ်လာခဲ့သည်။ ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ယူပြီးနောက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဗန်ကောက်မြို့၌ ဗမာ့ကာကွယ်ရေးတပ်မတော် (Burma Independence Army-BIA) ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုတပ်မတော်ကြီးဖွဲ့စည်းခဲ့ပြီးနောက်ပိုင်း မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းစဉ်ကာလတစ်လျှောက်တွင် သစ္စာ၊ မေတ္တာ၊ စေတနာများစွာဖြင့် ပြောကြားခဲ့သည့် ဗိုလ်ချုပ်၏မိန့်ခွန်းများအနက်မှ နိုင်ငံသူနိုင်ငံသားများ၊ အထူးသဖြင့် မျိုးဆက်သစ်များမှတ်သားထိုက်သောဩဝါဒများကို ကောက်နုတ်တင်ပြသွားလိုပါသည်။

### အနီးကပ်ဆုံးရန်သူကို ချေမှုန်းကြ

ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဂျပန်တို့က မြန်မာနိုင်ငံအား ပေးခဲ့သည့် လွတ်လပ်ရေးအတုအယောင်နှင့် တိုင်းရင်းသားပြည်သူများအပေါ်ပြုမူသည့် ရက်စက်ကြမ်းကြုတ်မှုများကိုမခံနိုင်သဖြင့် ဖက်ဆစ်တို့အား တော်လှန်ရန် ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရွှေတိဂုံဘုရား အနောက်မြောက်ဘက်ရှိ ကွင်းပြင်ကြီး (ယခု တော်လှန်ရေးပန်းခြံနေရာ)၌ စစ်ထွက်မိန့်ခွန်းပြောကြားခဲ့သည်။

ထိုမိန့်ခွန်းမှအချို့ကို ကောက်နုတ်ဖော်ပြရလျှင် “ရဲဘော်တို့ အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး။ အခုစစ်မြေပြင်ကိုထွက်ရမယ်။ ဆင်းရဲမယ်။ ငတ်မယ်။ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမယ်။ မြန်မာပီပီ မြန်မာ့သွေးကို ပြပါ။ အထက်ဗိုလ်များရဲ့အမိန့်ကိုနာခံကြပါ။ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင်ရဲဘော်တို့နဲ့အတူ ချီတက်မယ်။ မြန်မာ့ရန်သူကို ချေမှုန်းကြ။ အနီးကပ်ဆုံးရန်သူကို ချေမှုန်းကြ။ ဒါပဲ” ဆိုပြီး ကျစ်လျစ်သိပ်သည်း တည်ကြည်လေးနက်ပြတ်သားစွာဖြင့် ပြောကြားသွားသည်မှာ မျက်မှောက်ခေတ် တပ်မတော်အတွက် တန်ဖိုးမဖြတ်နိုင်သော မိန့်ခွန်းပင်ဖြစ်သည်။ စစ်မြေပြင် တာဝန်ထမ်းဆောင်ရာတွင်တွေ့ကြုံရမည့်အခက်အခဲများ၊ မြန်မာတို့၏ ရဲစွမ်းသတ္တိကို ပြသရန်၊ အထက်နှင့်အောက် သာတူညီမျှ ရဲဘော်ရဲဘက်စိတ်ထားရှိရန်နှင့် ကိုယ်တိုင်ပင်လျှင် စစ်မြေပြင်ထွက်ခွာမည်ဆိုသောစကားများမှာ ခွန်အားများဖြစ်စေပြီး လက်ရှိအချိန်အထိ မေ့မရနိုင်သောစကားများပင် ဖြစ်သည်။

### ရန်သူကိုအထင်မသေးသင့်

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သောမြန်မာ့တပ်မတော်သည် ဖက်ဆစ်ဂျပန်တို့အား မြန်မာ့မြေပေါ်မှ တိုက်ထုတ်ရာ၌ အောင်မြင်မှုများ စဉ်ဆက်မပြတ်ရရှိနေချိန်တွင် ဗြိတိသျှတပ်များကလည်း မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသည်။ ထိုအချိန်တွင် မြန်မာ့တပ်မတော်မှ အချို့သောအရာရှိများသည် အင်္ဂလိပ်တပ်များရောက်ရှိလာခြင်းကို အမေကျော် ဒွေးတော်လွမ်းဖြစ်ကာ တပ်မတော်၏ လုပ်ငန်းစဉ်များကို မေ့လျော့လာသဖြင့် ဗိုလ်ချုပ်သည် ၁၉၄၅ ခုနှစ် မေလ ၁၁ ရက်နေ့တွင် သရက်ချောင်းရွာ၌ တပ်စခန်းချနေသော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများအား မိန့်ခွန်းပြောကြားခဲ့သည်။

ထိုမိန့်ခွန်းမှ အချို့ကိုကောက်နုတ်ဖော်ပြရလျှင် “ရဲဘော်တို့ ပွဲဦးထွက်တော်လှန်ရေး အောင်ပွဲလေးတွေကိုရခဲ့ပြီး အဲဒီအောင်ပွဲလေးတွေ ဆင်နွှဲခဲ့နိုင်တာလောက်ကို တကယ့်အောင်ပွဲကြီးတွေလို့ထင်ပြီး အဲဒီအောင်ပွဲတွေအပေါ်မှာ မိန်းမောနေတာကို တွေ့ရတယ်။ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးပြီး ဘဝင်မြင့်နေတာတွေ တွေ့ရတယ်။ ရဲဘော်တို့ - ဒီလိုမိန်းမောနေရင်၊ အထင်ကြီးနေရင်မှားမယ်လို့ ရဲဘော်တို့ကို တိတိကျကျပြောရဲတယ်။ ရန်သူကိုအထင်မကြီးသော်လည်း အထင်မသေးသင့်ဘူးဆိုတာ အစဉ်သတိချပ်စေချင်တယ်”ဟု ပြောကြားခဲ့သည်။

### တိုင်းပြည်လွတ်လပ်ရေးအတွက်စစ်တိုက်နေ

လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ) ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ပြည်သူများသိရှိထောက်ခံလာစေရန်အတွက် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် နေသူရိန်အစည်းအဝေးကြီး၌ ဗိုလ်ချုပ်ပြောကြားခဲ့သည့်မိန့်ခွန်းမှ အချို့ကိုကောက်နုတ်ဖော်ပြရလျှင် “ကျုပ်တင်လား၊ ကျုပ်ခေါင်းဆောင်တဲ့ တပ်မတော်သားတွေကအစ ဒီလောက် အပင်ပန်းခံတိုက်နေတာ။ လခလည်း တစ်ပြားမှ မရဘူး။ အဝတ်အစားလည်း ချို့တဲ့တယ်။ ဆေးဝါးလည်း ကောင်းကောင်းမလုံလောက်ဘူး။ လက်နက်ခဲယမ်းမီးကျောက်လည်း မပြည့်စုံဘူး။ အနားဆိုလို့လည်း မရဘူး။ အဲဒီလောက် အပင်ပန်းခံပြီး ကျုပ်တို့တစ်တပ်လုံးတိုက်နေတာဟာ လူတစ်စုတည်းကောင်းစားဖို့လည်း မဟုတ်ဘူး။ ကျုပ်တို့ ကိုယ်ရေးကိုယ်တာ ကောင်းစားမှုအတွက် လောက်သာလည်း မဟုတ်ဘူး။ ကျုပ်တို့တိုက်နေတာဟာ တိုင်းပြည်ရဲ့လွတ်လပ်ရေးနှင့် တိုင်းပြည်၏ လူထုကြီးကောင်းစားရေးကိုသာ ရည်ရွယ်ပြီး တိုက်တယ်ဆိုတာ တထစ်ချသိစေချင်တယ်” ဟူ၍ ကိုယ်ကျိုးမဖက်တိုင်းပြည်အတွက် အသက်စွန့်ဆောင်ရွက်သွားမည်ဆိုသော ခိုင်မာပြတ်သားသည့် သန္နိဋ္ဌာန်စိတ်ကို ပြည်သူများသို့ လှစ်ဟပြသခဲ့သည်မှာ အတုယူဖွယ်ရာပင် ဖြစ်သည်။

### ညီညွတ်ကြဖို့လို

ထို့အပြင် ဂျပန်တော်လှန်ရေးပြီးဆုံးချိန် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် နိုင်ငံရေးအဖွဲ့အစည်း အသီးသီးနှင့် ပါတီခေါင်းဆောင်များအကြား သွေးစည်းညီညွတ်ကြရန်အတွက် ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် နိုင်ငံရေးခေါင်းဆောင်များအားပြောကြားခဲ့သည့် ဗိုလ်ချုပ်၏မိန့်ခွန်းမှ အချို့ကို ကောက်နုတ်ဖော်ပြရလျှင် “ကျွန်တော်တို့ မြန်မာပြည်ရဲ့အရေးဟာ မြန်မာပြည်သူပြည်သားတွေ၊ ခေါင်းဆောင်တဲ့လူတွေ ညီညွတ်စွာနှင့် လုပ်တတ်မယ်၊ လုပ်မယ်ဆိုရင် အေးအေးဆေးဆေးနဲ့ ပြီးမြောက်နိုင်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ ကျွန်တော်ခေါင်းဆောင်နေတဲ့ တပ်မတော်ကလည်း ယုံကြည်တယ်” ဟုဆိုကာ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးအရေးကြီးပုံကို နိုင်ငံသို့ သတိပေးပြောကြားခဲ့သည့်မိန့်ခွန်းဖြစ်ပြီး လက်ရှိပကတိအခြေအနေနှင့် ကိုက်ညီလျက်ရှိသည်။

> **“ကျုပ်ကလည်း မကြွားချင်ပါဘူး။ ကျုပ်နိုင်ငံရေးလုပ်လာတာ ကြွားချင်လို့လည်း လုပ်နေတာ မဟုတ်ပါဘူး။ မြန်မာပြည် လွတ်လပ်ရေးရစေချင်လို့၊ မြန်မာတွေ ကောင်းစားစေချင်လို့ လုပ်တာပါ။ ကျုပ်က နိုင်ငံရေးမလုပ်ရလို့ ထမင်းငတ်သွားမယ့် လူမျိုးမဟုတ်ပါဘူး။ နိုင်ငံရေးလုပ်တာ ကျုပ်အဖို့မယ် မြတ်တယ်လို့ကိုမထင်ဘူး။ အရှုံးကြီးနဲ့ချည်း လုပ်နေရတာပဲ ဆိုပြီး ဤရပ်တည်ချက်ကို ပြတ်သားစွာ ပြောကြားသွားသည်မှာ နှောင်းလူတို့ အတုယူ ထိုက်ပါပေသည်”**

### နိုင်ငံရေးဆိုသည်မှာ

၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရွှေတိဂုံဘုရား အလယ်ပစ္စယံ၌ ဗိုလ်ချုပ်ပြောကြားခဲ့သော မိန့်ခွန်းမှအရေးကြီးသည့်အချက်အချို့ကို ကောက်နုတ်ဖော်ပြရလျှင် “နိုင်ငံရေးမည်သည် ယုတ်မာညစ်ထေးသည်ဟု ဆိုရမည်လော။ စင်စစ်မှာ နိုင်ငံရေးဟာ ယုတ်မာညစ်ထေးတာ မဟုတ်။ နိုင်ငံရေးကိုညစ်ထေးအောင် လုပ်သူတွေသာလျှင် ယုတ်မာခြင်းဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာ လူ့ကိစ္စလို့ ဆိုရမယ်။ ကျွန်တော်တို့ စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှု အစုစုဟာ နိုင်ငံရေးပဲဖြစ်တယ်”ဟု ဆိုကာ နိုင်ငံရေးသည် လူသားအားလုံး၏ အရေးကိစ္စဖြစ်ကြောင်းနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် မိမိနှင့် မသက်ဆိုင်ဟု ယူဆထားသူများကို သတိပေးပြောကြားခဲ့ခြင်းသည် မျက်မှောက်နိုင်ငံရေးအခြေအနေနှင့် ထင်ဟပ်လျက်ရှိသည်။

### နိုင်ငံရေးမလုပ်ရလို့ ထမင်းမငတ်

တော်လှန်ရေးခေါင်းဆောင် ဗိုလ်ချုပ်သည် ၁၉၄၆ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရွှေတိဂုံဘုရားအနောက်မုခ်၌ ကွန်မြူနစ်ပါတီအား (ဖဆပလ)အဖွဲ့ကြီးမှ ထုတ်ပယ်ရသည့်အကြောင်းကို ပြောကြားခဲ့ရာ မိန့်ခွန်းမှအချို့ကို ကောက်နုတ်ဖော်ပြရလျှင် “သတ္တိချင်းစမ်းမယ်ဆိုရင်တော့ မြန်မာ့လွတ်လပ်ရေးအတွက် တကယ်တမ်းလုပ်တမ်းဆိုရင်ထွက်ခဲ့ပါ။ မဟိန်းတမ်း၊ မဟောက်တမ်း၊ တကယ်လုပ်တမ်းပြိုင်ရဲပါတယ်။ ကျုပ်အကြောင်းတွေလည်း ခင်ဗျားတို့သိတန်သလောက်သိကြမှာပဲ၊ ဒါပေမယ့် အကုန်တော့ ဘယ်သူမှ သိကြမှာမဟုတ်ဘူး။ ကျုပ်ကလည်း မကြွားချင်ပါဘူး။ ကျုပ်နိုင်ငံရေးလုပ်လာတာ ကြွားချင်လို့လည်းလုပ်နေတာ မဟုတ်ပါဘူး။ မြန်မာပြည်လွတ်လပ်ရေးရစေချင်လို့၊ မြန်မာတွေ ကောင်းစားစေချင်လို့ လုပ်တာပါ။ ကျုပ်က နိုင်ငံရေးမလုပ်ရလို့ ထမင်းငတ်သွားမယ့် လူမျိုးမဟုတ်ပါဘူး။ နိုင်ငံရေးလုပ်တာ ကျုပ်အဖို့မယ် မြတ်တယ်လို့ကိုမထင်ဘူး။ အရှုံးကြီးနဲ့ချည်း လုပ်နေရတာပဲ” ဆိုပြီး ဤရပ်တည်ချက်ကို ပြတ်သားစွာပြောကြားသွားသည်မှာ နှောင်းလူတို့ အတုယူထိုက်ပါပေသည်။

### လွတ်လပ်ရေးဆိုတာ မိုးပေါ်က အလိုအလျောက်ကျမလာ

လွတ်လပ်ရေး၏ ဖခင်ဗိုလ်ချုပ်သည် ဘိလပ်မှပြန်လာပြီးနောက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ ည ၇ နာရီ ၃၀ မိနစ်အချိန်တွင် အသံလွှင့်ရုံမှ တစ်ဆင့် တိုင်းပြည်သို့ မိန့်ခွန်းပြောကြားခဲ့သည်။ ထိုမိန့်ခွန်းမှ လွတ်လပ်ရေးနှင့် ပတ်သက်၍ အချို့ကို ကောက်နုတ်ဖော်ပြရလျှင် “လွတ်လပ်ရေးဆိုတာတောင်းလို့ရတဲ့ ကိစ္စမျိုးမဟုတ်ဘူး။ သူများနို့သက်စို့ခံယူရတဲ့ အခွင့်အရေးမျိုးမဟုတ်ဘူး။ မိုးပေါ်က အလိုအလျောက် ကျမလာနိုင်ဘူးဆိုတာ ကျုပ်တို့လည်း သိတာပဲ။ နို့ ဒီလိုသိလျက်နဲ့ ဘာလို့ ဘိလပ်သွားရလဲဆိုတာကတော့ ပရိယာယ်ဆိုလည်း ဟုတ်တယ်။တကယ်ဆိုလည်း ဟုတ်တာပါပဲ။ ကျုပ်တို့ ဟိုသွားတာဟာ ကျုပ်တို့လွတ်လပ်ရေးကို အေးအေးဆေးဆေးနဲ့ ယူနိုင်တဲ့နည်းလမ်းကို ရှာဖွေတဲ့သဘောလို့ ကျုပ်ပြောခဲ့တယ်” ဟူ၍ လွတ်လပ်ရေးအတွက် တအံ့နွေးနွေးဖြစ်နေသော ပြည်သူများသို့ အသိပေးပြောကြားသွားခဲ့ပါသည်။

### စုပေါင်းလုပ်ကြမှသာ

ထို့နောက် လွတ်လပ်ရေးအတွက်အရေးပါသည့် တောင်တန်းနှင့်ပြည်မ ပူးပေါင်းနိုင်ရေးအတွက် တိုင်းရင်းသားညီအစ်ကိုများအကြား သွေးစည်းညီညွတ်မှုကို ပြသမည့် ပင်လုံစာချုပ်လက်မှတ်မရေးထိုးမီ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ည ပင်လုံမြို့ စော်ဘွားများထမင်းစားပွဲ၌ ငြိမ်းချမ်းရေးခေါင်းဆောင် ဗိုလ်ချုပ်မြွက်ကြားချက်များအနက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအရေးပါပုံနှင့် ပတ်သက်၍ အချို့ကို ကောက်နုတ်ဖော်ပြရလျှင် “တစ်တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်က တစ်ဖုံ၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်” ဟုဆိုပြီး ညီနောင် တိုင်းရင်းသားများကို လွတ်လပ်ရေးအတွက် အလေးအနက်ထား တိုက်တွန်းပြောကြားခဲ့သည်။ ထိုစကားများသည် မျက်မှောက်ကာလ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် အရေးပါလျက်ရှိသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်ရေးလုပ်ငန်းများအတွက် လမ်းညွှန်ချက်တစ်ရပ်အဖြစ် အသက်ဝင်လျက်ပင်ရှိသည်။

### မှားတယ်၊ မှန်တယ်ဆိုတာ ရာဇဝင်က ဆုံးဖြတ်လိမ့်မယ်

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့လွတ်လပ်ရေးအတွက် ဘိလပ်၌ ဗြိတိသျှအစိုးရနှင့် သဘောတူညီချက်ရရှိအောင် အကျေအလည်ဆွေးနွေးလျက် အောင်ဆန်း- အက်တလီ စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။ ထိုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော်မြူနီစီပယ်အဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက ဧည့်ခံသည့်ဂုဏ်ပြုပွဲ၌လည်း မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။

လွတ်လပ်ရေး၏ ဗိသုကာကြီးပြောကြားခဲ့သည့် မိန့်ခွန်းမှအချို့ကို ကောက်နုတ်ဖော်ပြရလျှင် “ခေါင်းဆောင်လုပ်တဲ့လူတွေဟာ ကိုယ်ယုံကြည်တဲ့ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောရဲရမယ်။ ရှင်းပြနိုင်ရမယ်၊ အသက်စွန့်သင့်တဲ့နေရာမှာ စွန့်ရဲရမယ်။ ပရိယာယ်သုံးသင့်တဲ့နေရာမှာ သုံးရမယ်။ အချိန်အခါလိုက်ပြီး လုပ်ရမယ်။ အများယောင်လို့ ယောင်ရတယ်၊ အမောင်တောင်မှန်း မြောက်မှန်းမသိဆိုရင် ခေါင်းဆောင် မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ်မယုံတဲ့လူဟာ ဘယ်အခါမှ တခြားလူကို မယုံဘူး။ ကိုယ့်တိုင်းသူပြည်သားကိုလည်း မယုံဘူး။ ကျွန်တော်အဖို့ ကျွန်တော့်ကိုယ်ကိုယ်ကျွန်တော်ယုံတယ်။ ခင်ဗျားတို့ကိုလည်း ယုံကြည်တယ်။ မြန်မာ့လွတ်လပ်ရေးလည်း ယုံကြည်တယ်။ ဘယ်ကိစ္စမဆို လုပ်ရင်မှားတယ်မှန်တယ်ဆိုတာ ရာဇဝင်က ဆုံးဖြတ်လိမ့်မယ်” ဟုဆိုကာ ခေါင်းဆောင်လုပ်သူတစ်ဦးထားရှိရမည့် သဘောထား၊ ရပ်တည်ချက်နှင့်ယုံကြည်ချက်တို့ အရေးပါမှုကိုပြောကြားခဲ့သည်မှာ ယနေ့တိုင်ရှင်သန်နေဆဲပင်ဖြစ်သည်။

### တိုင်းပြည်မှောက်အောင်လုပ်လျှင် အစွမ်းကုန်ချမည်

မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါသည့် တိုင်းပြုပြည်ပြုလွှတ်တော်ကျင်းပနိုင်ရေး ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန် ၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် တစ်နိုင်ငံလုံး၌ ရွေးကောက်ပွဲများ ကျင်းပနိုင်ရေး ပြင်ဆင်နေချိန်တွင် အတိုက်အခံနိုင်ငံရေးအဖွဲ့အစည်းများမှ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေမှုအပေါ် သတိပေးသည့်အနေဖြင့် ဗိုလ်ချုပ်သည် ထိုနှစ် ဧပြီလ ၅ ရက် ညနေ ၆ နာရီ ၃၃ မိနစ်တွင် အသံလွှင့်ဌာနမှ တိုင်းပြည်သို့ မိန့်ခွန်းပြောကြားခဲ့သည်။ **စာမျက်နှာ ၇ သို့**

# အမြို့မြို့အနယ်နယ်တွင် ပြည်သူ့စကားဝိုင်းများ ကျင်းပလျက်ရှိ

**ပြည်သူများ အသိအမြင်ဗဟုသုတတိုးတက်လာစေရေး၊ မိမိတို့ရပ်ရွာတွင်ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများရှိလာစေရေးနှင့် ပြည်သူများ စဉ်းစားတွေးခေါ်မှု မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေး တတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်လျက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး မြို့နယ်အသီးသီးတွင် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။**



## ဘုတ်ပြင်း

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဘုတ်ပြင်းမြို့ အောက်လိပ်ကျေးရွာ အတုလကာရီရွှေကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ဇွန်လနောက်ဆုံးပတ်က ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဖြူဖြူသိန်းက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပရာ အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမန်းဆွေမြင့်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဘဌေး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာအေးမင်းထွေးနှင့် တောင်သူလယ်သမားကိုယ်စားလှယ် ဦးဉာဏ်ဝင်းတို့က ဦးဆောင်ဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျွန်းစု

လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇွန်လနောက်ဆုံးပတ်က တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကျွန်းရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုးလွင်က လူငယ်နှင့်မူးယစ် ဆေးဝါးခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းခြင်းနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ ထိုကဲ့သို့ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများစီစဉ်ညှိနှိုင်း ဆောင်ရွက်ပေးသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လက်ရှိ ပြည်သူများ၏ လူနေမှုဘဝဖြတ်သန်းမှုပုံရိပ်များကို သိမြင်ခွင့်ရရှိခဲ့ပြီး ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဖြေကြားပေးနိုင်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ် ဦးတိုးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ဝိုင်းမော်

လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ကျင်းပသည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂ ရက်က မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆမားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ထိုက်က အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုနွယ်ဌေးဝင်းက ဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်လီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လေးမြင့်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသိန်းမြို့၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်ပြေစံ၊ AHRN မှ ဆေးဘက်ဆိုင်ရာညှိနှိုင်းရေးမှူး ဒေါက်တာစုစုအောင်၊ မြို့မိမြို့ဖ ဦးကြည်ထွန်းတို့က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ မူးယစ်ဆေး ဝါးသုံးစွဲမှုကြောင့် လူမှုဘဝအခြေအနေ ကြေကွဲဖွယ် သာဓကဖြစ်ရပ်များကို ဟောပြောဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

"အခုလိုပြည်သူ့စကားဝိုင်းမှာ ပါဝင်ခွင့်ရတဲ့အတွက် ဗဟု သုတ အများကြီး ရပါတယ်၊ ပြီးတော့ ရှောင်ကြဉ်ရမယ့်ဟာ တွေပေ့ါ၊ ဗဟုသုတအများကြီးရပါတယ်၊ နောက်ကြုံရင် လူငယ်တွေကို အများကြီးတက်စေချင်ပါတယ်"ဟု အထက(၂) ကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်အေးမြင့်ခိုင်က ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဖန်းမောက်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန်လနောက်ဆုံးပတ်က မြို့နယ်ပညာရေးမှူးရုံးရှိ ရွှေပေလွှာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဖန်းမောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ မြို့နယ်စီမံခန့်ခွဲရေးဥက္ကဋ္ဌ ဦးအေးမင်းနှင့် တိုင်းဒေသကြီး အမှတ် (၁) မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေတို့က အမှာစကားပြောကြားခဲ့ပြီး ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားမှုကို ရှင်းလင်းခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများက မိမိတို့၏ ကျေးရွာများတွင် မူလတန်းကျောင်းများရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ရေမြောင်းများဖောက်လုပ်ပေးရေး၊လမ်းပိုင်းများ ပြုပြင်ပေးရေး၊ ကျေးလက်ဆေးပေးခန်းများရရှိရေး၊ ပြောင်းရွှေ့ ရွာ ခြောက်ရွာအတွက် KG ကျောင်းဆောင်နှင့် ကျောင်းဝင်း ခြံစည်းရိုးများရရှိရေး၊ ရေခွန်ကောက်ခံခြင်း၊ ပုံစံ(၆၆)နှင့် မှတ်ပုံတင်များ ဆောင်ရွက်ပေးနိုင်ရေးစသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**လှအောင်(ကသာ)**

---

*စာမျက်နှာ ၆ မှအဆက်*

ထိုမိန့်ခွန်းမှ အချို့ကိုကောက်နုတ်ဖော်ပြရလျှင် "အဲဒီတော့ ကျွန်တော် နိဂုံးမချုပ်ခင် ဆန့်ကျင်ဘက်ဂိုဏ်းသားတွေကို တိတိလင်းလင်းသတိပေးလိုတယ်။ နိုင်ငံရေးအာဏာကို တရားသောနည်းများထဲက မည်သည့်နည်းနှင့်မဆို တရားအတိုင်းလုပ်ကြပါ။ ဒီလိုမှမဟုတ်ဘဲ မစားရတဲ့အမဲ သဲနှင့်ပတ်သည့်အနေမျိုးဖြင့် တိုင်းပြည်ကြီးကို မှောက်အောင် လုပ်ပစ်မယ် ဆိုရင် လူထုရဲ့အကျိုးကို မျှော်ကိုးသောအားဖြင့် အဲဒီတိုင်းပြည် မှောက်သွားအောင် ကြိုးပမ်းနေတဲ့လူတွေကို ကျွန်တော်တို့က အစွမ်းကုန်ချရမှာပဲဆိုတာ တိတိလင်းလင်း သတင်းပေးလိုက်ပါတယ်" ဟုဆိုကာ တိုင်းပြည်နှင့်လူမျိုးအတွက်မည်သူ့ကိုမျှ ညှာမည်မဟုတ်ကြောင်းကို အတိအလင်း သတိပေးပြောကြားသွားခဲ့သည်။

**လိမ်လည်လှည့်ဖြားရေးသားလျှင် သည်းခံမည်မဟုတ်**

ထို့အပြင် ဗိုလ်ချုပ်သည် ၁၉၄၇ ခုနှစ် ဧပြီလ ၁၇ ရက်နေ့ မြန်မာနှစ်ဆန်းတွင် တိုင်းပြည်သို့ နှစ်သစ်ကူးမိန့်ခွန်းပြောကြားခဲ့ရာ၌ "အတိုက်အခံသမားများကို ပြောချင်တယ်။ အသရေပျက်မှုဖြစ်စေတဲ့ စကားမျိုးကလွဲလျှင် တရားဥပဒေအတွင်း ဟုတ်ဟုတ် မဟုတ်ဟုတ် ဆဲချင်တာ ဆဲနိုင်တယ်။ ဝေဖန်ချင်တာဝေဖန်နိုင်တယ်။ အသရေပျက်မယ့်စကားမျိုးကို မခံနိုင်ဘူး။ ညစ်ပတ်တဲ့အကြံကလွဲလျှင် တရားသဖြင့် ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် အာဏာကိုလုဖို့တွေး၍လုပ်နိုင်တယ်။ ဆူပူနိုင်တယ်။ မတရားသဖြင့် ဆူပူလုပ်ကိုင်ခိုင်းလျှင် သည်းခံနိုင်မှာ မဟုတ်ဘူး။ သတင်းစာတွေလည်း ပြောလိုက်မယ်။ ကျုပ်တို့ ဘယ်လိုအစိုးရလဲဆိုတာ သိစေချင်တယ်။ ဆိတ်ငုံးစေ့ သတင်းစာလည်းလုပ်ချင်လုပ်ကြ။ သို့သော် အစိုးရကို အကြည်ညိုပျက်စေချင်တဲ့ စကားမျိုး၊ တိုင်းပြည်ဆူပူလှုပ်ရှားစေမယ့်စကားမျိုး၊ မဟုတ်မမှန် လိမ်လည်လှည့်ဖြားရေးတဲ့ဟာမျိုးတွေကို သည်းခံမှာမဟုတ်ဘူး" ဟုဆိုပြီး ပြတ်ပြတ်သားသားသတိပေးပြောကြားသွားခဲ့သည်။

**မေတ္တာနှင့်သစ္စာကို ရှေ့ထားပြီးအုပ်ချုပ်မယ်**

အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်သည် ၁၉၄၇ ခုနှစ် ဧပြီလအတွင်း မွေးရပ်မြေနတ်မောက်မြို့သို့ သွားရောက်ခဲ့ပြီး နယ်မြေအခြေအနေကို လေ့လာခဲ့သည်။ ထို့နောက် ဒီပင်္ကရာကျောင်းဝိုင်းအတွင်း ကျင်းပသော လူထုအစည်းအဝေးကြီး၌ မိန့်ခွန်းပြောကြားခဲ့ရာတွင် "ကျုပ်က မေတ္တာနှင့် သစ္စာကိုရှေ့ထားပြီး အုပ်ချုပ်မယ်။ တကယ်လို့ကောင်းတယ် မှန်တယ်ထင်လို့ရှိလျှင် အသက်စွန့်ရဲတယ်။ လူတွေဟာ မသိရင်ကြောက်တယ်။ ရဲသော်မသေ သေသော်ငရဲမလားလို့ ယောအတွင်းဝန် ဦးဘိုးလှိုင်က ပြောဖူးတယ်။ ရဲရဲရင့်ရင့် သစ္စာသမာဓိနှင့် လုပ်လျှင် အောင်မြင်မှာပဲ၊ ခေါင်းဆောင်ဟာ မခိုမကပ်ဘဲ လုပ်မယ်ဆိုလျှင် အောင်မှာပဲ၊ ကိုယ့်တပ်လုံးရင် တခြားက လာမတိုက်နိုင်ဘူး"ဟုဆိုသော ပြောကြားချက်များသည် ရဲရဲတောက်မိန့်ခွန်းပင်ဖြစ်သည်။

**ဒီမိုကရေစီအစိုးရဆိုသည်မှာ**

တိုင်းပြည်အတွင်း ရွေးကောက်ပွဲများကျင်းပပြီးနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လွှတ်တော်သို့ မတင်သွင်းမီ ၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ပြုလုပ်သည့် ဂျူဗလီဟောညီလာခံကြီး၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသို့ ဗိုလ်ချုပ်ပြောကြားခဲ့သည့် မိန့်ခွန်းအနက်မှ အချို့ကိုကောက်နုတ်ဖော်ပြရလျှင် "ဒီပဋိပက္ခဖြစ်တာတွေကို ကြီးတဲ့အမှုငယ်အောင်၊ ငယ်တဲ့အမှု ပလပ်အောင်လုပ်ဖို့ဆိုပြီးတော့ အစိုးရဆိုတာတွေကို လူတွေက တင်မြှောက်တယ်။ တင်မြှောက်တုန်းကတော့ လူတွေကပဲ။ ဒါပေမယ့် နောက်ကျတော့ လူ့အထက်ရောက်သည်ထက်ရောက်ပြီး လူတွေအထဲကပေါ်ခဲ့တဲ့အစိုးရဟာ မိုးကျရွှေကိုယ် ဘဝရောက်သွားတယ်။ အဲဒီဘဝကစပြီး အစိုးရဆိုတာ လူတွေက အာဏာအပ်လို့ဖြစ်တာပါလားဆိုတဲ့ သဘာဝဟာ လုံးလုံးပျောက်သွားတယ်။ လူတွေကတင်မြှောက်ပြီး လူတွေရဲ့အကျိုးကိုလုပ်တဲ့ လူတွေရဲ့ အစိုးရသာလျှင် ဒီမိုကရေစီဖြစ်နိုင်မယ်။ အခြားဟာတွေ ဒီမိုကရေစီအစစ်မဖြစ်နိုင်ဘူး။ အတုတွေသာ ဖြစ်တယ်" ဟုဆိုကာ ပြောကြားသွားသည်မှာ အားလုံးအတွက် သင်ခန်းစာယူသင့်သည့် သတိပေးစကားများပင်ဖြစ်သည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်မှုမရှိလျှင်**

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမကြီး၌ ပြုလုပ်သော ပြည်သူ့အစည်းအဝေးကြီးတွင် တိုင်းပြုပြည်ပြုလွှတ်တော်ပုံသဏ္ဌာန်နှင့် လွတ်လပ်ရေးကို တစ်နှစ်အတွင်းရစေရန် အာမခံကြောင်း၊ လွတ်လပ်ရေးရလျှင် အလုပ်ကြိုးစားလုပ်စေလိုကြောင်း တိုင်းပြည်သို့မိန့်ခွန်းရှည်ကြီး ပြောကြားသွားခဲ့သည်။ ထိုမိန့်ခွန်းသည် တိုင်းပြည်နှင့်လူမျိုးအတွက် နောက်ဆုံးမိန့်ခွန်းပင်ဖြစ်သည်။

ထိုမိန့်ခွန်းမှအချို့ကို ကောက်နုတ်ဖော်ပြရလျှင် "လွတ်လပ်ရေး ဆိုတာဟာ ကိုယ်တစ်ဦးတစ်ယောက် ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးသားလုံးကောင်းစားဖို့ဖြစ်စေလုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့၊ အခြားလူတွေ့ရဲ့အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ။ ပဒေသာပင်ပေါက်အောင်ဆိုရင် အလုပ်လုပ်မှ ဖြစ်မယ်ဆိုတာ ခင်ဗျားတို့နားလည်စေချင်တယ်။ အဲဒီတော့ လွတ်လပ်ရေးရပင်ရသော်ငြားလည်း လွတ်လပ်ရေးရဲ့ တာဝန်တွေကို ကျွန်တော်တို့က မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရဲ့ ရတဲ့လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး မနက်ဖြန်ခါ တခြားလက်ပြန်ပါသွားမှာပဲဆိုတာ ခင်ဗျားတို့ သိစေချင်တယ်။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး၊ အဲဒီညီညွတ်ရေးနှစ်ခုမရှိသမျှ ကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင်လွတ်လပ်သော်ငြားလည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ်။ ဒီသည်တိုင်းပြည်ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်" ဟူ၍ တိုင်းပြည်၏ လွတ်လပ်ရေးအရေးပါပုံနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အရေးကြီးပုံတို့အား အနာဂတ်ကိုမြော်တွေးပြီး ပြောကြားသွားခဲ့သည်မှာ ယနေ့တိုင်ရှင်သန်နေသော ပြောင်မြောက်သည့်စကားများပင် ဖြစ်သည်။

**သစ္စာ၊ မေတ္တာနှင့်စေတနာများ**

ဆိုခဲ့ပါ ကောက်နုတ်ချက်များသည် တိုင်းပြည်နှင့်လူမျိုးအပေါ်ထားရှိသော ဗိုလ်ချုပ်၏ စစ်မှန်သည့် သစ္စာ၊ မေတ္တာနှင့်စေတနာများဖြစ်ကြသည်။ ပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များသည် ထိုမိန့်ခွန်းများတွင်ပါရှိသော လမ်းညွှန်ချက်များအတိုင်း လိုက်နာကျင့်ကြံဆောင်ရွက်သွားမည်ဆိုလျှင် တိုင်းပြည်ငြိမ်းချမ်းရေးနှင့်အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် အပြုသဘောဆောင်သော စိတ်ဓာတ်ခွန်အားများရရှိစေမည်ဖြစ်သည်။ စင်စစ်အားဖြင့် တိုင်းပြည်၏အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ လက်ဝယ်တွင် ရှိနေသည်။ ထို့ကြောင့် လူငယ်များသည် ခွန်အားရှိသောစာပေများကို လေ့လာဖတ်ရှုပြီး လူ့အသိုက်အဝန်းကိုအကျိုးပြုအောင် ဆောင်ကြဉ်းဖော်ဆောင်သွားသင့်ပေသည်။ သို့မှသာလျှင် အနာဂတ်မြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် တင့်တယ်ခိုင်မာစွာရပ်တည်နိုင်မည် ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် တပ်မတော်၏ ဖခင်၊ လွတ်လပ်ရေးဗိသုကာ အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသားဘဝမှသည် စစ်သေနာပတိဗိုလ်ချုပ်နှင့် အမျိုးသားခေါင်းဆောင်ကြီးဖြစ်လာသည်အထိ တိုင်းပြည်လွတ်လပ်ရေးအတွက် နေ့မနား၊ ညမအား ကြိုးပမ်းဆောင်ရွက်သွားခဲ့သည်။ အသက် ၃၂ နှစ်ကျော်ကာလအတွင်း တိုင်းပြည်အတွက် တာဝန်များကို အသက်ပေးထမ်းဆောင်နေသည့်ကြားမှပင် ပြည်သူများသို့လည်း မူဝါဒများ၊ ညွှန်ကြားချက်များ၊ တိုက်တွန်းချက်များ၊ သတိပေးချက်များ၊ ပန်ကြားချက်များကို စဉ်ဆက်မပြတ် ပြောကြားသွားခဲ့သည်။ ဗိုလ်ချုပ်ပြောကြားခဲ့သော လမ်းညွှန်မှာကြားချက်များသည် တိုင်းရင်းသားပြည်သူများ၏ နှလုံးသားဝယ်နက်ရှိုင်းစွာ အစဉ်ကိန်းအောင်းလျက်ရှိသည့်အပြင် ကမ္ဘာတည်နေသရွေ့လည်း မေ့ပျောက်လို့မရနိုင်သည့် ထာဝစဉ်တည်တံ့နေမည့် သစ္စာ၊ မေတ္တာနှင့်စေတနာတို့ လွှမ်းခြုံနေသော စကားများပင်ဖြစ်သည်။ နိုင်ငံသူနိုင်ငံသားအားလုံးအနေဖြင့် ဗိုလ်ချုပ်၏ ထိုစကားများအတိုင်းသာ လိုက်နာကျင့်ကြံပြုမူနေထိုင်သွားမည်ဆိုလျှင် အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းသည် ထာဝရစည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာဝပြောနေမည်မှာ အသေအချာပင်ဖြစ်ပေတော့သည်။ ။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံ တတိယအစည်းအဝေး၌ သတင်းရယူကြမည့် ပြည်တွင်း/ပြည်ပ မီဒီယာသမားများ မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ Website ဖြစ်သော www.moi.gov.mm တွင် Union Peace Conference – 21st Century Panglong (Third Session) ကို နှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး မှတ်ပုံတင်ပြုလုပ်ခြင်းကို ဇူလိုင် ၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို ဇူလိုင်လ ၁၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာ သတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပ အခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းထောက်များ ဝင်/ထွက်ခွင့် ရရှိရေးအတွက် သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၃၄၁၂၁၂၅ နှင့် ၀၆၇- ၃၄၁၂၁၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**သတင်းစဉ်**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
UNFPA
ကမ္ဘာ့လူဦးရေနေ့
"လူ့အခွင့်အရေးအခြေခံလို့ မိသားစုစီမံကိန်းဖော်ဆောင်စို့"
"Family Planning is a Human Right"
၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအတွက် နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

◆ *ကျောဖုံးမှ*

စီးပွားရေးကဏ္ဍ လုပ်ငန်းကော်မတီဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ဦးလှမောင်ရွှေက "ကျွန်တော်တို့ စီးပွားရေးကဏ္ဍအနေနဲ့ အရင်တစ်ပတ် အချက် ၃၇ ချက်မှာတုန်းက အချက် ၁၁ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)အနေနဲ့ တင်သွင်းနိုင်ခဲ့ပါတယ်။

"အခုအကြိမ်မှာ စီးပွားရေးကဏ္ဍအနေနဲ့ အချက် ၁၀ ချက်ကျော်ကို တင်သွင်းနိုင်ဖို့ ရည်ရွယ်ထားပါတယ်။ အခုအထိ ဆွေးနွေးနေတဲ့ အခြေအနေအရ အချက် ၁၅ ချက်လောက်ကို UPDJC ကို တင်နိုင်မယ်။ ဒါပေမယ့် ညီလာခံကို အချက် ဘယ်နှချက် တင်သွင်းရမလဲဆိုတာကို UPDJC က ဆုံးဖြတ်မှာဖြစ်ပါတယ်" ဟု ပြောသည်။

လုပ်ငန်းကော်မတီ ဆွေးနွေးပွဲများအတွင်း ကဏ္ဍအလိုက် ဆွေးနွေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အဓိကကတော့ ပြီးခဲ့တဲ့ UPDJC မှာ ကျွန်တော်တို့ ဆုံးဖြတ်လိုက်တယ်။ အထူးသဖြင့် နိုင်ငံရေးကဏ္ဍနဲ့ ပတ်သက်လို့ ခေါင်းစဉ်နှစ်ခုတင်တယ်။ ပထမတစ်ချက်က တိုင်းရင်းသားလူနည်းစု အခွင့်အရေး၊ ဒုတိယအချက်က ဒီမိုကရေစီ လူ့အခွင့်အရေးနဲ့ ကျား၊ မ တန်းတူရေး တို့ ဖြစ်ပါတယ်။ ဒီနှစ်ချက်ကို UPDJC မှာ ကျွန်တော်တို့ အကြိတ်အနယ် ဆွေးနွေးကြပါတယ်။

"လူနည်းစုကိစ္စအပေါ်မှာ သဘောတူညီချက်မရဘူး။ တိုင်းရင်းသားလူနည်းစုနဲ့ အခြားလူနည်းစုပါ။ ဒီအပေါ်မှာ အဓိပ္ပာယ်ဖွင့်ဆိုတဲ့ အခါမှာလည်း နိုင်ငံရေးကဏ္ဍမှာ တော်တော်လေး အပြင်းအထန် ပြောရပါတယ်။ ဒီလိုပြောရတဲ့အတွက် အခုညီလာခံမှာ အဲဒီကိစ္စကို မဆွေးနွေးသေးပါဘူး။ ကျွန်တော်တို့အနေနဲ့ ဘာတွေရသွားလဲဆိုရင် အဓိက ကျွန်တော်တို့က ငြိမ်းချမ်းရေးညီလာခံကိုစပြီး ဦးတည်တာက ဖက်ဒရယ်မူဘောင်ဖြစ်ပါတယ်။ ဖက်ဒရယ်မူဘောင်တွေ မပြတ်သေးပါဘူး။ မပြတ်သေးတဲ့အတွက် ဒီမိုကရေစီ အခြေခံမူတွေကျန်ပါသေးတယ်။ အဲဒီတော့ ဒီမိုကရေစီနဲ့ ပတ်သက်တဲ့ အခြေခံမူတွေကို ကျွန်တော်တို့က ဆွေးနွေးဖို့ မူလက ဦးတည်ထားတာမရှိဘူး။ မရှိတော့ ဒီမိုကရေစီအခွင့်အရေးတွေ၊ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးတွေပေါ်မှာလည်း စကားလုံးအရ အကျေအလည်မရဘူး၊ မရတော့ နောက်ဆုံးတစ်ချက်က နိုင်ငံရေးကဏ္ဍမှာတော့ ကျား၊ မ တန်းတူရေးနဲ့ ပတ်သက်ပြီးတော့ သဘောတူညီချက်ရအောင် ဆွေးနွေးမယ်။ ကျန်တဲ့ကဏ္ဍတွေကတော့ သိပ်ပြီးများများစားစား အငြင်းပွားစရာမရှိဘူး။ စီးပွားရေးနဲ့ မြေယာကဏ္ဍတွေကလည်း ထွက်သင့်သလောက် ထွက်မယ်။ လူမှုရေးကလည်း မူလက သဘောတူထားတာ ၆ ချက်ရှိတယ်။ အခုသုံးရက်မှာလည်း ထပ်ဆွေးနွေးဖို့ရှိတယ်။ မူလမှန်းထားတာကတော့ ၁၀ ချက်လောက်ကို လူမှုရေးကဏ္ဍက တင်နိုင်အောင်ကြိုးစားမယ်လို့ ဆုံးဖြတ်ထားတယ်။ ဘာကြောင့်လဲဆိုတော့ ဒီညီလာခံမှာ နိုင်ငံရေးကဏ္ဍမှာ သဘောတူညီချက်က နည်းမယ့်သဘောရှိတဲ့အတွက် ကျန်တဲ့ကဏ္ဍတွေကနေ သဘောတူညီချက်တွေ အများဆုံးရအောင် ကြိုးပမ်းသွားမယ်လို့ ဆုံးဖြတ်ထားတယ်"ဟု ပြောသည်။

ယနေ့ဆွေးနွေးပွဲများသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၊ ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ လုပ်ငန်းကော်မတီဝင်များ၊ အကျိုးဆောင်များနှင့် အထောက်အကူပြုကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီဆွေးနွေးပွဲများကို ဇူလိုင် ၆ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေး အလှူငွေလှူဒါန်း

**မန္တလေး ဇူလိုင် ၄**

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရေးတို့ကို ရည်သန်၍ ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်းတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၏ မတည်လှူဒါန်းမှု၊ ခုနစ်ရက်သားသမီးအလှူရှင်များ၏ ကောင်းမှုဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော်ကြီးကို တည်ထားလျက်ရှိသည်။ စေတီတော် တည်ဆောက်ရေးလုပ်ငန်းအတွက် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရေကြည်ပေါက်ကျေးရွာနေ ဒေါ်သင်း၊ ဒေါ်စိန်ပု၊ ဒေါ်စိန်ဌေး ညီအစ်မတစ်စုနှင့် မြေး ကိုဉာဏ်ဟိန်းအောင် မိသားစုတို့က အလှူငွေကျပ် သုံးသိန်းနှင့် ဒေါ်မြင့်မြင့်ဦး မိသားစုတို့က အလှူငွေကျပ် ငါးသောင်းကို ရေကြည်ပေါက်ကျေးရွာနေ ဒေါ်သင်း၏ နေအိမ်၌ ပေးအပ်လှူဒါန်းရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ညွှန်ကြားရေးမှူး ဦးကျော်စိန်ဝင်း(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သိန်းဦးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(ဓါတ်ပုံ)**



လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)ညွှန်ကြားရေးမှူး ဖုန်း ၀၉-၂၀၀၀၁၀၀၊ ဒုတိယညွှန်ကြားရေးမှူး ၀၉-၄၂၇၀၇၂၅၇၄ နှင့် လက်ထောက်ညွှန်ကြားရေးမှူး ၀၉-၂၀၀၀၇၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## မန္တလေးမြို့တွင် အများပြည်သူသုံး သန့်စင်ခန်းများ ဆောက်လုပ်သွားမည်

**မန္တလေး ဇူလိုင် ၄**

မန္တလေးမြို့တွင် အများပြည်သူသုံး သန့်စင်ခန်းအိမ်သာများကို ဆောက်လုပ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အများပြည်သူသုံး သန့်စင်ခန်းအိမ်သာတစ်လုံးကို အများပြည်သူ လမ်းလျှောက်ခြင်း၊ နိုင်ငံခြားသားခရီးသွား သွားလာမှုများသည့် ကျုံးတောင်ဘက် ၂၆ လမ်း လမ်း ၇၀ တွင် ဆောက်လုပ်ပြီးဖြစ်ကာ မကြာမီ ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"အခု တစ်လုံး ဆောက်လုပ်ပြီးဖြစ်တယ်။ အိမ်သာကိုရော အိမ်သာမှာခန့်မယ့် ဝန်ထမ်းကိုပါ အမည်မဖော်လိုတဲ့ အလှူရှင်ကပဲ လုပ်ဆောင်သွားမှာဖြစ်တယ်။ မန္တလေးမြို့မှာ ဒီလို အများသုံးအိမ်သာတွေကို ထပ်ပြီး ဆောက်လုပ်သွားမှာပါ" ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

သန့်စင်ခန်း အိမ်သာများကို မန္တလေးမြို့ စွယ်တော်ကုန်တင်ကားကွင်းတွင် အများပြည်သူသုံး အိမ်သာ ထပ်မံဆောက်လုပ်မည်ဖြစ်ပြီး ကားသမားများ အသုံးပြုမည်ဖြစ်သည့်အတွက် ရေချိုးခန်းပါ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထပ်မံ၍ ကျုံးအရှေ့ဘက် အလုပ်သမားဆေးရုံအနီးနှင့် မြောက်ဘက် လူငယ်သင်တန်းကျောင်းအနီးတွင် ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး ကျုံးအနောက်ဘက်တွင် ဆောက်လုပ်မည့်နေရာရှာတွေ့ပါက ဆောက်လုပ်ရန် အလှူရှင်အသင့်ရှိကြောင်း ဦးကျော်ဆန်းမြင့်က ထပ်မံပြောကြားသည်။

အများပြည်သူသုံး အိမ်သာတွင် အမျိုးသား၊ အမျိုးသမီးသုံးအပြင် မသန်စွမ်းများ ဝှီးချဲဖြင့် သွားနိုင်ရန် အတွက်လည်း လုပ်ဆောင်ပေးထားပြီး ယခုလို အများပြည်သူသုံး အိမ်သာ ဆောက်လုပ်ခြင်းသည် ပထမဆုံးအကြိမ် လုပ်ဆောင်ခြင်းဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**သူရိန်လင်း(MDN)**



### မြစ်ကြီးနားမြို့ ရုံးကြီးလမ်း အပေါက်များ ဖြစ်နေမှုကြောင့် ယာဉ်သွားရန်အခက်တွေ့

**မြစ်ကြီးနား ဇူလိုင် ၄** -ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရုံးကြီးလမ်းရှိ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးရှေ့ကတ္တရာလမ်း အပေါက်ကြီး အပေါက်ငယ်များဖြစ်နေခြင်းကြောင့် ကားများ၊ ဆိုင်ကယ်နှင့်စက်ဘီးများ မောင်းနှင်ရာတွင် အခက်အခဲများ ဖြစ်နေကြောင်း၊ ယာဉ်တိုက်မှုမဖြစ်စေရန် သက်ဆိုင်ရာမှ ပြုပြင်ပေးစေလိုကြောင်း သိရသည်။ "မိုးတွင်း မိုးရေတွေက ချိုင့်ခွက်တွေထဲ ပြည့်နေတယ်။ အမှုမဲ့အမှတ်မဲ့ မောင်းသွားရင် ကားဘီးက ချိုင့်ခွက်ထဲကျတော့ လမ်းလျှောက်သွားတဲ့လူတွေနဲ့ ဆိုင်ကယ်တွေ ရေတွေစင်ကုန်တယ်"ဟု အနီးနေသူတစ်ဦးက ပြောသည်။ ၀၇၇

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဂျာမနီနိုင်ငံ ဂိုတင်ဂန်တက္ကသိုလ်မှ ဒါရိုက်တာနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် Georg-August-Universitat Gottingen (University of Gottingen) မှ Director , Professor Dr. Christoph Kleinn နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံဆွေးနွေးရာ၌ ရေဆင်းသစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်အပါအဝင် မန္တလေး၊ မော်လမြိုင်နှင့် မြိတ်တက္ကသိုလ်တို့နှင့် European University များဖြစ်သော ဩစတြီးယားနိုင်ငံ University of Natural Resources and Life Science (BOKU)၊ ဂျာမနီနိုင်ငံ University of Gottingen (UGOE) နှင့် စပိန်နိုင်ငံ University of Extremadura (UEx) တို့ ပူးပေါင်းဆောင်ရွက်မည့် မြန်မာအဆင့်မြင့်ပညာရေးကဏ္ဍတွင် ပတ်ဝန်းကျင်ဆိုင်ရာ ပညာရေးကို နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ သင်ကြားသွားနိုင်ရေး လုပ်ငန်းစီမံကိန်းအရ ဆောင်ရွက်မည့်လုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ သင်ရိုးညွှန်းတမ်းအသစ်ရေးဆွဲခြင်း၊ သင်ကြားမှုကိရိယာများ၊ ကျွမ်းကျင်မှုသင်တန်းများပေးခြင်းနှင့် သင်ရိုးညွှန်းတမ်းအား စမ်းသပ်သင်ကြားခြင်း၊ တက္ကသိုလ်များမှ သင်ကြားရေးဝန်ထမ်းများအား ICT အပါအဝင် နည်းပညာနှင့်ကျွမ်းကျင်မှုဆိုင်ရာ ပြည်တွင်း၊ ပြည်ပ သင်တန်းများ ပို့ချပေးခြင်း၊ တက္ကသိုလ်လေးခုတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး မဟာဘွဲ့သင်တန်းသားများအား သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းစီမံကိန်း အောင်မြင်စေရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် အင်ဒိုနီးရှားသံအမတ်ကြီးနှင့် Global Grand Group မှ ဥက္ကဋ္ဌနှင့် အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ



**စစ်တွေ ဇူလိုင် ၄**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး H.E. Prof. Dr. Iza Fadri (ဝဲပုံ)နှင့် Global Grand Group ဥက္ကဋ္ဌနှင့်အဖွဲ့တို့အား ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

အင်ဒိုနီးရှားသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ဝန်ကြီးချုပ်က အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သောအရေးကိစ္စများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အစိုးရအဖွဲ့အနေဖြင့် အကြံဉာဏ်နှင့် အကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အင်ဒိုနီးရှားသံအမတ်ကြီးက မြောက်ဦးမြို့နယ် မြောင်းတွေကျေးရွာတွင် အင်ဒိုနီးရှားနိုင်ငံမှ ဆောက်လုပ်လှူဒါန်းသည့် အထွေထွေရောဂါကုဆေးရုံ တည်ဆောက်ရေးလုပ်ငန်းများမှာ ၅၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ ယခုနှစ် နိုဝင်ဘာလတွင် ရာနှုန်းပြည့် ပြီးစီးမည်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံမှ အကြီးအကဲတစ်ဦး လာရောက်ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် Global Grand Group ဥက္ကဋ္ဌ ဦးသိန်းထွေးနှင့် အဖွဲ့အားတွေ့ဆုံစဉ် Global Grand Group ဥက္ကဋ္ဌက ကျိုက်ဖြူလိုက်ကမ်းခြေ အပန်းဖြေဟိုတယ် တည်ဆောက်နိုင်ရေးအတွက် စီမံကိန်းရေးဆွဲထားမှု၊ မြေယာများဝယ်ယူထားရှိမှု၊ ရင်းနှီးမြှုပ်နှံနိုင်မှု၊ ကမ်းခြေအပန်းဖြေစခန်းနှင့်အတူ ဆက်စပ်ဆောင်ရွက် အကောင်အထည်ဖော်သွားနိုင်မည့် လုပ်ငန်းအစီအစဉ်များ၊ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်သွားရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့်အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကောင်းမွန်သောအကြံဉာဏ်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အောင်သူရ၊ ဟန်လင်းနိုင်**

# မီဒီယာနှင့် ပြည်သူ့ဆက်ဆံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်တွင် ကျင်းပ

နေပြည်တော် ဇူလိုင် ၄

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Konrad Adenauer Stiftung Ltd. (KAS) တို့ ပူးပေါင်းကျင်းပသည့် မီဒီယာဆက်ဆံရေးနှင့် ပြည်သူ့ဆက်ဆံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း(**ယာပုံ**)နှင့် KAS Ltd. မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr.Norbert Eschborn တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အတူ Adenauer Stiftung (KAS) မှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဖွင့်အမှာစကား ပြောကြားရာတွင် ဒုတိယဝန်ကြီးက ယခုတစ်ကြိမ် ပြန်ကြားရေးဝန်ကြီးဌာနနှင့် KAS တို့ပူးပေါင်းပြုလုပ်သည့် ယခုသင်တန်း၏ ထူးခြားချက်မှာ သင်တန်းသူ၊ သင်တန်းသားအားလုံးက ပြန်ကြားရေးဝန်ကြီးဌာနမှ အလယ်အလတ်အဆင့်ရှိသည့် အရာရှိများဖြစ်ပြီး ဆွေးနွေးပို့ချမည့်အကြောင်းအရာမှာ ပြည်သူ့ဆက်ဆံရေးနှင့် မီဒီယာဆက်ဆံရေးဆိုင်ရာကိစ္စများ ပါဝင်ကြောင်း။

"ကျွန်တော်တို့ နိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ စိန်ခေါ်မှုတွေအများကြီး တွေ့ကြုံနေရပါတယ်။ အဓိကကတော့ နိုင်ငံတကာရဲ့ ဖိအားပေးမှုတွေ ဖြစ်ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းဟာ နိုင်ငံတစ်ခုခုအပေါ်မှာ အရေးကြီးတဲ့ မူဝါဒတွေ ချမှတ်တဲ့အခါမှာ ဩဇာကြီးမားတဲ့ နိုင်ငံတကာမီဒီယာကြီးတွေရဲ့ ရေးသားဖော်ပြချက်တွေအပေါ် အခြေခံလေ့ရှိကြပါတယ်။

"ဒါကြောင့် မီဒီယာရဲ့ သဘောသဘာဝကို ထဲထဲဝင်ဝင်နားလည်ပြီး မီဒီယာတွေနဲ့ စနစ်တကျဆက်ဆံဖို့ အချိန်ကျရောက်လာပါပြီ" ဟု ပြောကြားခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲမှရရှိသည့် ဗဟုသုတများကို တိုင်းပြည်အတွက် အကျိုးအရှိဆုံးဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းခဲ့သည်။



နှစ်ရက်ကြာကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ အရာရှိ ၁၉ ဦး တက်ရောက်လျက်ရှိသည်။

**သတင်းစဉ်**

## ဒက္ခိဏသီရိမြို့နယ်၌ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာအောင်ဆု ချီးမြှင့်

**လယ်ဝေး ဇူလိုင် ၄**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ထန်းတပင်တောရ ဆုတောင်းပြည့်ကျောင်းတိုက်၌ ဇူလိုင် ၂ ရက် မွန်းလွဲ ၁ နာရီက (၃၅)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ စာအောင်ဆုများချီးမြှင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ ဒက္ခိဏသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ညောင်ကုန်းဆရာတော်မှ ဩဝါဒကထာ ချီးမြှင့်သည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သုံးဘာသာအောင် ၁၆ ဦး၊ နှစ်ဘာသာအောင် ၂၄ ဦး၊ တစ်ဘာသာအောင် ၁၀၄ ဦး စုစုပေါင်း ယဉ်ကျေးမှုစာမေးပွဲအောင်မြင်သူ ၁၄၄ ဦးတို့ကို စာအောင်ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**


## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းနေမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနေသည်။

**မိုး/ဇလ**



## နေပြည်တော်တွင်တည်ဆောက်မည့် ရုပ်ရှင်စတူဒီယိုနှင့် ပတ်သက်၍ အသိပေးရှင်းလင်းပွဲသို့ တက်ရောက်နိုင်ပါရန် ဖိတ်ကြားခြင်း

၁။ မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေရန်၊ နေပြည်တော်နေ အများပြည်သူများ စိတ်အပန်းပြေမှုရရှိစေရန်၊ နေပြည်တော်သို့လာရောက်လေ့လာသူများဖြင့် စည်ကားစေရန်နှင့် ဖျော်ဖြေတင်ဆက်မှုများဖြင့် ပြည်သူများ စိတ်ဝင်စားစေရန် ရည်ရွယ်၍ နေပြည်တော်တွင် ခေတ်မီရုပ်ရှင်စတူဒီယိုကြီးတစ်ခု တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ရာ နေပြည်တော်၏ အချက်အချာကျမှု၊ ရှုခင်းများကောင်းမွန်မှု၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူမှု၊ ရုပ်ရှင်ရိုက်ကူးနိုင်မည့် အခင်းအကျင်းများ ပြည့်စုံကောင်းမွန်မှုတို့နှင့်ပတ်သက်၍ အသိပေးရှင်းလင်းပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ရာ ရုပ်ရှင်စတူဒီယိုတည်ဆောက်ရေးတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများနှင့် မီဒီယာများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

(က) နေ့ရက် - ၆-၇-၂၀၁၈ ရက် (သောကြာနေ့)
(ခ) အချိန် - ၁၀း၀၀ နာရီ
(ဂ) နေရာ - ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ရန်ကုန်မြို့

**ပြန်ကြားရေးဝန်ကြီးဌာန**



## ကာမိုင်း-ဖားကန့်သွား ကားလမ်းရေကျော်

**ကာမိုင်း ဇူလိုင် ၄**

ကာမိုင်း-ဖားကန့်သွားကားလမ်းမကြီးပေါ်ရှိ ကာမိုင်းမြို့နှင့် မအူပင်ကျေးရွာကြား ခြောက်မိုင် ကားလမ်းပေါ်သို့ ယနေ့ နံနက် ၉ နာရီခန့်မှစတင်၍ ရေများတက်လာခဲ့ရာ ရေအမြင့် တစ်ပေကျော်ခန့်ရှိလာပြီး ကားလမ်းအရှည် ပေ၂၀၀ကျော် အထိ ရေများဖုံးလွှမ်းခဲ့ကြောင်း သိရသည်။

ယင်းကားလမ်း ရေကျော်နေသည့်နေရာသို့ ခရီးသွား ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး အတွက် ခရီးသွားမော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များအား ကာမိုင်းမြို့အုပ်ချုပ်ရေးမှူး၊ နယ်မြေခံရဲစခန်းမှ စခန်းမှူးနှင့်တပ်ဖွဲ့ဝင်များ၊ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်၍ လမ်းပြဆောင်ရွက်ပေးလျက်ရှိရာ လမ်းပိုင်းပိတ်ဆို့မှုမရှိဘဲ ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

အဆိုပါရေကျော်နေမှုသည် ကာမိုင်းမြို့တွင် ရွာသွန်းသည့် မိုးကြောင့်မဟုတ်ဘဲ တနိုင်းမြို့နယ် မိုးရွာသွန်းမှုများမှ နန့်ကောင်းချောင်းရေ မြင့်တက်လာမှုကြောင့် ဖြစ်နိုင်ကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

ကာမိုင်းမြို့တွင် ဇူလိုင် ၂ ရက် ည ၁၀ နာရီခန့်မှ ယနေ့အထိ မိုးရွာသွန်းမှုမရှိဘဲ မိုးအုံ့သည့် အခြေအနေသာရှိနေကြောင်း သိရသည်။

**ကာမိုင်း (ပြန်/ဆက်)**

## တနိုင်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရပ်ကွက်အချို့၌ ရေများဝင်ရောက်လျက်ရှိ

**တနိုင်း ဇူလိုင် ၄**

တနိုင်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တနိုင်းချောင်းရေနှင့် ဆက်စပ်ချောင်းရေများ မြင့်တက်ခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် တနိုင်းမြို့၏ စိုးရိမ်ရေအမှတ် ၂၁ ပေအောက် ၁၈ ပေသို့ ရောက်ရှိနေသည်။

ဆင်မ်ဆာ့ရပ်ကွက်(အောက်ချိုင့်) (ကွက်သစ်)၊ ပုန်ခုန်းရပ်ကွက် (ကွက်သစ် )နှင့် အခြားမြေနိမ့်ပိုင်းနေရာများသို့ ချောင်းရေများဝင်ရောက်လျက်ရှိသော်လည်း လတ်တလောတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန်လိုအပ်မှုမရှိသေးသဖြင့် ချောင်းရေအခြေအနေအား စောင့်ကြည့်လျက်ရှိကြောင်း၊ တနိုင်း- ရှင်ဗွေယန် လီဒိုလမ်းမကြီး၏ အချို့နေရာများ သွားလာမှု အဆင်ပြေစေရန်အတွက် မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ၊ မီးသတ်အဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ရေကြီး၊ ရေကျော်မှုအခြေအနေများကြောင့် လူနေအိမ်များ၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ခန္တီးမြို့ရှိ ကွန်ကရစ်တံတားတစ်စင်း ပြိုကျ

**ခန္တီး ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ် အထက်ပိုင်းနှင့် ခန္တီးမြို့နယ်တွင် ဇူလိုင်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းနေပြီး တောင်ကျရေများ ဝင်ရောက်တိုက်စားမှုကြောင့် ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက် အလယ်တန်းကျောင်းရှေ့ရှိ ကွန်ကရစ်တံတားတစ်စင်း ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားသည် မြို့တွင်းနှင့် ဇီးဖြူကုန်းရပ်ကွက် အလယ်တန်းကျောင်း ပေါင်းကူးဆက်သွယ်ထားသည့် ကွန်ကရစ်တံတားဖြစ်ပြီး တံတားအောက်ခြေ ကျွံကျပျက်စီးနေသဖြင့် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ဆက်သွယ်သွားလာရေး ခက်ခဲလျက်ရှိရာ အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း သိရသည်။

**ချန်လော( ခန္တီး)**

## သဘာဝဘေးအန္တရာယ်ဖြစ်ပွား၍ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

**နေပြည်တော် ဇူလိုင် ၄**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီက မိုးရွာသွန်းမှုကြောင့် လှဘုံကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့ ဆက်သွယ်ထားသော မြေသားလမ်းပေါ်ရှိ မုန်ချောင်းတံတားပေါ်သို့ ရေလျှံကာ ကွန်ကရစ်တံတား ရေကာနှင့် ချဉ်းကပ်မြေသားလမ်း အလျား ၁၀ ပေခန့် ရေတိုက်စားပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့ နံနက် ၆ နာရီ ၁၀ မိနစ်က မိုးရွာသွန်းပြီး မြေပြိုကျမှုကြောင့် သံတောင်ကြီးမြို့ ၃ ရပ်ကွက်ရှိ နေအိမ်တစ်လုံး၏ မီးဖိုခန်း၊ အုတ်နံရံနှင့် ဘောဂလီမြို့ ၂ ရပ်ကွက် နေအိမ်၏နောက်ဘက် အုတ်စီမြေထိန်းနံရံတို့ ပြိုကျပျက်စီးခဲ့သည်။ ထို့အတူ ယင်းနေ့နံနက် ၇ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပုဏ္ဏားကျွန်းမြို့နယ်၊ အနောက်ဘက် ၁၁ မိုင်ခန့်အကွာရှိ စေတီပြင်ကျေးရွာနှင့် ကြိမ်သာကျေးရွာကြား ပုဏ္ဏားကျွန်း-ရသေ့တောင်သွား ကျောက်ချောလမ်းပေါ်၌ ရွှံ့ဗွက်များကြောင့် ၎င်းလမ်းပိုင်းအား ခေတ္တပိတ်ထားကြောင်းနှင့် ယင်းနေ့ညနေပိုင်းတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် မင်းပြားမြို့ အလယ်ပိုင်းရပ်ကွက်ရှိ မြို့မဈေးအတွင်းရှိ အမှတ် (K)ရုံအဆောင် လူသွားလမ်း အမိုးသွပ်များ အမိုးလန်ပျက်စီးခဲ့သဖြင့် ဆုံးရှုံးသွားကြောင်း သိရသည်။

**ကိုရဲ**

## ဂူအတွင်းပိတ်မိနေသော ထိုင်းကျောင်းသားများ ကျန်းမာရေးအခြေအနေကောင်းမွန်၊ အပြင်သို့ကယ်ထုတ်ရန် အချိန်ယူရဦးမည်ဖြစ်

**ချင်းရိုင် ဇူလိုင် ၄**

ထိုင်းနိုင်ငံမြောက်ပိုင်း ထမ်လွင်လိုဏ်ဂူအတွင်း ပိတ်မိနေသော ကျောင်းသား ၁၂ ဦးနှင့် ၎င်းတို့၏ဘောလုံးနည်းပြဆရာတို့ကို ရိုက်ကူးထားသော ဗီဒီယိုအသစ် ထွက်ပေါ်လာရာ ယင်းဗီဒီယိုထဲတွင် ကျောင်းသားများနှင့် နည်းပြဆရာ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း တွေ့ရသည်။ ကျောင်းသားများမှာ ပြုံးရွှင်လျက်ရှိပြီး တစ်ဦးချင်း မိတ်ဆက်ကြသည်ကိုလည်း တွေ့ရသည်။ ၎င်းတို့ ပျောက်ဆုံးမှုမှာ ကိုးရက်တာကြာမြင့်ပြီးနောက် တနင်္လာနေ့တွင် ကျောင်းသားများအားလုံးကို ပြန်လည်ရှာတွေ့ခဲ့ခြင်းဖြစ်ပြီး ယခုအခါ အစားအသောက်များနှင့် ဆေးဝါးကုသမှုများ ရရှိနေပြီဖြစ်သည်။

သို့သော် ၎င်းတို့အားလုံးကို အပြင်သို့ကယ်ထုတ်ရန်မှာ ကြာမြင့်ဦးမည်ဖြစ်သည်။ ဂူအတွင်း ရေများ ကျန်ရှိနေသေး၍ ရေပြန်ကျသည့်အချိန်ကို စောင့်ဆိုင်းခြင်း သို့မဟုတ် ကလေးများအားလုံးကို ရေငုပ်သင်ပေးခြင်း အစရှိသည်တို့ ဆောင်ရွက်မှုသာ ဂူအပြင်ပြန်ထွက်နိုင်မည့် အခြေအနေပင်ဖြစ်သည်။ ယခုအခါ ကလေးများအားလုံးကို ရေကူးနှင့် ရေငုပ်သင်ပေးလျက်ရှိပြီး ရေကျလာပြီး ရေစီးနေးသွားပါက ကလေးငယ်များကို အလျင်အမြန် ဂူအတွင်းမှ ကယ်ထုတ်နိုင်မည်ဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် ရေစီးသန်နေပြီး ဂူအတွင်းအချို့နေရာများမှာ ကျဉ်းမြောင်းလွန်းခြင်း၊ ရေနောက်ကျိသဖြင့် ရှေ့ကိုမြင်နိုင်ရန် ခက်ခဲခြင်း၊ ဂူအတွင်းလမ်းများမှာ ရှုပ်ထွေးလွန်းခြင်းတို့ကြောင့် ကယ်ဆယ်ရေးလုပ်ဆောင်ရာတွင် လူအင်အားများစွာအသုံးပြုရမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် Prawit Wongsuwan က သတင်းထောက်များကို ပြောသည်။ ကျောင်းသားများတွင် ရေမကူးတတ်သူများပါရှိရာ ၎င်းတို့ကို ရေငုပ်သင်ပေးရန် အချိန်ယူရဦးမည်ဖြစ်သည်။

ဗုဒ္ဓဟူးနေ့တွင် ရေငုပ်သမား ၃၀ ၊ ထိုင်းတပ်ဖွဲ့မှအရာရှိများနှင့် နိုင်ငံခြားသားလိုဏ်ဂူကျွမ်းကျင်သူ ၃၀ ခန့်တို့သည် ဂူအတွင်းဝင်ရောက်သွားသည်ကိုလည်း တွေ့ရသည်။ ဗုဒ္ဓဟူးနေ့တွင် ကျောင်းသားများကို ကယ်ထုတ်ရန် ဆောင်ရွက်ဦးမည်မဟုတ်ကြောင်း၊ သို့သော် ပြီးပြည့်စုံသည့် အစမ်းလေ့ကျင့်မှုကို လုပ်ဆောင်နိုင်ခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ အင်္ဂါနေ့ ညနေပိုင်းအထိ ရေလီတာပေါင်း သန်း ၁၂၀ ကိုစုပ်ထုတ်ပြီးဖြစ်သည်။ ရေတပ်မှ ရေငုပ်သမားနှစ်ဦးသည်လည်း ကျောင်းသားများနှင့် အတူရှိနေမည်ဖြစ်သည်။ မျက်နှာတစ်ခုလုံးဖုံးသည့် ရေငုပ်မျက်နှာဖုံး ၁၅ ခုကို သယ်ဆောင်သွားရန် ရေတပ်အာဏာပိုင်များက ပြောထားကြောင်း ကယ်ဆယ်ရေးအဖွဲ့တွင် ပါဝင်သော ရေငုပ်သမားတစ်ဦးက သတင်းထောက်များကို ပြောသည်။



ယင်းရေငုပ်မျက်နှာဖုံးများသည် ရေငုပ်အတွေ့အကြုံမရှိသည့် ကျောင်းသားလေးများ အသုံးပြုရန်အတွက်ဖြစ်သည်ဟုလည်း ၎င်းက ဆက်ပြောသည်။

**ဘီဘီစီ၊ အင်န်အိတ်ချ်ကေ**

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဓာတုဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံ (၁)

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ မေ ၁၀ ရက်ထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**2019(Sample-2)**
**MATRICULATION EXAMINATION**
**DEPARTMENT OF MYANMAR EXAMINATION**
**CHEMISTRY Time Allowed: 3 Hours**
**WRITE YOUR ANSWERS IN THE ANSWER BOOKLET**
**The symbols in this paper have their usual significance**

## SECTION (A)
**(Answer ALL questions)**

1. Write **TRUE** or **FALSE** for each of the following statements. **(7 marks)**
   (a) Hydrogen sulphide is a weaker acid than carbonic and sulphurous acids.
   (b) Aluminium is usually manufactured by electrolysis.
   (c) Concentrated sulphuric acid can be used as a primary standard.
   (d) The silicate impurity from the iron ore may be removed as calcium silicate.
   (e) Small pKa values indicate weak acids.
   (f) A cathode is equivalent to a reducing agent.
   (g) Chlorine has little affinity for hydrogen.

2. Fill in the blanks with the correct word(s), phrase(s), term(s), unit(s), etc., as necessary. **(7 marks)**
   (a) Aqueous solutions of ---------- substances such as sugar and urea, do not conduct electricity.
   (b) The atom with duplet structure is -----------.
   (c) When the two opposing reactions are proceeding at equal ---------, the equilibrium is established in a system.
   (d) One gram of hydrogen gas occupies --------- $dm^3$ at STP. (H=1)
   (e) Nitrogen forms the major constituent of the ---------, being present to the extent of about 79% by volume of the air.
   (f) Melting of ice is a (an) --------- process.
   (g) The linkage of an ethyl group with a methyl group would give ---------.

3. Select the correct word(s), notation(s), term(s), unit(s), etc., given in the brackets. **(7 marks)**
   (a) The volume of a gas [expends; contracts; remains constant] when it is cooled.
   (b) [Pure calcium; Magnesium; Aluminium] is a soft grey metal.
   (c) [Kinetic; Thermal; Chemical] energy is the energy due to the moving of the body.
   (d) 1.0 $dm^3$ of 0.1M sodium hydroxide contains [4 g; 0.4 g; 40 g] of pure NaOH. (Na=23, O = 16, H= 1)
   (e) The first four members of normal alkanes are [solids; liquids; gases].
   (f) The molecule of [$PF_3$; $BF_3$; $ClF_3$] does not deviate the octet rule.
   (g) An important source of iron is [argentite; haematite; bauxite].

4. Match each of the items in **List A** with the appropriate items given in **List B**. **(7 marks)**

| List A | List B |
|---|---|
| (a) Zig-zag arrangement | (i) dinitrogen oxide |
| (b) Solvent for iodine | (ii) alumina |
| (c) Petroleum refinery by-product | (iii) ammonia |
| (d) Anaesthetic for minor surgical operation | (iv) ethene |
| (e) Composition of cement | (v) ethanol |
| (f) Lewis base | (vi) mercury |
| (g) Conductor | (vii) plastic sulphur |

5. Define the following: **(8 marks)**
   (a) Enthalpy change
   (b) Reaction rate
   (c) Bittern
   (d) Basicity
   (e) A neutral aqueous solution
   (f) Periodic table
   (g) Relative density of gas
   (h) Insulator

## SECTION (B)

6. Answer **ALL** questions. **(12 marks)**
   (a) Write down the molecular formulae of each of the following organic compounds containing four carbon atoms respectively.
   (i) Alkane (ii) Alkene (iii) Alkyne (iv) Alcohol
   (b) Does solid sodium chloride conduct electricity? If so why so or if not why not?
   (c) What type of bond exists between $NH_3$ molecule and H+ ion? Can this type of bond be formed in $H_3O^+$ ion?
   (d) Describe whether each of the following solution is alkaline, acidic or neutral.
   (i) sodium methanoate solution (ii) ammonium nitrate solution
   (e) Why does common salt become damp when it is exposed to the air? Is sodium chloride a deliquescent substance?
   (f) Which gas, ammonia or carbon dioxide is lighter than air? Explain why.
   (The relative density of air = 14.5)

7. Answer any **FIVE** questions. **(20 marks)**
   (a) (i) Write down the period numbers of the elements, $_{10}Ne$ and $_{20}Ca$ .
   (ii) In each of the following groups, select the one which has the largest radius.
   $_3Li$, $_{11}Na$, $_{19}K$ and $_5B$, $_6C$, $_7N$
   (iii) Give the difference between ionic compounds and covalent compounds based on electrical conductivity.
   (iv) Draw the electron dot-cross formula of the compound, $BCl_3$.
   (b) (i) State Dalton's Law of partial pressure and Gay- Lussac's Law of combining volumes of gases.
   (ii) What will be the volume of hydrogen chloride gas when 100 $cm^3$ of hydrogen and 50 $cm^3$ of chlorine are mixed? (All gases are measured at the same conditions.)
   (c) An electric current is passed in turn through solutions of silver nitrate, copper, (II) sulphate and dilute sulphuric acid in series. If 0.45 g of silver were deposited at the cathode of the first cell, calculate the volume of hydrogen liberated at STP in the third cell. Mention the law used in this problem. (Ag=108, Cu= 63, H=1)
   (d) Balance the following equations by using either oxidation number method or ion-electron (half reaction) method.
   (i) $K_2Cr_2O_7 + HI + HClO_4 \longrightarrow KClO_4 + Cr(ClO4)_3 + I_2 + H_2O$
   (ii) $H_2O_2 + H^+ + I^- \longrightarrow H_2O + I_2$
   (e) (i) A 0.5 g of magnesium ribbon completely reacts with dilute hydrochloric acid in 0.1min. Calculate the rate of reaction in unit , g s-1 .
   (ii) How would you affect on the following equilibrium to see the red colour?
   $Fe^{3+}(aq) + SCN^-(aq) \rightleftharpoons FeSCN^{2+}(aq)$
   Pale yellow colourless ⇌ red coloured complex
   (f) (i) Give the typical composition and uses of hard steel.
   (ii) Complete the following equations in symbols only.
   AgCl(s) + NaCN(aq) ?
   $FeCl_3(aq)$ + NaOH(aq) ?
   (g) Explain the properties of sulphur dioxide and nitrogen dioxide according to the following.
   (i) odour (ii) action with water
   (h) (i) Write down the photosynthesis reaction and bacterial action on ammonia.
   (ii) Describe superphosphate by giving composition, colour and type of fertilizer.

8. Answer any **FOUR** questions. **(32 marks)**
   (a) (i) Give one example each of acidic buffer and alkaline buffer respectively.
   (ii) The heat change for the following exothermic reaction is
   $NaOH(aq) + HCl(aq) \rightleftharpoons NaCl(aq) + H_2O(l)$
   $\Delta H^\theta = -57.3\ kJ\ mol^{-1}$
   State the heat changes for the following reaction in dilute aqueous solution and give reasons for your answers.
   (A) $KOH(aq) + HNO_{3(aq)} \longrightarrow KNO_{3(aq)} + H_2O(l)$
   (B) $2NaOH(aq) + H_2SO_4(aq) \longrightarrow Na_2SO_4(aq) + 2H_2O(l)$
   (b) (i) Draw the structural formulae of propyne and ethanol.
   (ii) What happens when acetylene is treated with liquid bromine in the absence of solvent?
   (iii) How would you prepare methane from sodium ethanoate?
   (iv) Illustrate the formation of inorganic ester.
   (c) (i) What can the exhaust fumes be composed of?
   (ii) Arrange kerosene, petrol and diesel oil in the decreasing order of their boiling point ranges. Give one example used for each of them.
   (iii) A gas 'X' is obtained by heating ethyl chloride with an alcoholic potassium hydroxide on water bath. What is gas 'X'? Write down the chemical equation.
   (iv) How would you distinguish between ethylene and acetylene?
   (d) (i) In the manufacture of sulphuric acid by the Contact process, illustrate the dissolution of sulphur trioxide in the catalyst chamber.
   (ii) A gas "G" is obtained by heating copper turnings with concentrated sulphuric acid. What is gas "G"? Write down the equation.
   The gas "G" is collected by the upward displacement of air. Why?
   What would happen if gas "G" is passed into iodine solution?
   (e) (i) If 50.0 $cm^3$ of 0.1 M sodium hydroxide and 150 $cm^3$ of 0.02 M sodium hydroxide are mixed, what will be the molarity of the final solution?
   (ii) What are the pKa values of hydrogen cyanide (Ka = 4.8 x 10-10) and hydrogen sulphate ion (Ka = 1.2 x10-2)? Which one is more acidic?
   (f) (i) Write the extraction of aluminium by electrolysis of the fused oxide.
   (ii) Give the name and formula of a common ore of zinc and describe the chemistry involved in extracting zinc from it.

# စီမံကိန်းစောင့်ကြည့်စိစစ်အကဲဖြတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် EU မှ ပညာရှင်များ ပူးပေါင်းကျင်းပသည့် စီမံကိန်းစောင့်ကြည့်စိစစ်အကဲဖြတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စတုတ္ထအကြိမ်မြောက်အဖြစ် ယမန်နေ့က နေပြည်တော် ဟိုတယ်ဇုန်ရှိ Royal ACE ဟိုတယ်တွင် ပြုလုပ်သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စိုက်ကွင်းများအရောက် နည်းပညာဗဟုသုတ ဖြန့်ဝေဆောင်ရွက်ခြင်း၊ ဒေသအလိုက် စောင့်ကြည့်သုံးသပ်ခြင်းနှင့် အကဲဖြတ်စစ်ဆေးမှုလုပ်ငန်းစဉ်တစ်လျှောက် ဆောင်ရွက်စဉ် ကြုံတွေ့ရသည့် လုပ်ငန်းအခက်အခဲနှင့် ဘာသာစကားဆိုင်ရာအခက်အခဲများအား စီမံကိန်းတာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးကြရန် လိုအပ်ပြီး ဈေးကွက်၊ ရာသီဥတုစသည်တို့ကို မျက်ခြည်မပြတ် သိရှိနိုင်ရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ထိရောက်စွာ အသုံးချနိုင်ရန်ကိုလည်း တိုးမြှင့်လေ့လာကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့အပြင် အဆိုပါဆွေးနွေးပွဲကို ကာလတို၊ ကာလရှည် စီမံကိန်းများ ချမှတ်ဆောင်ရွက်ရာတွင် စောင့်ကြည့်သုံးသပ်ခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်း လုပ်ငန်းများတွင် တာဝန်ယူဆောင်ရွက်လျက်ရှိကြသည့် ဝန်ထမ်းများအား စွမ်းဆောင်ရည်ပိုမိုမြင့်မားစေရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိ အားကစားရုံ (ဃ) ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းဝင်ရောက် နေရာယူပြီးနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမှာစကား ပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး အမျိုးသားနှစ်ယောက်တွဲ အသင်းလိုက်ပွဲစဉ်များအဖြစ် ရှောဝတီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီး ၁၃ သင်း၊ အားကစားသမား စုစုပေါင်း ၂၇၂ ဦးတို့သည် ဇူလိုင် ၄ ရက်မှ ၁၃ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(ဃ)တွင် နေ့စဉ် နံနက် ၉ နာရီမှစ၍ အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက် ပြိုင်ပွဲ၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ၊ အမျိုးသမီးလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲနှင့် အမျိုးသမီးသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်သဖြင့် ပိုက်ကျော်ခြင်း အားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါကြောင်း သိရှိရသည်။

**သတင်းစဉ်**



# သဘာဝဘေးကျရောက်လျှင် စနစ်တကျရွှေ့ပြောင်းနိုင်ရေး ထီးလင်းရဲစခန်း၌ လေ့ကျင့်

**ထီးလင်း ဇူလိုင် ၄**

သဘာဝဘေးအန္တရာယ်များ ကျရောက်မှုဖြစ်ပွားလာပါက ရဲစခန်းအတွင်းရှိ တရားခံနှင့် လက်နက်ခဲယမ်းများကို စနစ်တကျ ရွှေ့ပြောင်းသယ်ဆောင်နိုင်ရေးအတွက် သဘာဝဘေးဆိုင်ရာ လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှုကို ဇူလိုင် ၃ ရက်က ဂန့်ဂေါခရိုင် ထီးလင်းမြို့မရဲစခန်း၌ ပြုလုပ်ခဲ့သည်။

သဘာဝဘေးကျရောက်လျှင် ရွှေ့ပြောင်းခြင်းအတွက် လက်တွေ့ဇာတ်တိုက်လေ့ကျင့်ရာတွင် ထီးလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိဒ္ဓိနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းမင်းတို့က ကြည့်ရှုစစ်ဆေးကြီးကြပ်ကြပြီး တပ်ဖွဲ့ဝင်များက အချုပ်ခန်းအတွင်းမှတရားခံများကို စနစ်တကျထုတ်ယူ၍ အချုပ်ကားပေါ်သို့ ရွှေ့ပြောင်းသယ်ဆောင်ခြင်းနှင့် လက်နက်ခဲယမ်းများကို စနစ်တကျ ရွှေ့ပြောင်းသယ်ဆောင်ခြင်း စသည်တို့ကို လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **၁၀၁**

# MFF-MPT Grassroots Football Festival 2018 Mandalay ဘောလုံးပွဲကျင်းပ

**မန္တလေး ဇူလိုင် ၄**



မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်လာစေရန် သက်တမ်းအလိုက် လူငယ်ဘောလုံး အားကစားသမား မောင်မယ်များ ပေါ်ထွက်လာစေရေးနှင့် လူငယ်ကလေးများ ဘောလုံးအားကစားကို စိတ်ပါဝင်စားလာစေရန် ရည်ရွယ်ချက်တို့ဖြင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် MPT တို့ကြီးမှူး၍ အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်းကျင်းပသည့် MFF-MPT Grassroots Football Festival 2018 Mandalay နှင့် MPT U-14 Football Tournaments 2018 ဘောလုံးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၇ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌကိုယ်စား အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က အမှာစကားပြောကြားပြီး MPT Joint Operation မှ Deputy Chief Officer ဦးနိုင်ကိုကိုနှင့် မြန်မာဘရီဝါရီးလီမိတက် Chief Operating Officer ဦးကျော်ကြားတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် MFF- MPT Grassroots Football Festival 2018 Mandalay လူငယ်ဘောလုံးပွဲတော်နှင့် MPT U-14 Football Tournaments 2018 အသက် ၁၄ နှစ်အောက် ဘောလုံးပြိုင်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက ကွင်းအတွင်း ဘောလုံးများပြိုင်တူကန်သွင်းပေး၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် MPT- MFF Grassroots Football Fesital 2018 Myandalay MPT U-14 အသက် ၁၄ နှစ်အောက် ဘောလုံးပြိုင်ပွဲအတွက် Myanmar Care မှ ဘောလုံး ၁၀၀၊ MPT မှ ဘောလုံး ၂၅၀ တို့ကို တာဝန်ရှိသူများက တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ MPT U-14 ဘောလုံးပြိုင်ပွဲကို မန္တလေးမြို့တွင် ဇူလိုင် ၅ ရက်မှ ၁၄ ရက်အထိ၊ မုံရွာမြို့တွင် ဩဂုတ် ၈ ရက်မှ ၁၇ ရက်အထိ၊ ပဲခူးမြို့တွင် ဩဂုတ် ၁၅ ရက်မှ ၂၄ ရက်အထိ၊ မော်လမြိုင်မြို့တွင် စက်တင်ဘာ ၄ ရက်မှ ၁၃ ရက်အထိ၊ စစ်တွေမြို့တွင် အောက်တိုဘာ ၇ ရက်မှ ၁၆ ရက်အထိ၊ ပုသိမ်မြို့တွင် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ၊ ရန်ကုန်မြို့တွင် နိုဝင်ဘာ ၈ ရက်မှ ၁၇ ရက်အထိ၊ တောင်ကြီးမြို့တွင် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ အသင်း ၁၂ သင်းစီတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့ ရွာစဉ်ကျယ်အဖွဲ့ခေါင်းဆောင် ဒုရဲအုပ် ခင်မောင်ဆန်း ဦးစီးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃ ရက်က ဂျီပြင်ကျေးရွာအုပ်စု တောင်ရင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ သက်ငယ်မုဒိမ်း၊ မှူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေး ဟောပြောစဉ်။ မြို့နယ် (ပြန်/ဆက်)

■ *ကျော်ဖုံးမှ*

ရန်ကုန်အသင်းသည် ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နိုင်ရန် ရတနာပုံနှင့်ပွဲတွင် မဖြစ်မနေနိုင်ပွဲရရန် လိုအပ်နေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း အနေဖြင့် အိမ်ကွင်းတွင် Southern အသင်းနှင့် ကစားရမည်ဖြစ်သောကြောင့် ရန်ကုန်အသင်းအနေဖြင့် အမှားမခံသည့် အနေအထားဖြစ်နေသည်။ ရှမ်းယူနိုက်တက်အသင်းမှာလည်း ချန်ပီယံဆုကာကွယ်နိုင်ရန် ရန်ကုန်အသင်း ခြေချော်မှုကို စောင့်ရမည်ဖြစ်သလို ပွဲတိုင်းအနိုင်ရထားရန်လည်း လိုအပ်နေသည်။ ရန်ကုန်အသင်းသည် ရတနာပုံအသင်းနှင့် တွေ့ဆုံခဲ့သည့် ပထမအကျော့ပွဲတွင် သုံးဂိုးစီ သရေကျခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ Southern အသင်းကို အဝေးကွင်းတွင် သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ပွဲစဉ် ၁၈ အပြီးတွင် ရန်ကုန်အသင်းက ၃၉ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၃၇ မှတ်၊ ရတနာပုံအသင်းက ၂၇ မှတ်၊ ဟံသာဝတီ၊ Southern နှင့် ဇွဲကပင်အသင်းတို့က ၂၆ မှတ်စီ၊ ရှောဝတီနှင့် မကွေးအသင်းက ၂၅ မှတ်စီ၊ ရခိုင်အသင်းက ၂၀ မှတ်၊ စစ်ကိုင်းအသင်းက ၁၈ မှတ်၊ GFA အသင်းက ၁၇ မှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

**ညီမြတ်သော်တာ**

# မီးရထားသံလမ်းပေါ် ကန့်လန့်ဖြစ်နေသည့် မော်တော်ယာဉ်ကြောင့် မြစ်ကြီးနားဘူတာသို့ နှစ်နာရီခန့် ရထားအဝင်နောက်ကျ

**မြစ်ကြီးနား ဇူလိုင် ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နန်းကွေ့ဘူတာနှင့် မြစ်ကြီးနားဘူတာအကြား မီးရထားသံလမ်းပေါ်တွင် ဇူလိုင် ၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ကွန်ကရစ်တိုင်များ တင်ဆောင်မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်တစ်စီး စက်ချွတ်ယွင်းကာ ကန့်လန့်ဖြစ်နေ၍ မြစ်ကြီးနားဘူတာသို့ ပုံမှန်ရထားဝင်ရောက်ရမည့်အချိန်ထက် နှစ်နာရီခန့်နောက်ကျကာ ဝင်ရောက်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းမှထွက်ခွာလာသည့် အမှတ် ၂၄၇ မိုးညှင်း-မြစ်ကြီးနား အဆန် ကုန်တင်ရထားသည် မီးရထားမိုင်တိုင်အမှတ် ၇၂၀/၄ နှင့် ၇၂၀/၅ နန်းကွေ့ဘူတာနှင့် မြစ်ကြီးနားဘူတာကြားအရောက်တွင် ကွန်ကရစ်တိုင်များ တင်ဆောင်မောင်းနှင်လာသည့် ကင်တာအမျိုးအစား ခြောက်ဘီးယာဉ်သည် တရားမဝင် မီးရထားသံလမ်းကူးအား ဖြတ်ကျော်မောင်းနှင်စဉ် ရထားလမ်းအလယ် ၌ စက်ချွတ်ယွင်းကာ ရပ်တန့်ခဲ့သဖြင့် မြစ်ကြီးနားဘူတာရုံမှ တာဝန်ရှိသူများ၊ မြစ်ကြီးနားဘူတာ အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူများ၊ မီးရထားရဲစခန်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါမီးရထားလမ်းပိတ်ဆို့ ရပ်တန့်နေသည့် မော်တော်ယာဉ်အား ရှင်းလင်းဖယ်ရှားပေးခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် လမ်းပွင့်ခဲ့ပြီး ပိတ်မိနေသည့်ကုန်ရထားမှာ နှစ်နာရီခန့်နောက်ကျ၍ မြစ်ကြီးနားသို့ ဆက်လက်မောင်းနှင်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်မီးရထားသံလမ်းကူး ဖြတ်ကျော်မောင်းနှင်သူ ယာဉ်မောင်း စိုးစံအား မီးရထားဌာနမှ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပုဒ်မဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**

# မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားမဝင်ကုန်စည်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃၇၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၅၇၂ သန်းခန့် စုစုပေါင်းတားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၉၄၂ သန်းခန့်အား ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။




ထူးခြားသည့်ဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၃ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးခဲ့ရာ သစ်ဆိပ်ပင်ကျေးရွာ ရှောင်ကွင်းလမ်းထိပ်တွင် စုပုံထားသော တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Induction Cooker (Brand: Kashiw)8U ၊ Circular Saw (Brand: Amigo) 18 U ၊ Dousle Gas Stove (Brand: OTTO)1lU ၊ မြက်ရိတ်စက် Brush Cutter Without Shaft (Brand: Raijin)18U နှင့် Baby Diapers (6 Pkgs) 80 kg စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၂၂၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ်၌ ငွေကျပ်သိန်းပေါင်း ၃၁၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ဘူးသီးတောင် ဇူလိုင် ၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ဇူလိုင် ၄ ရက်က ဒေသကာလတန်ဖိုး ငွေကျပ် ၃၁၉၈၀၀၀၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၉၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ညောင်ချောင်းကျေးရွာရဲစခန်းမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မေယုမြစ်အတွင်း မြစ်ကြောင်း စိုးမိုးရေး လှည့်ကင်းဆောင်ရွက်နေစဉ် ဘူးသီးတောင်မြို့နယ် ဦးကျော်(ခ)သာစည်အုပ်စု လိုင်ရှည်ပြင်ကျေးရွာအဝင် ချောင်းကွေ့ဆက်အနီးရှိ လမုတော အရှေ့ဘက်တွင် အရှည် ၃၂ ပေခန့်၊ အနံ ၅ ပေခန့်၊ ရေစူး ၂ ပေခန့်ရှိ လောင်းလှေတစ်စင်းပေါ်ရှိ အိတ်များအား မိုးကာဖြင့် အုပ်ထားသည်ကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ကြည့်ရှုစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ပါကင်ထုပ် ၁၆၄ ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၉၀၀၀ ဒေသကာလတန်ဖိုးငွေကျပ် ၃၁၉၈၀၀၀၀၀၀ ခန့်အား သိမ်းဆည်းရရှိခဲ့သဖြင့် သက်ဆိုင်ရာ နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ဘူးသီးတောင်မြို့နယ်၌ သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လှေကို ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။



# မိုးကောင်းမြို့၌ ငွေကျပ် ၆၃၂ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မိုးကောင်း ဇူလိုင် ၄**

ကချင်ပြည်နယ် မိုးကောင်းမြို့ ရွာသစ်ရပ်ကွက်၌ ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်က ဘိန်းဖြူမှုန့်ဆပ်ပြာခွက် ၂၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၃၆၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့ ၃ မိုးညှင်းမှ ရဲအုပ်နေလင်း ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းရပ်ကွက်နေ မျိုးဝင်းနွဲ့(၄၆ နှစ်)၏ နေအိမ်ကိုရှာဖွေရာ၌ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ယင်းနောက် ၎င်းအားစစ်ဆေးရာ ၎င်း၏ယောက်ဖတစ်ဝမ်းကွဲတော်စပ်သူ၏ ပစ္စည်းများကို ဖခင်၏နေအိမ်အောက်ထပ် နှစ်ဆင့်ဗီရို၌ သိမ်းထားကြောင်း သိရသဖြင့် ဆက်လက်ရှာဖွေရာ ဘိန်းဖြူ စုစုပေါင်းအလေးချိန် ၂၀၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၃၆၀ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၆၃၂ သိန်းကို သိမ်းဆည်းရမိကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် မျိုးဝင်းနွဲ့နှင့် စီးမွန်တို့အား ဥပဒေအရ မိုးကောင်း ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **သန်းလွင်ဦး(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်၌ အမျိုးသားတစ်ဦးကိုသတ်၍ ထွက်ပြေးနေသူတစ်ဦးအား အမှုဖွင့်ထား

**ဖျာပုံ ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် သဘော့ကျွန်းကျေးရွာ၌ ဇူလိုင် ၃ ရက် နံနက်ပိုင်းက အမျိုးသားတစ်ဦးကို သတ်ပြီး ထွက်ပြေးလွတ်မြောက်နေသူတစ်ဦးအား အမှုဖွင့်ထားကြောင်း သိရသည်။

ဘိုကလေးမြို့မ ရဲစခန်း၏စစ်ဆေးချက်အရ သေဆုံးသူမှာ သဘော့ကျွန်းကျေးရွာနေ အေးနိုင်ထွန်း (ခ)ကျင်ဝှက် (၃၂ နှစ်) ဖြစ်ပြီး ဒဏ်ရာများနှင့် သေဆုံးနေခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်မှာ သဘော့ကျွန်းကျေးရွာသား ကိုထွန်းလင်းမှာ ဇူလိုင် ၃ ရက် နံနက် ၇ နာရီခန့်က ရွာထဲသို့ လမ်းလျှောက်လာစဉ် ရွာလမ်းရှိ ဦးမြင့်ဝေနှင့် ဦးဝင်းလှိုင်တို့နေအိမ်ကြားတွင် အေးနိုင်ထွန်း(ခ)ကျင်ဝှက် (၃၂ နှစ်)အား ဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ရသည့်အတွက် သေဆုံးသူ၏ဇနီးဖြစ်သူထံ သွားရောက်အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

အခင်းဖြစ်နေရာသို့ ဘိုကလေးမြို့မစခန်းမှူး ဒုရဲမှူး တင်ထွဋ်နှင့်အဖွဲ့ ရောက်ရှိစစ်ဆေးခဲ့ရာ အေးနိုင်ထွန်း(ခ)ကျင်ဝှက် သတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ ဘိုကလေးမြို့မရဲစခန်းက အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးနိုင်ရေး ဆောင်ရွက်နေကြောင်း ဘိုကလေးမြို့မရဲစခန်းမှ သိရသည်။ **ကျော်စိုးမိုး**

# ကလေးများကို ရိုက်နှက်၍ သီလရှင်ဝတ်စုံဝတ်ခိုင်းကာ အလှူခံခိုင်းစေသူအား အရေးယူ

**နေပြည်တော် ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ ကလေးများကို ရိုက်နှက်၍ သီလရှင်ဝတ်စုံဝတ်ခိုင်းကာ အလှူခံရန် ခိုင်းစေသူအား ဇူလိုင် ၃ ရက်က အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၉ ရက် မွန်းလွဲ ၃ နာရီက မန္တလေးတိုင်းဒေသကြီး မတ္တရာ မြို့အမှတ်(၅)အောင်ချမ်းသာရပ်ကွက်နေ ကျော်ကျော်စိုး(ခ)ကုလား (၂၇ နှစ်)သည် ၎င်း၏မယားပါသား မောင်မြင့်မြတ်ခေါင် (၂ နှစ် ၈ လ)အား ဆဲဆိုပြီး အရှည် တစ်တောင်ခန့်ရှိ သစ်သားပြားနှင့် ရိုက်နှက်ခဲ့သဖြင့် မောင်မြင့်မြတ်ခေါင်တွင် ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့ပြီး မတ္တရာပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရသည်။ ယခင်ကလည်း မယားပါ ကလေးများဖြစ်သော မပြာသိုချမ်းမြေ့(၉ နှစ်)နှင့် မဖူးဖူး(၅ နှစ်)တို့နှစ်ဦးအား သီလရှင်ဝတ်စုံဝတ်ခိုင်း၍ တစ်နေ့လျှင် ငွေကျပ် ၆၀၀၀ နှုန်းရအောင် စေခိုင်းခဲ့ကြောင်း သိရှိရသဖြင့် ဇူလိုင် ၃ ရက်က ကျော်ကျော်စိုး(ခ)ကုလားအား မတ္တရာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ဇွန်လအတွင်း ယာဉ်မတော်တဆမှုအကြိမ် ၄၀ ဖြစ်ပွား ခြောက်ဦးသေ၊ ၅၅ ဦး ဒဏ်ရာရ

**နေပြည်တော် ဇူလိုင် ၄**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ဇွန်လအတွင်း ယာဉ်မတော်တဆမှု အကြိမ် ၄၀ ဖြစ်ပွားခဲ့ပြီး အမျိုးသား ငါးဦး ၊အမျိုးသမီး တစ်ဦး ပေါင်းခြောက်ဦးသေဆုံးခဲ့ကာ အမျိုးသား ၂၉ ဦး၊အမျိုးသမီး ၂၆ ဦး ပေါင်း ၅၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အမြန်လမ်းမကြီးတွင် ယခုနှစ် ဇန်နဝါရီလမှဇွန်လကုန်အထိ ယာဉ်မတော်တဆမှုပေါင်း ၂၃၀ ကြိမ်ဖြစ်ပွားခဲ့ရာ လူပေါင်း ၅၀ သေဆုံးခဲ့ပြီး ၄၉၀ ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရသည်။ အဆိုပါဖြစ်စဉ်များမှာ ဇန်နဝါရီလတွင် ယာဉ်မတော်တဆမှု ၄၁ မှုမှ ကိုးဦးသေဆုံးပြီး ၈၃ ဦး ဒဏ်ရာရရှိခဲ့သည်။ ဖေဖော်ဝါရီလတွင် ၃၆ ကြိမ်မှ ၁၁ ဦး သေဆုံးပြီး ဒဏ်ရာရရှိသူ ၇၆ ဦး ၊ မတ်လတွင် ၃၃ ကြိမ်မှ လေးဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ၆၂ ဦး၊ ဧပြီလတွင် ၄၄ ကြိမ်မှ ၁၂ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၁၃၇ ဦး၊ မေလတွင် ၃၇ ကြိမ်မှ ရှစ်ဦးသေဆုံးပြီး ၃၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆဖြစ်မှုများတွင် ယာဉ်မောင်းသူများက ယာဉ်ကို မဆင်မခြင်ပေါ့ဆစွာ မောင်းနှင်မှုကြောင့် ဖြစ်ပွားခဲ့ခြင်း အများဆုံးဖြစ်ပြီး ကျန်ဖြစ်ပွားမှုများမှာ ရာသီဥတုကြောင့် လည်းကောင်း၊ လမ်းကြောင့် လည်းကောင်း၊ အမြန်လမ်းမကြီးပေါ်သို့ ဖြတ်သန်းမောင်းနှင်ခွင့်မရှိသော သုံးဘီး၊ ဆိုင်ကယ်၊ အနှေးယာဉ်များကြောင့်လည်းကောင်း၊ လမ်းဖြတ်ကူးသူများကြောင့် လည်းကောင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များကြောင့်လည်းကောင်း ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရှိရသည်။

**သန်းဦး (လေးမျက်နှာ)**

# လုယက်မှုကျူးလွန်သူများအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ်စီချမှတ်

**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျောက်မီးကျေးရွာ မြောင်းပေါင်ဘေးလမ်းပေါ်တွင် ၂၀၁၈ ခုနှစ် ဧပြီ ၂၂ ရက် ညနေ ၅ နာရီခွဲတွင် ဒေါ်မြမြဝင်း စီးနင်းလာသော ဆိုင်ကယ်၏ လက်ကိုင်အောက်ရှိ ပစ္စည်းထည့်သည့်ခွက်အတွင်း ထည့်ထားသော ပိုက်ဆံအိတ်အားလုယူထွက်ပြေးသည့် ပြစ်မှုကျူးလွန်သူများဖြစ်ကြသော ဇော်ထက်အောင်(ခ) ဇာနည်အောင်နှင့် ကတုံး(ခ)အောင်မြင့်သူတို့အား ပုသိမ်ကြီးမြို့နယ် တရားရုံး၏ ရာဇသတ်ကြီးမှု အမှတ် ၂၇၈-၂၀၁၈ ဖြင့် စစ်ဆေးခဲ့ပြီး တွဲဖက်မြို့နယ်တရားသူကြီး(၁) ဦးမင်းဇော်ဦးမှ ရာဇသတ်ကြီးပုဒ်မ ၃၉၂ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ခုနစ်နှစ်တိတိစီ ကျခံစေရန် အမိန့်ချမှတ်ကြောင်း ယနေ့ အဆိုပါတရားရုံးမှ သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# မြန်မာ့ရုပ်မြင်သံကြား

**၅-၇-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "Micro Level တတိယဆုရ Mr Teak ပရိဘောဂလုပ်ငန်း"
၈း၅၀ - "မူလတန်းအဆင့် သင်ရိုးသစ် မိတ်ဆက်"
၉း၁၀ - "သာသနာထွန်းပြောင် ပြက္ခဒိန်ရွှေတောင်"
၉း၂၅ - လှပစုံလင် အာဆီယံတစ်ခွင်
၉း၃၅ - ASEAN Spotlight (34)
၁၀း၃၀ - အလုပ်သမားရေးရာ အစီအစဉ်
၁၁း၀၀ - မြစ်မခမီဒီယာ (ပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း)
၁၁း၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ကျွန်မသာလျှင် မယားစစ်ဖြစ်ပါကြောင်း"
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၁၀)
၁၃း၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-III )(ပွဲစဉ်-၄) (ရန်ကုန်မြို့) (ဒုတိယပိုင်း)

**ညပိုင်း**

၁၆း၃၅ - "တိုင်းပြည်အတွက်အသက်ပေးကာ လွတ်လပ်ရေးကို အရယူလို့ မမေ့နိုင်တဲ့တို့ ဗိုလ်ချုပ်"
၁၇း၀၅ - NHK အစီအစဉ် "From the Past to the Future" (အတိတ်မှ အနာဂတ်ဆီသို့)
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများ ကွန်ရက်" (အပိုင်း-၁၁)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၂၀း၃၅ - "မီးတစ်ပွင့်၏ ရာဇဝင်"
- America's Got Talent
- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄)
- ပြည်သူ့နီတိ "အိပ်မက်ဆိုးမှ နိုးလတ်သော်"

# ဘားအံ၌ တရားမဝင်တင်သွင်းလာသည့် စက်သုံးဆီများ သိမ်းဆည်းရမိ

**ဘားအံ ဇူလိုင် ၄**

ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့မှ အခွန်ပေးဆောင်ခြင်းမရှိဘဲ တရားမဝင်တင်သွင်းလာသော စက်သုံးဆီများ တင်ဆောင်လာသည့် ယာဉ်သုံးစီး သိမ်းဆည်းရမိခဲ့သဖြင့် အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၃၀ ရက် နံနက် ၅ နာရီခွဲခန့်က ဘားအံ-ထုံးအိုင်လမ်း သံလွင်တံတား သုံးမြောင့်လမ်းဆုံအနီးတွင် မြဝတီမှ သထုံဘက်သို့ ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာ နေသူ ဝင်းမျိုးဇော်(ခ)မျိုးဇော်(၂၄နှစ်)မောင်းနှင်ပြီး ယာဉ်နောက်လိုက် ချစ်နိုင်(ခ)ဦးကြီး ( ၄၄နှစ်)လိုက်ပါလာသော 3C/---- နစ်ဆန်းဘောက်ဆာယာဉ်ပေါ်၌ ဒီဇယ်ဂါလန် ၃၂၀၀ ခန့်နှင့် ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာနေသူ အောင်သူဟိန်း (၃၁ နှစ်) မောင်းနှင်ပြီး ချမ်းမြေ့ဟိန်း(၂၁ နှစ်) လိုက်ပါလာသည့် 8J/---- ယာဉ်ပေါ်တွင် ဒီဇယ်ဂါလန် ၄၀၀၀ ခန့် စုစုပေါင်းဒီဇယ်ဂါလန် ၇၂၀၀ ခန့်ကို လည်းကောင်း သိမ်းဆည်းရမိသည်။

ပူးပေါင်းအဖွဲ့က ဆက်လက်စစ်ဆေးရာ ယင်းနေ့ နံနက် ၅ နာရီ မိနစ် ၄၀ ခန့်က ဘားအံမြို့နယ် အိန္ဒုကျေးရွာအနီး ဘားအံ-မြဝတီကားလမ်းပေါ်တွင် ကျိုက်လတ်မြို့အမှတ်(၃) ရပ်ကွက်နေသူ ငြိမ်းဝေထူး(ခ)အညာသား(၂၆ နှစ်) မောင်းနှင်ပြီး စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာနေသူ ယာဉ်နောက်လိုက် ဝင်းမင်းဌေး(၃၀နှစ်) လိုက်ပါလာသည့် 3L/---- နစ်ဆန်းယာဉ်ပေါ်မှ ဓာတ်ဆီဂါလန် ၇၀၀၀ ခန့်ကိုလည်းကောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ အဆိုပါ သိမ်းဆည်းရမိသည့် စက်သုံးဆီများနှင့် ပတ်သက်၍ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့နှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ ဘားအံ မြို့ရှိ ဆိုင်အမှတ် ဝ၈၆၂ အကြီးတန်းဆိုင်မန်နေဂျာ ဦးဇော်ဝင်းထွန်းနှင့် ပူးပေါင်းစစ်ဆေးခဲ့ရာတွင် 3C/----ယာဉ်ပေါ်ပါ ဒီဇယ်ဂါလန် ၃၂၀၀ နှင့် 8J/----- ယာဉ်ပေါ်ပါ ဒီဇယ် ဂါလန် ၄၀၀၀ တို့မှာ အခွန်ဆောင်ထားခြင်းမရှိကြောင်း၊ 3L/---- ယာဉ်ပေါ်ပါ ဓာတ်ဆီဂါလန် ၇၀၀၀ အနက် ဂါလန် ၂၀၀၀ သာ အခွန်ပေးဆောင်ထားပြီး ဂါလန် ၅၀၀၀ မှာ အခွန်ဆောင်ထားခြင်းမရှိဘဲ တရားမဝင်တင်သွင်းခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် ဘားအံမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ ဇွန် ၂၉ ရက်မှ ဇူလိုင် ၃ ရက်အထိ ဆီဘောက်ဆာယာဉ်ငါးစီးနှင့် ကွမ်းသီး တွဲယာဉ်သုံးစီးတို့ ဖမ်းဆီးရမိခဲ့ကာ စုစုပေါင်းဓာတ်ဆီ ဂါလန် ၁၄၄၀၀၊ ဒီဇယ် ဂါလန် ၇၂၀၀ နှင့် ကွမ်းသီးအလေးချိန် ၅၁၉၁၄ ပိဿာတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

အဂတိလိုက်စားမှုကို နှစ်နာသူကဖြစ်စေ၊ ကိုယ်တိုင်မြင်တွေ့ရသူကဖြစ်စေ တိကျသေချာသော သက်သေအထောက်အထားများဖြင့် ဖော်ပြပါလိပ်စာသို့ ပေးပို့တိုင်ကြားနိုင်ပါသည်-

ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
အားကစားလေ့ကျင့်ရေးစခန်း၊ တောင်ညိုလမ်း
နေပြည်တော်
Email- myanmaracc2014@gmail.com

# မလေးရှားဝန်ကြီးချုပ်ဟောင်း နိုင်ငံပိုင်ရန်ပုံငွေ အလွဲသုံးစားပြုလုပ်မှုဖြင့် တရားစွဲဆိုခြင်းခံရ




**ကွာလာလမ်ပူ ဇူလိုင် ၄**

ဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်ကို ယုံကြည်မှုဖောက်ဖျက်ပြီး နိုင်ငံပိုင်ရန်ပုံငွေ အလွဲသုံးစားပြုလုပ်မှုဖြင့် ဇူလိုင် ၄ ရက်တွင် မလေးရှားနိုင်ငံ အစိုးရရှေ့နေများက တရားစွဲလိုက်သည်။

မလေးရှားအစိုးရရှေ့နေများက ဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်ကို နိုင်ငံပိုင်ရန်ပုံငွေ မလေးရှားရင်းဂစ် ၄၂ သန်းကို ၎င်း၏ကိုယ်ပိုင်ဘဏ်အကောင့်ထဲသို့ လွှဲပြောင်းရယူခြင်းအပါအဝင် တခြားရာဇဝတ်ပြစ်မှုသုံးခုဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ နာဂျစ်သည် မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအောက်တွင် ရာထူးဩဇာကျော်လွန်သုံးစွဲမှုဖြင့် စွပ်စွဲခံခဲ့ရကြောင်း သိရသည်။ ၎င်း၏ပြစ်မှုတစ်ခုချင်းစီအတွက် အမြင့်ဆုံး ထောင်ဒဏ် နှစ် ၂၀ နှင့် ငွေဒဏ်လည်း ပေးဆောင်ရနိုင်ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်းနာဂျစ်ကို ဇူလိုင် ၃ ရက်က မလေးရှားနိုင်ငံ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးက ဖမ်းဆီးအရေးယူခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဝန်ကြီးချုပ်ဟောင်းက ၎င်းအနေဖြင့် မည်သည့်အမှားအယွင်းမှ ကျူးလွန်ထားခြင်းမရှိကြောင်း ငြင်းဆိုထားသည်။ နာဂျစ်၏ ပြောရေးဆိုခွင့်ရှိသူက လက်ရှိနာဂျစ်အပေါ် လုပ်ဆောင်သည့် စုံစမ်းစစ်ဆေးမှုများမှာ နိုင်ငံရေးအရ လုပ်ဆောင်ခြင်းသာ ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်ဟောင်းအနေဖြင့် တရားခွင်တွင် အပြစ်ကင်းကြောင်း ပြပါလိမ့်မည်ဟု ပြောခဲ့သည်။

**ဆင်ဟွာ**

# ပါလက်စတိုင်းအမျိုးသမီးထောင်ပေါင်းများစွာ ဂါဇာမြို့အရှေ့ပိုင်းတွင် ချီတက်ဆန္ဒပြ

**ဂါဇာ ဇူလိုင် ၄**

ပါလက်စတိုင်းအမျိုးသမီး ထောင်ပေါင်းများစွာတို့သည် အင်္ဂါနေ့က ဂါဇာမြို့အရှေ့ပိုင်း၌ အစ္စရေးနိုင်ငံကို ဆန့်ကျင်ဆန္ဒပြခဲ့ကြရာ အစ္စရေးနယ်စပ်အနီးအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးများသည် ပါလက်စတိုင်းအလံများ ကိုင်ဆောင်လာပြီး အစ္စရေးဆန့်ကျင်ရေး ကြွေးကြော်သံများဖြင့် ကြွေးကြော်ခဲ့ကြသည်။ ၎င်းတို့သည် အဖြူရောင်ဝတ်ရုံများနှင့် အနက်ရောင် မျက်နှာဖုံးများဝတ်ဆင်ခဲ့ကြပြီး အစ္စရေးနှင့် အမေရိကန်အလံများကို ချနင်းခဲ့ကြသည်။ အမျိုးသမီးများ၏ ဆန္ဒပြပွဲများသည် မတ်လအတွင်းက စတင်ဖြစ်ပွားခဲ့သော ပါလက်စတိုင်းတို့၏ အကြီးအကျယ်ဆန္ဒပြပွဲများ၏ နောက်ဆက်တွဲ ချီတက်ဆန္ဒပြမှုလည်းဖြစ်သည်။

ဆန္ဒပြပွဲအတွင်း နယ်စပ်ရှိအစ္စရေး လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပါလက်စတိုင်း အမျိုးသမီးများကို လူစုခွဲရန် မျက်ရည်ယိုဗုံးများကို လူအုပ်ကြားထဲသို့ ပစ်ခဲ့သည်။ ယင်းမျက်ရည်ယိုဗုံးကြောင့် အသက်ရှူကျပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

ပါလက်စတိုင်း လူငယ်များနှင့် အစ္စရေး လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ရန်ပွဲများဖြစ်ခဲ့သောကြောင့် သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆေးအဖွဲ့က ပြောသည်။

ပါလက်စတိုင်းအမျိုးသမီးများကို ဆန္ဒပြပွဲတွင် ဦးဆောင်လာသူ Iktimal Hamad က ၎င်းတို့ ဂါဇာမြို့အရှေ့ပိုင်းတွင် ဆန္ဒပြပွဲပြုလုပ်ရခြင်းမှာ ချီတက်ဆန္ဒပြပွဲတွင် ပါလက်စတိုင်း အမျိုးသမီးများသည်လည်း အရေးပါသည့် အခန်းမှပါဝင်ကြောင်းနှင့် ကမ္ဘာကိုသိစေလို၍ ဖြစ်ကြောင်း မီဒီယာများကိုပြောသည်။




မတ်လအတွင်း ဖြစ်ပွားခဲ့သည့် ပါလက်စတိုင်းတို့၏ ချီတက်ဆန္ဒပြပွဲအတွင်း အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလူမျိုး ၁၅၃ ဦးထက်မနည်းသေဆုံးခဲ့ပြီး လူပေါင်း ၁၄၀၀၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဒုက္ခသည်ပေါင်း ၁၄၀၀ ခန့် မြေထဲပင်လယ်အတွင်း သေဆုံး

**ဂျီနီဗာ ဇူလိုင် ၄**

မြေထဲပင်လယ်ကိုဖြတ်ရင်း ဥရောပသို့ဝင်ရောက်ရန် ကြိုးပမ်းကြသော အာဖရိကမှ ဒုက္ခသည် ၁၄၀၀ ကျော်သည် ယခုနှစ်အတွင်း မြေထဲပင်လယ်အတွင်း၌ပင် အသက်ဆုံးရှုံးကြကြောင်း ကုလသမဂ္ဂအေဂျင်စီက ပြောသည်။

ကလေးငယ်များနှင့် အရွယ်ရောက်ပြီးသူများအပါအဝင် လူပေါင်း ၁၂၀ ဦးမှာ ဇွန် ၂၉ မှစ၍ လစ်ဗျားကမ်းရိုးတန်းတွင် လှေနစ်မြုပ်၍ သေဆုံးခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများ အဖွဲ့အစည်းမှပြောသည်။ ယခုနှစ်အတွင်း ပြည်တွင်းစစ်၊ ဆင်းရဲမွဲတေမှု အစရှိသည်တို့ကြောင့် အာဖရိကမှ ထွက်ပြေးလာသူ ၁၄၀၅ ဦးသည် ဥရောပသို့ဝင်ရောက်ရန်ကြိုးပမ်းရင်း သေဆုံးခဲ့ကြောင်း အဆိုပါအဖွဲ့အစည်းမှ ပြောသည်။

ဥရောပတိုင်းပြည်များသည်လည်း ဒုက္ခသည်များနှင့်ရွှေ့ပြောင်းအခြေချနေထိုင်သူများကို လက်ခံရေးမူဝါဒများနှင့် ပတ်သက်၍ လက်မခံနိုင်ဘဲ အချင်းများလျက် ရှိသည်။ အီတလီနိုင်ငံသည် ဒုက္ခသည်များ စတင်ဝင်ရောက်ရာ ဝင်ပေါက်သဖွယ်ဖြစ်နေပြီး လွန်ခဲ့သော လမှစ၍ ဒုက္ခသည်များ တင်ဆောင်လာသော သင်္ဘောကို ဆိုက်ကပ်ခွင့်မပြုဘဲ ငြင်းဆိုခဲ့သည်။

သေဆုံးသူ အရေအတွက် လျော့ကျစေရေးအတွက် ကုလသမဂ္ဂသည် အပြည်ပြည်ဆိုင်ရာမှ အဖွဲ့အစည်းများကို ၎င်းတို့နှင့်အတူ အလုပ်လုပ်ကိုင်ရန် တောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ယီမင်၌ မင်္ဂလာဆောင်အတွင်း ဗုံးကြဲတိုက်ခိုက်မှုကြောင့် ၁၁ ဦးထက်မနည်း သေဆုံး

**ကူဝိတ်စီးတီး ဇူလိုင် ၄**

ယီမင်နိုင်ငံ အနောက်မြောက်ပိုင်း ဆာဒါးပြည်နယ်၌ မင်္ဂလာပွဲတစ်ခုကျင်းပနေစဉ် ဆော်ဒီအာရေဗျနိုင်ငံ ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့၏ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုကြောင့် လူပေါင်း ၁၁ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း နိုင်ငံလုံခြုံရေးအရာရှိတစ်ဦးက မကြာသေးမီက ပြောခဲ့သည်။

ညွန့်ပေါင်းတပ်ဖွဲ့သည် ဇူလိုင် ၃ ရက်က ညနေပိုင်းတွင် ဆာဒါးပြည်နယ်အတွင်းရှိ ကျေးရွာတစ်ရွာ၌ ကျင်းပပြုလုပ်နေသည့် မင်္ဂလာပွဲကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း၊ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ၁၁ ဦးသေဆုံးခဲ့ပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဒဏ်ရာရရှိသူအများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း အမည်မဖော်လိုသည့် ယီမင်နိုင်ငံလုံခြုံရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆော်ဒီအာရေဗျနိုင်ငံဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့သည် လတ်တလောရက်ပိုင်းတွင် ယီမင်နိုင်ငံအတွင်း လေကြောင်းဗုံးကြဲ တိုက်ခိုက်မှုများ အဆက်မပြတ်ပြုလုပ်ခဲ့ရာ ဇွန် ၂၅ ရက်အထိ အမျိုးသမီးနှင့် ကလေးငယ် အနည်းဆုံး ကိုးဦးသေဆုံးခဲ့ကြောင်း သိရသည်။




ယီမင်ဟူသီ လက်နက်ကိုင်တပ်ဖွဲ့သည် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ယီမင်နိုင်ငံ မြို့တော်ကို သိမ်းပိုက်ခဲ့ပြီးနောက် ယီမင်တောင်ပိုင်းကို ဆက်လက်သိမ်းပိုက်ခဲ့ရာ သမ္မတ မန်ဆောဟာဒီမှာ ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရသည်။

၂၀၁၅ ခုနှစ် မတ်လတွင် ဆော်ဒီအာရေဗျနိုင်ငံ ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့သည် ဟူသီလက်နက်ကိုင်တပ်ဖွဲ့အားတိုက်ခိုက်သည့် စစ်ဆင်ရေးကို စတင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ကားတင်သွင်းမှုတွင် အခွန်စည်းကြပ်ရန် ထရန့်၏ခြိမ်းခြောက်မှုကို အိန်ဂျလာမာကယ်သတိပေး

**ဘာလင် ဇူလိုင် ၄**

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်သည် ဥရောပသမဂ္ဂမှကားများတင်သွင်းမှုကို အခွန်စည်းကြပ်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ခြိမ်းခြောက်မှုကို ဗုဒ္ဓဟူးနေ့က သတိပေးခဲ့သည်။ သမ္မတထရန့်က စတီးနှင့်အလူမီနီယမ် သွင်းကုန်များအပေါ် အခွန်တိုးမြှင့်လိုက်သည့်နောက်ပိုင်း အမေရိကန်နှင့် ဥရောပသမဂ္ဂတို့ နှစ်ဖက်စလုံးမှာ ကုန်သွယ်ရေး ပဋိပက္ခအတွင်း ပိတ်မိနေကြောင်း အိန်ဂျလာမာကယ်က သတိပေးပြောကြားခဲ့သည်။

ဥရောပမှာ တရုတ်ကဲ့သို့ပင် အမေရိကန်၏ကုန်သွယ်ရေးပြိုင်ဘက်ဖြစ်ကြောင်း၊ အီးယူမှတင်သွင်းသည့်ကားများအပေါ် တင်သွင်းခွန် ၂၀ ရာခိုင်နှုန်းတိုးရန် စဉ်းစားနေကြောင်း သမ္မတထရန့်က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။ အီးယူဘက်မှလည်း အမေရိကန်ဘက်မှတင်သွင်းသည့်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ခဲ့သည်။ အကယ်၍ ဥရောပသမဂ္ဂဘက်မှ အမေရိကန်ကုန်ပစ္စည်းများနှင့် အမေရိကန်ကုမ္ပဏီများအပေါ် အခွန်တိုးမြှင့်မှုနှင့် အတားအဆီးများဖြစ်လာပါက အမေရိကန်သို့ တင်သွင်းမည့်ကားများပေါ် အခွန်တိုးမြှင့်မည်ဟု တွစ်တာစာမျက်နှာပေါ်တွင် အမေရိကန်သမ္မတထရန့်က ရေးသားခဲ့သည်။

အိန်ဂျလာမာကယ်သည် ဒစ်ဂျစ်တယ်လုပ်ငန်းများဖြစ်သည့် Amazon၊ Facebook သို့မဟုတ် Google တို့အပေါ်တွင် ဒစ်ဂျစ်တယ်အခွန်ကောက်ခံရန် ထောက်ခံခဲ့သည်။ အမေရိကန်သည် ဥရောပမှကားများဖြစ်သည့် BMW ၊ Volkswagen ကားများကို ၂၀၁၆ ခုနှစ်အတွင်း ၁ ဒသမ ၂ သန်းခန့် တင်သွင်းခဲ့သည်။ အခွန်စည်းကြပ်မှုများကြောင့် အမေရိကန်နိုင်ငံတွင် အလုပ်အကိုင်များနှင့် စက်ရုံလုပ်ငန်းများ ထိခိုက်မှုများရှိလာနိုင်ကြောင်း စီးပွားရေးပညာရှင်များက သတိပေးထားသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### မော်ရိုကိုတွင် အိုင်အက်စ်အစွန်းရောက်အဖွဲ့နှင့် အဆက်အသွယ်ရှိသူ လေးဦးအား ဖမ်းဆီး

**ရာဘတ် ဇူလိုင် ၄**

မော်ရိုကိုဗဟိုတရားစီရင်ရေးနှင့် စုံစမ်းစစ်ဆေးရေးဌာနက ဇူလိုင် ၂ ရက်က အိုင်အက်စ်အစွန်းရောက်အဖွဲ့နှင့် အဆက်အသွယ်ရှိသူ လေးဦးအား ဖမ်းဆီးခဲ့ကြောင်း မော်ရိုကို ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အိုင်အက်စ်အစွန်းရောက်အဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟု ယူဆရသူ လေးဦးသည် ကာဆာဘလန်ကာ၊ တန်ဂျီယန်နာ ဒွန်တစ်နစ်စသည့်မြို့များ၌ အကြမ်းဖက်လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်ဟု သံသယရှိကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ၂၀၀၃ ခုနှစ်တွင် ကာဆာဘလန်ကာတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးကတည်းက မော်ရိုကို နိုင်ငံသည် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ခဲ့ရာ သိသာထင်ရှားသော အကျိုးရလဒ်များ ရရှိခဲ့သည်။

၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှစကာ ၂၀၁၈ခုနှစ် ဇွန်လအတွင်းတွင် အကြမ်းဖက်အဖွဲ့ငယ် ၅၃ ဖွဲ့ကို ချေမှုန်းနိုင်ခဲ့ပြီး အကြမ်းဖက်လုပ်ငန်းတွင် ပါဝင်သူဟု သံသယရှိသူ ၈၁၅ ဦးကို တရားစီရင်ရေးဌာနသို့ လွှဲပြောင်းပေးခဲ့ကြောင်း မော်ရိုကို ဗဟိုတရားစီရင်ရေးနှင့် စုံစမ်းစစ်ဆေးရေးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ **ဆင်ဟွာ**

### ဆစ်ဒနီ၌ အမှိုက်နှင့် ငြိနေသော ဝေလငါးကြီးကို ကယ်တင်နိုင်ခဲ့

**ဆစ်ဒနီ ဇူလိုင် ၄**

ဆစ်ဒနီဆိပ်ကမ်းတွင် ဇူလိုင် ၃ ရက်က ကြိုးနှင့်ငြိမိပြီး ရေပေါ်တွင် မျောနေသည့် ဝေလငါးတစ်ကောင်ကို ကယ်တင်ပြီး ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

သြစတြေးလျနိုင်ငံ အရှေ့ပိုင်း ကမ်းရိုးတန်းတစ်လျှောက်မှ မြောက်ဘက်သို့ ဦးတည်မျောပါလာသည့် အမှိုက်ကြိုးဖြင့် ငြိနေသော ဝေလငါးတစ်ကောင်ကို ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။

အမှိုက်ကြိုးအရှည် မီတာ ၁၀၀ ကျော်တွင် ပတ်မိပြီး ရေပေါ်တွင် မျောနေသည့် ဝေလငါးကို ငါးဖမ်းသမားများက တွေ့ရှိပြီးနောက် နယူးဆောက်သ်ဝေးပြည်နယ် အမျိုးသားဥယျာဉ်နှင့် အဏ္ဏဝါကယ်ဆယ်ရေးအဖွဲ့နှင့်အတူ အလုပ်သမားများစုပေါင်းကာ ယင်းဝေလငါးကြီးကို ကယ်ဆယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကယ်ဆယ်ပြီးနောက် အဆိုပါဝေလငါးကြီးမှာ မြောက်ဘက်သို့ ထွက်ခွာသွားကြောင်း သိရသည်။ နှစ်စဉ်တောင်ပိုင်းဆောင်းရာသီကာလတွင် ဝေလငါးများသည် အန္တာတိကတိုက် ပင်လယ်ပြင်မှ ပူနွေးသောရာသီဥတုရှိရာ မြောက်ပိုင်းရှိ သြစတြေးလျနိုင်ငံ ဂရိတ်ဘာရီယာသန္တာကျောက်တန်းများရှိရာ ပင်လယ်ပြင်ဘက်သို့ ဦးတည် လာရောက်လေ့ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ဥရောပခရီးစဉ် အီရန်အတွက် အကျိုးရှိစေမှာလား

**✻ တင်လင်းအောင် ✻**

**အီရန်သမ္မတ ဟက်ဆန်ရူဟာနီဟာ ဇူလိုင် ၂ ရက်နေ့က ဆွစ်ဇာလန်နိုင်ငံကို လာရောက်ခဲ့ပါတယ်။ အီရန်နဲ့ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေကြား နားလည်မှုထားခဲ့တဲ့ အီရန်နျူကလီးယားသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်သွားပြီးတဲ့နောက်မှာ ရူဟာနီရဲ့ဥရောပခရီးစဉ်ဟာ အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုဖြစ်လာပါတယ်။ အီရန်သမ္မတ ဟက်ဆန်ရူဟာနီရဲ့သြစတြီးယားခရီးစဉ်မှာ ခရီးတစ်ထောက်နားမယ်ဆိုတဲ့ အစီအစဉ်လည်း ပါဝင်ပါတယ်။ ရူဟာနီရဲ့ခရီးစဉ်ဟာ အက်တမ်ပုံးတည်ဆောက်ခြင်းကို ကာကွယ်ရန် ၂၀၁၅ နျူကလီးယားသမိုင်းဝင်သဘောတူညီချက်အပေါ် ဥရောပမှ ဆက်လက်ထောက်ခံရေးဆိုတဲ့ အဓိကကျတဲ့ ရည်မှန်းချက်တစ်ခုကို အကောင်အထည်ဖော်ဖို့ဆိုလည်း မမှားပါဘူး။**



သမိုင်းဝင် နျူကလီးယားသဘောတူညီချက်ကို ဗီယင်နာမှာ ၂၀၁၅ ခုနှစ် ဇူလိုင်လ လက်မှတ်မရေးထိုးခင်မှာ ဆွစ်ဇာလန်နိုင်ငံနဲ့ အရင်ဆုံးဆွေးနွေးညှိနှိုင်းမှုတွေ လုပ်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီလိုအရေးကြီးတဲ့ သမိုင်းဝင်သဘောတူညီချက်လုပ်ခဲ့တဲ့ ဗီယင်နာကို အီရန်သမ္မတ ဟက်ဆန်ရူဟာနီအနေနဲ့ ဇူလိုင် ၄ ရက်မှာ သွားရောက်မှာဖြစ်တယ်လို့လည်း သိရပါတယ်။

### အနာဂတ်လမ်းစဉ်တွေကို ဆွေးနွေးသွားမယ်

အီရန်သမ္မတ ဟက်ဆန်ရူဟာနီရဲ့ ခရီးစဉ်မှာ နျူကလီးယားအစီအစဉ်နဲ့ ပတ်သက်ပြီး အနာဂတ်လမ်းစဉ်တွေကို ဆွေးနွေးသွားနိုင်ခြေရှိတယ်လို့ လေယာဉ်ပေါ်မတက်ခင် သူက တီဟီရန်မာရာဘတ်လေဆိပ်မှာ သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

အီရန်သမ္မတ ဟက်ဆန်ရူဟာနီနဲ့ သူ့ရဲ့ ကိုယ်စားလှယ်အဖွဲ့တွေကို ဇူးရစ်မြို့မှာ ဆွစ်ဇာလန်သမ္မတ အလိန်းဘာဆက်ကဂုဏ်ပြုတပ်ဖွဲ့နဲ့ ကြိုဆိုခဲ့ပါတယ်။

နိုင်ငံခြားဝန်ကြီးဌာန ဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်က မြို့တော်ဘန်းမှာ ဆွစ်တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ဖို့ အစီအစဉ်ဆွဲထားတာတွေရှိတယ်လို့ သိရပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ နျူကလီးယား သဘောတူညီချက်မှ ထွက်ခွာသွားပြီး နှစ်လနီးပါးမှာ အခုလို အီရန်သမ္မတ ဟက်ဆန်ရူဟာနီရဲ့ ဥရောပခရီးစဉ် ထွက်ပေါ်လာခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အမေရိကန် သမ္မတဒေါ်နယ်ထရန့်ဟာ နျူကလီးယားသဘောတူညီချက်မှထွက်ခွာသွားတဲ့အတွက် သဘောတူညီမှုမှာ လက်မှတ်ရေးထိုးတဲ့ တခြားနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန်နဲ့ ရုရှားတို့ဟာ အမေရိကန်ကို ဒေါသထွက်နေကြပါတယ်။ သို့သော်လည်း အဲဒီနိုင်ငံတွေဟာ ဥရောပသမဂ္ဂနဲ့အတူ အီရန်နျူကလီးယား သဘောတူညီမှုကို ထောက်ခံခဲ့ကြပါတယ်။

အဲလိုထောက်ခံခြင်းဖြင့် အီရန်ရဲ့ နျူကလီးယားလုပ်ဆောင်မှုကို ဟန့်တားနိုင်မှာပဲ ဖြစ်ပါတယ်။ အီရန်ဟာ ၂၀၁၅ နျူကလီးယား သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးကတည်းက သူ့ရဲ့ ရန်လိုမှုနဲ့ ကြမ်းတမ်းမှုတွေ ပိုမိုအကောင်အထည်ပေါ်လာသလိုပါပဲ။ ပြည့်စုံကျယ်ပြန့်တဲ့ ပူးတွဲလုပ်ဆောင်ချက်အစီအစဉ်တစ်နည်း နျူကလီးယားသဘောတူညီချက်ကို လက်ရှိပုံစံအတိုင်း လက်ခံဖို့ မဖြစ်နိုင်ဘဲ ပြုပြင်မှုတွေလုပ်ဆောင်ဖို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကြိုးစားခဲ့ပါတယ်။ အခုတော့ အမေရိကန်ဟာ နျူကလီးယားသဘောတူညီချက်က ထွက်ခွာသွားပြီး အီရန်ကို အရေးယူပိတ်ဆို့မှုတွေ ပိုမိုလုပ်ဆောင်ခဲ့ပါတယ်။

သို့သော်လည်း အီရန်ဘက်က နျူကလီးယားကို နိုင်ငံတော်ကာကွယ်ရေးအတွက် ပြုလုပ်သည်ဟုဆိုကာ မကြာသေးမီက ပြောကြားခဲ့ပါတယ်။ အီရန်နိုင်ငံရဲ့ နျူကလီးယားအစီအစဉ်ကို အီရန်ဒုသမ္မတက ကြီးကြပ်လျက်ရှိကြောင်း သိရပါတယ်။ အကယ်၍သာ အီရန်နျူကလီးယား အစီအစဉ်ပေါ် ကန့်သတ်ချက်တွေကို ခွင့်ပြုလိုက်ခြင်းအားဖြင့် အီရန်နိုင်ငံဟာ နျူကလီးယား ထိပ်ဖူးတပ် ဒုံးကျည်ပစ်လွှတ်နိုင်စွမ်းအစီအစဉ်၊ လက်နက်ဝယ်ယူခွင့်၊ စစ်ဘက်ဆိုင်ရာခေတ်မီနျူကလီးယား နိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ပေါက်လာမှာဖြစ်ပါတယ်။

အခုလည်း အီရန်သမ္မတ ဟက်ဆန်ရူဟာနီဟာ သူ့ရဲ့ခရီးစဉ်မှာ နျူကလီးယားကိစ္စကိုဆွေးနွေးသွားမယ်လို့ သိရပါတယ်။

### အီရန်ရဲ့ ယူရေနီယံသန့်စင်မှု ၂၀ ရာခိုင်နှုန်း အထက်တောင်ရောက်နေ

အီရန်နိုင်ငံရဲ့ အခုအခါမှာတော့ ယူရေနီယံသန့်စင်မှုဟာ ၂၀ ရာခိုင်နှုန်း အထက်တောင်ရောက်ရှိနေပြီလို့ သိရပါတယ်။ အဲဒီပမာဏဟာ သဘောတူညီချက်မှာ သတ်မှတ်ထားတဲ့ ပမာဏထက် ပိုမိုများပြားနေတယ်လို့သိရပါတယ်။

အီရန်သမ္မတ ဟက်ဆန်ရူဟာနီရဲ့ ခရီးစဉ်ဟာ အီရန်နဲ့ ဥရောပရဲ့နျူကလီးယားသဘောတူညီချက်အပေါ် ပိုမိုတိကျစွာအကောင်အထည်ပေါ်လာဖို့အတွက် အရေးကြီးတဲ့ ခရီးစဉ်ဖြစ်တယ်လို့ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘာရမ်ဂေ့ဆမီက ပြောခဲ့ပါတယ်။

သြစတြီးယားဟာ လွန်ခဲ့တဲ့တနင်္ဂနွေနေ့က ခြောက်လကြာ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ယူခဲ့ပါတယ်။ အမေရိကန်နဲ့ အီရန်နိုင်ငံကြားမှာ နိုင်ငံတကာသံတမန်ဆက်သွယ်မှုမရှိတာကြောင့် လတ်တလောမှာ ဆွစ်ဇာလန်နိုင်ငံဟာ အီရန်နိုင်ငံအပေါ် ကျင့်သုံးနေတဲ့ အမေရိကန်နိုင်ငံရဲ့အကျိုးစီးပွားကို ကိုယ်စားပြုနေရပါတယ်။

ဗီယင်နာဟာ ဥရောပသမဂ္ဂရဲ့နျူကလီးယားစောင့်ကြည့်တဲ့နေရာတစ်ခုဖြစ်နေပြီး နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီဖြစ်တဲ့ အိုင်အေအီးအေဟာလည်း အီရန်နိုင်ငံရဲ့ နျူကလီးယား သဘောတူညီချက်အတိုင်း လိုက်ပါလုပ်ဆောင်ခြင်း ရှိ၊ မရှိ လေ့လာစောင့်ကြည့်လျက်ရှိပါတယ်။

နျူကလီးယား သဘောတူညီချက်ဟာ ရူဟာနီရဲ့ အနောက်နိုင်ငံတွေနဲ့ ပတ်သက်တဲ့၊ ပွင့်လင်းတဲ့ မူဝါဒတစ်ခုဖြစ်တယ်လို့ သိရပါတယ်။ အမေရိကန်ရဲ့ လုပ်ဆောင်ချက်အပေါ် အလွန်တရာရှေးကျတဲ့ ရှေးရိုးစွဲ ဝါဒီတွေကတော့ ပြည်တွင်းမှာ ဝေဖန်မှုတွေသောသောညံ ပြုလုပ်လျက်ရှိပါတယ်။

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ မြင့်တက်လာမှာလား

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ အီရန်နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်ဖို့ ဆုံးဖြတ်ချက် မချရသေးခင်မှာပဲ အီရန်ပြည်သူတွေဟာ အီရန်နိုင်ငံရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြင့်တက်လာမယ်ဆိုတဲ့ မျှော်လင့်ချက်တွေအပေါ် ဝေဖန်မှုတွေ ပြုခဲ့ကြပါတယ်။

သာမန်အီရန်တွေအတွက် ၂၀၁၅ နျူကလီးယား သဘောတူညီချက်ရဲ့ ကတိကဝတ်တွေဟာ စီးပွားရေးကို ပြန်လည်ဦးမော့လာစေမယ့် အကြောင်းတရားများပဲဖြစ်ပါတယ်။ အီရန်နိုင်ငံအပေါ် နိုင်ငံတကာက ပိတ်ဆို့အရေးယူမှုတွေကိုလည်း ဖယ်ရှားလိုက်ပါပြီ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်း အီရန်နိုင်ငံကို စီးဝင်လာပါပြီ။ အမေရိကန်ပြည်ထောင်စုနဲ့ သူ့ရဲ့မဟာမိတ်တွေရဲ့နှစ်ပေါင်းများစွာကြာအောင် ဝိုင်းပယ်ခြင်းကို ခံရတဲ့ အီရန်နိုင်ငံရဲ့ လူနေထိုင်မှုအဆင့်အတန်းဟာ ပြန်လည်မြင့်တက်လာပြီ ဖြစ်ပါတယ်။ အရင်က မှေးမှိန်ခဲ့တဲ့ အီရန်နိုင်ငံဟာ ယခုတစ်ခါပြန်လည် စည်ပင်ဝပြောလာပြီ ဖြစ်ပါတယ်။ ဒါတွေဟာ အီရန်တွေလိုလားတောင့်တနေတဲ့ အနာဂတ်တစ်ခုပုံစံပါပဲ။ သို့သော်လည်းပဲ လက်တွေ့ဘဝဟာ အိပ်မက်တွေနဲ့ အမှန်တကယ်ဝေးကွာလှပါတယ်။

ရူဟာနီနဲ့ သူ့ရဲ့ နျူကလီးယား စာချုပ်ကိစ္စမှတစ်ဆင့် အီရန်ပြည်သူတွေလိုချင်တဲ့ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ၊ အလုပ်အကိုင်ကိစ္စတွေနဲ့ ခေတ်မီပြောင်းလဲတဲ့ ဘဝတွေရရှိလာမယ်လို့ အီရန်တွေက မျှော်လင့်ထားကြပါတယ်။ သို့သော်လည်းပဲ ဒါတွေဟာ ဖြစ်မလာခဲ့ပါဘူး။ ဒါတွေဟာ စိတ်ကူးယဉ်ဆန်ဆန် မျှော်လင့်တောင့်တမှုတွေ သက်သက်ပဲ ဖြစ်ပါတယ်။

အမှန်တကယ် မဖြစ်လာသေးတဲ့အပေါ် အီရန်ပြည်သူတွေဟာ မျှော်တော်ယောင်ဘဝက လွတ်ချင်နေပြီ ဖြစ်ပါတယ်။ အခုအခါမှာတော့ အမေရိကန်ကလည်း အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုတွေ ပြုလုပ်နေတဲ့အတွက် တတိယနိုင်ငံတစ်ခုခုကနေပြီး အီရန်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ဆိုတာ အသေအချာစဉ်းစားရမယ့် ကိစ္စပဲဖြစ်ပါတယ်။

သို့သော်လည်း အီရန်သမ္မတ ဟက်ဆန်ရူဟာနီဟာ ဇူလိုင် ၃ ရက်မှာ ဆွစ်ကုန်သည်ကြီးတွေ အစည်းအဝေးကို တက်ရောက်မယ်လို့လည်း သိရပါတယ်။ နှစ်နိုင်ငံအစိုးရတွေဟာ ဆွစ်ကုန်သည်ကြီးတွေ အစည်းအဝေးမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ ပတ်သက်ပြီး သဘောတူညီချက်တွေ လက်မှတ်ရေးထိုးသွားမယ်လို့ သိရပါတယ်။ အဲဒီသဘောတူညီချက်မှာ လက်မှတ်ရေးထိုးမှုတွေဟာ အီရန်ပြည်သူတွေအတွက် အကျိုးရှိမလား မရှိဘူးလားဆိုတာတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ဗီယင်နာအစည်းအဝေးမှာလည်း အီရန်အနေနဲ့ စီးပွားရေးဆိုင်ရာ စာချုပ်တွေချုပ်ဆိုသွားမယ်လို့ သြစတြီးယားသတင်းမီဒီယာကတစ်ဆင့် သိရပါတယ်။ အီရန်ဟာ ဒေသတွင်းမတည်ငြိမ်မှုတွေရဲ့ လက်သည်လို့ စွပ်စွဲခံနေရတဲ့အပေါ်လည်း ငြင်းဆိုလျက်ရှိပါတယ်။ ဝန်ကြီးချုပ် ဆာဘီရှန်ကက်ဇ်ကတော့ ရူဟာနီနဲ့ အရှေ့အလယ်ပိုင်းအပေါ် အီရန်ရဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်ပြီး လွတ်လပ်စွာ အမြင်ချင်းဖလှယ်သွားမယ်လို့ သိရပါတယ်။ ထို့အတူ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီးတော့လည်း တိကျစွာ သိရဖို့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း သူက ဆက်လက်ပြောခဲ့ပါတယ်။

လွန်ခဲ့တဲ့လက အမေရိကန်ပြည်ထောင်စုဟာ ကုလလုံခြုံရေးအဖွဲ့ဝင်နိုင်ငံတွေကို ဆိုးရွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အီရန်ကို အပြစ်ပေးဖို့ တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ကြိမ် အီရန်ခေါင်းဆောင်တစ်ယောက်ရဲ့ဥရောပခရီးစဉ်ဟာ အီရန်ရဲ့ သံတမန်ရေးဆိုင်ရာ ချဲ့ထွင်မှုတစ်ခုလားဆိုတာကတော့ စိတ်ဝင်စားစရာကောင်းနေပါတယ်။

အီရန်ကတော့ သူတို့ မျှော်မှန်းသလို နျူကလီးယား သဘောတူညီချက်ကတစ်ဆင့် အီရန်နိုင်ငံကြီး သာယာဝပြောဖို့ စဉ်းစားဟန်တူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အကယ်၍ နိုင်ငံရဲ့စီးပွားရေးသာ ပျက်သုဉ်းခဲ့မယ်ဆိုပါက အီရန်နျူကလီးယားသဘောတူညီချက်အပေါ်လည်း လိုက်ပါလုပ်ဆောင်မှာမဟုတ်ဘူးလို့ အီရန်အစိုးရက အတိအလင်းပြောကြားခဲ့လို့ပဲ ဖြစ်ပါတယ်။ ဥရောပခရီးစဉ်ဟာ အီရန်နိုင်ငံအတွက် အမှန်တကယ်အကျိုးရှိမှာလားဆိုတာကတော့ လေ့လာစောင့်ကြည့်သွားရမှာပဲဖြစ်ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

# ဒီမိုကရေစီစံနှုန်းများနှင့်အညီ တစ်ခေတ်ပြန်လည်ဆန်းသစ်လာသည့် မြန်မာ့သမဝါယမ

မောင်ကျော်မိုး (SSID)

သမဝါယမအသင်းများကို ဥရောပနိုင်ငံများတွင် ၁၈၀၀ ပြည့်နှစ်ကျော်ကာလပေါ်ပေါက်ခဲ့သော စက်မှုတော်လှန်ရေး၏ လှိုင်းဂယက်ဒဏ်ကို ပထမဦးဆုံးနှင့် အပြင်းထန်ဆုံးခံလိုက်ရသည့် အိမ်တွင်းစက်မှုလက်မှု အလုပ်သမားများနှင့် ရက်ကန်းသမားများက စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြခြင်း ဖြစ်ပါသည်။ အရင်းရှင်စီးပွားရေးစနစ်ကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးနှင့် လူမှုရေးမတည်ငြိမ်မှုများနှင့် စီးပွားရေးကျပ်တည်းမှုဒုက္ခများမှ လွတ်မြောက်နိုင်စေရန် စုပေါင်းအားကိုဆောင်သည့် သမဝါယမစနစ်ကို တီထွင်ကြံဆရင်း ကမ္ဘာ့သမဝါယမလုပ်ငန်းများ အောင်မြင်လာခဲ့ပါသည်။

**သမဝါယမအသင်းများ ဖွဲ့စည်း**

'သမဝါယမ' ဆိုသည့်စကားရပ် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာသည်မှာ ၁၉၀၄ ခုနှစ် 'သမဝါယမငွေစုငွေချေးအသင်းများဆိုင်ရာ အက်ဥပဒေ' အရ စစ်ကိုင်းခရိုင် မြင်းမူမြို့တွင် ၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့က ပထမဦးဆုံး သမဝါယမငွေစုငွေချေးအသင်းကို ဖွဲ့စည်းခဲ့သည့်နေ့မှ ယနေ့အထိ နှစ်ပေါင်း ၁၀၀ ကျော်တိုင် ကြာခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ သမဝါယမရောက်ရှိလာချိန်မှာ မြန်မာနိုင်ငံ အင်္ဂလိပ်ကိုလိုနီဘဝကျရောက်ခဲ့သည့် ၁၈၈၅ ခုနှစ်မှစ၍ နှစ်ပေါင်း ၂၀ အကြာကာလ ၁၉၀၅ ခုနှစ်တွင် ဖြစ်ပါသည်။ ထိုအချိန်က မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရအရာရှိကြီးများ အုပ်ချုပ်သောကာလဟုခေါ်တွင်သည်နှင့်အညီ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ခဲ့သော သမဝါယမငွေစုငွေချေးအသင်းဆိုင်ရာ အက်ဥပဒေပါ Co-operative society ဆိုသော စကားလုံးကို မြန်မာဘာသာစကားအဖြစ် တိုက်ရိုက်ပြန်ဆိုနိုင်သော စကားလုံးမရှိသေး၍ မြန်မာဘာသာစကားပြန်များ သဘောပေါက်သည့်အတိုင်း "လူအများ စုပေါင်းလုပ်ကိုင်သည့်လုပ်ငန်း" ဟူ၍ သုံးစွဲလျက် စည်းရုံးဖွဲ့စည်းခဲ့ကြ၍ Co-operative ၏ အနက်အဓိပ္ပာယ် အတိအကျကို သိရှိနားလည်သဘောပေါက်ခြင်း မရှိသဖြင့် ဖွဲ့စည်းသည့် အချိန်မှ နှစ်နှစ်အတွင်း အသင်းအရေအတွက် ၂၁ သင်း၊ အသင်းသား ၁၃၆၅ ဦးသာရှိခဲ့ကြောင်း မှတ်တမ်းများတွင် တွေ့ရှိရပါသည်။

ထိုစဉ်က မြန်မာလူမျိုးများအနေဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ငွေကြေးအရင်းအနှီးပြည့်စုံသူများက ကုမ္ပဏီများနှင့် အစုစပ်လုပ်ငန်း (Partnership) အဖြစ် ထူထောင်ဆောင်ရွက်ခြင်းကိုသာ မြင်တွေ့ရာမှ သာမန်လက်လုပ်လက်စားများ ကိုယ်တိုင်စုပေါင်းပါဝင်ပြီး စီးပွားရေးလုပ်ငန်းများကို သမဝါယမအသင်း Co-operative စတင်ဖွဲ့စည်းစဉ်က ကျေးလက်နေ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သော တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်အခက်အခဲကို ဖြေရှင်းပေးရန်အတွက်သာ ဦးတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း မြို့ပေါ်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်လိုသူများနှင့် ဈေးသည်လေးများ၏ ကုန်ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှု အရင်းအနှီးလိုအပ်ချက်ကိုပါ သက်သာသောအတိုးနှုန်းဖြင့် ဖြည့်ဆည်းပေးနိုင်ကြောင်း တွေ့ရှိလာသောကြောင့် ငွေကြေးအရင်းအနှီးမပြည့်စုံသူများ မိမိတို့အချင်းချင်း ညီညွတ်စုစည်း ပူးပေါင်း၍ သမဝါယမအသင်းများ ဖွဲ့စည်းပြီး ဆောင်ရွက်လာကြရာမှ ယနေ့တိုင်သမဝါယမလုပ်ငန်းများကို ပြည်သူလူထုမှ လက်ခံကျင့်သုံးဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

**သမဝါယမလှုပ်ရှားမှု**

မြန်မာနိုင်ငံ သမဝါယမလှုပ်ရှားမှု ဖြတ်သန်းခဲ့ရသော ပါလီမန်ခေတ်၊ ဆိုရှယ်လစ်ခေတ်နှင့် ယနေ့ကာလ ဈေးကွက်စီးပွားရေးခေတ်အထိ နှစ် ၁၀၀ အတွင်း မြန်မာ့သမဝါယမခေတ်အဆက်ဆက် အခြေခံအုတ်မြစ်ချခဲ့သူများ သမဝါယမဆိုသည့် မြန်မာစကားရပ်ကို စတင်တီထွင်သုံးစွဲခဲ့သူများ အများအကျိုးအတွက် စေတနာ့ဝန်ထမ်း အပင်ပန်းအဆင်းရဲခံပြီး ကျေးလက်များသို့ ကွင်းဆင်းစည်းရုံး၍ သမဝါယမအသင်းများ တည်ထောင်ဖွဲ့စည်းပေးခဲ့သူများအကြောင်း မှတ်တမ်းတင်ထားပါသည်။



ယမန်နှစ်က အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဈေးရောင်းပွဲတော် ဖွင့်ပွဲကျင်းပစဉ်။

ထို့အပြင် ခေတ်အမျိုးအမျိုး၊ စနစ်အမျိုးမျိုးပြောင်းလဲရာတွင် ကျေးလက်သမဝါယမစနစ် ကျဆုံးလုနီးပါး ရင်ဆိုင် တွေ့ကြုံရသည့် အခက်အခဲကို မြန်မာလူမျိုးများထဲမှ မြန်မာ့ကျေးလက်လယ်ယာစီးပွားရေးစနစ် ကျွမ်းကျင်သူတစ်ဦးက ကြိုးပမ်းကာကွယ်ခဲ့ပုံကိုလည်း တင်ပြထားပါသည်။ ထို့အပြင် ဒုတိယကမ္ဘာစစ်မီးတောက်လောင်နေဆဲကာလအတွင်း၌ပင် အင်္ဂလိပ်အစိုးရနှင့်အတူ အိန္ဒိယသို့ ထွက်ပြေးတိမ်းရှောင်ခြင်းမပြုဘဲ ကျန်ရစ်ခဲ့သော မြန်မာနိုင်ငံသား သမဝါယမဝန်ထမ်းများက ကျေးလက်ပြည်သူများနှင့်အတူ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းများနှင့် စုဝယ်ဝေငှအသင်း (စားသုံးသူသမဝါယမအသင်း) စနစ်ဖြင့် ကုန်ပစ္စည်းရှားပါးမှုကို ကာကွယ်ပေးခဲ့ခြင်းအား မှတ်တမ်းတင်ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။

**သမဝါယမအနှစ်သာရများ**

ထိုနည်းတူ ကိုလိုနီခေတ်၊ ပါလီမန်ခေတ်၊ ဆိုရှယ်လစ်ခေတ်နှင့် ဈေးကွက်စီးပွားရေးခေတ်များတွင်လည်း သမဝါယမစနစ်သည် လူတို့၏ အတ္တဟိတ (ကိုယ်ကျိုးစီးပွား) နှင့် ပရဟိတ (အများအကျိုးစီးပွား) ဒွန်တွဲမှုပေါ်တွင် အခြေစိုက်၍ ကြံဆတီထွင်သည့် စနစ်ဖြစ်သည်နှင့်အညီ လူတို့၏ စီးပွားရေးအခြေအနေများ တိုးတက်အောင်မြင်စေရန်အလို့ငှာ လူတန်းစားခွဲခြားမှုမရှိဘဲ သာတူညီမျှစနစ်ဖြင့် လူသားအချင်းချင်း ဆက်ဆံပေါင်းသင်း၍ မိမိတို့၏ဆန္ဒအလျောက် အတူတကွ ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် စဉ်ဆက်မပြတ် ပြည်သူလူထုကြားတွင် ယနေ့ထိ ရပ်တည်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဤကဲ့သို့ သက်တမ်းရှည်ကြာစွာ ပြည်သူ့အကျိုးစီးပွားကို သယ်ပိုးနိုင်လျက်ရှိရခြင်းမှာ သမဝါယမအနှစ်သာရများသည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ ရေမြေသဘာဝ၊ ထုံးတမ်းဓလေ့၊ ယဉ်ကျေးမှုများနှင့် အလွန်ကိုက်ညီလျက်ရှိသောကြောင့် ဖြစ်ပါသည်။ မြန်မာလူမျိုးတို့၏ ပင်ကိုစိတ်ထားမှာ ကြင်နာသနားခြင်း၊ ကူညီရိုင်းပင်းတတ်ခြင်း စသည့် အသင်းဖွဲ့စည်းရေးအတွက် အထူးလိုအပ်သည့် အခြေခံသဘောတရားများနှင့် ပြည့်စုံလျက်ရှိရာ ယင်းစိတ်ဓာတ်သည် ပင်လျှင် အချင်းချင်း ရိုင်းပင်းကူညီမှုဖြင့် ပူးပေါင်းဖွဲ့စည်းထားသည့် သမဝါယမအသင်းဖွဲ့စည်းရေးအတွက် များစွာအထောက်အကူပြုနေသော မြန်မာ့ပင်ကိုဓာတ်ခံပင်ဖြစ်နေကြောင်း တွေ့ရှိရသည်။

ယနေ့ကာလ မြန်မာနိုင်ငံ သမဝါယမအသင်းများ လိုက်နာကျင့်သုံးလျက်ရှိသော ၁၉၉၂ ခုနှစ် သမဝါယမအသင်းများ ဥပဒေပါ အခြေခံမှုများကိုကြည့်လျှင်လည်း ယနေ့ဒီမိုကရေစီစံနှုန်းများနှင့် အညီဖြစ်နေသည်ကို အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်ပါသည်-

(က) ဆန္ဒအလျောက်ပါဝင်သူများဖြင့် ဖွဲ့စည်းရန်၊
(ခ) လူတစ်ကိုယ် ဆန္ဒတစ်မဲဖြင့် အများဆန္ဒနှင့်အညီ စီမံခန့်ခွဲရန်၊
(ဂ) အစုအတွက် ရရှိမည့် အကျိုးခံစားခွင့်ကို ကန့်သတ်ထားရန်၊
(ဃ) အသားတင်အမြတ်ငွေကို အသင်းသားများ၏ ဆုံးဖြတ်ချက်ဖြင့် ခွဲဝေရန်၊
(င) သမဝါယမသဘောတရားနှင့် နည်းစနစ်ပြန့်ပွားရေး ဆောင်ရွက်ရန်၊
(စ) သမဝါယမအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်၊
(ဆ) အသင်း၏ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်သည့် အဖွဲ့အစည်းသာဖြစ်စေရန်၊
(ဇ) အသင်းသားအသင်းဝင်တို့ လူနေမှုအဆင့်အတန်း မြင့်မားရေးကို ရှေးရှုဆောင်ရွက်ရန်၊
(ဈ) အသင်းသား အသင်းဝင်များသည် အသင်း၏ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများဖြစ်စေရန်၊
(ည) အသင်းသား အသင်းဝင်များနှင့် အကျိုးတူစီးပွားဖက်အချင်းချင်း လုပ်အားပစ္စည်းတို့ ပူးပေါင်း၍ အများဆန္ဒဖြင့် စီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖြစ်စေရန်၊

ယခု ဒီမိုကရေစီအစိုးရသစ်လက်ထက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်တွင်လည်း သမဝါယမများသည် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီစံပြလယ်ယာများ ဖော်ထုတ်ပေးခြင်း၊ အသင်းသားတောင်သူလယ်သမားများအား စိုက်ပျိုးရေးချေးငွေများ ထုတ်ချေးပေးခြင်း၊ သွင်းအားစုများ၊ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျရောင်းချပေးခြင်း၊ မွေးမြူရေးချေးငွေများပေးအပ်ခြင်း၊ လှေ၊ ငါးဖမ်းပိုက် စသည့်မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ အရစ်ကျရောင်းချပေးခြင်း စသည်ဖြင့် သမဝါယမများသည် ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ဟန်ချက်ညီညီတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ယနေ့အခါ အစိုးရအဖွဲ့၏ အားပေးကူညီမှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ သမဝါယမဦးစီးဌာန၊ ဗဟိုသမဝါယမအသင်း အပါအဝင် အသင်းအဆင့်ဆင့်၏ ယခင်ခေတ်များ၏ အမှားများကို သင်ခန်းစာယူကာ မူဝါဒများ၊ စည်းမျဉ်း စည်းကမ်းများ စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၆၄၀၀၀ ကျော်တွင် အသင်းပေါင်း ၄၀၀၀၀ ကျော်အထိ တိုးတက်ဖွဲ့စည်းနိုင်ခဲ့ကာ သမဝါယမများ ပြန်လည်ရှင်သန်လာလျက်ရှိနေပြီဖြစ်သည်။

**သမဝါယမကဏ္ဍမှ ပံ့ပိုးကူညီဆောင်ရွက်ပေးမှု**

အလားတူ ယနေ့ထိ သမဝါယမအသင်းသား တောင်သူဦးကြီးများအတွက် အသေးစားအရင်းအနှီးချေးငွေ ကျပ် ၅၃၀ ဘီလီယံကျော် ထုတ်ချေးပေးနိုင်ခဲ့ပြီး လယ်ယာသုံးစက်ကိရိယာ အစီးရေ ၃၈၀၀ ကျော်၊ တန်ဖိုးငွေကျပ် ၁၇ ဒသမ ၅ ဘီလီယံကျော် အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့ကာ အဆင့်မြင့် စက်မှုလယ်ယာပြုပြင်ခြင်းတွင် လယ်ယာမြေ ဧက ၂၉၀၀၀ ကျော်အတွက် ချေးငွေကျပ် ၈ ဒသမ ၃ ဘီလီယံကျော်၊ မျိုးစေ့ ထုတ်သမဝါယမအသင်းများအတွက် ချေးငွေကျပ် ၂ ဒသမ ၄ ဘီလီယံကျော် ထုတ်ချေးပေးနိုင်ခြင်းက မြန်မာ့လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမကဏ္ဍမှ ပံ့ပိုးကူညီဆောင်ရွက်ပေးမှု မှတ်တမ်းကောင်းများပင်ဖြစ်ပေသည်။ ထို့ထက် သာလွန်ကောင်းမွန်သော မှတ်တမ်းပြုသင့်သည့်အချက်မှာ အသင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် အသင်းအဆင့်ဆင့်၏ ကြိုးစားအားထုတ်မှု၊ ဦးစီးဌာနဝန်ထမ်းများ၏ ကြီးကြပ်မှုကြောင့် အရင်းအနှီးချေးငွေများ ၁၀၀ ရာခိုင်နှုန်း အပြေအကျေပြန်လည်ပေးဆပ်နိုင်ခြင်းပင် ဖြစ်ပါသည်။

သို့ဖြစ်၍ ယခင်ခေတ်အဆက်ဆက်က အစိုးရများ၏ သမဝါယမအသင်းများအပေါ် ဝင်ရောက်စွက်ဖက် ပါဝင်ပတ်သက်မှုများကြောင့် ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ 'သမဝါယမ' ဟူသော စကားရပ်ကို ပြည်သူများက မကြားချင်လောက်သည်အထိ လွန်စွာမုန်းတီးရွံ့ရှာခဲ့ကြသော်လည်း ယနေ့အခါ ဒီမိုကရေစီခေတ်နှင့်အညီ ဒီမိုကရေစီစံနှုန်းများအတိုင်း အများအကျိုးအတွက် သမဝါယမ အခြေခံမှုများနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် မြန်မာပြည်သူများအတွက် လွန်စွာအကျိုးများသော၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စိတ်ဓာတ်၊ မြန်မာ့ဓလေ့များနှင့် ကိုက်ညီသော၊ ယနေ့မြန်မာပြည်သူတို့၏ လိုအပ်ချက်နှင့်လည်း ဆီလျော်သည့် သမဝါယမလုပ်ငန်းများ ဒီမိုကရေစီစံနှုန်းများနှင့်အညီ တစ်ခေတ်ပြန်လည်ဆန်းသစ် ရှင်သန်ဖွံ့ဖြိုးလာစေရေးအတွက် ပြည်သူများအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်သင့်ပါကြောင်း (၉၆) ကြိမ်မြောက် အပြည်အပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုလျက် ရေးသားတင်ပြအပ်ပါသည်။ ။

> **"ယနေ့အခါ အစိုးရအဖွဲ့၏ အားပေးကူညီမှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ သမဝါယမဦးစီးဌာန၊ ဗဟိုသမဝါယမအသင်း အပါအဝင် အသင်းအဆင့်ဆင့်၏ ယခင်ခေတ်များ၏ အမှားများကို သင်ခန်းစာယူကာ မူဝါဒများ၊ စည်းမျဉ်း စည်းကမ်းများ စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၆၄၀၀၀ ကျော်တွင် အသင်းပေါင်း ၄၀၀၀၀ ကျော်အထိ တိုးတက်ဖွဲ့စည်းနိုင်ခဲ့ကာ သမဝါယမများ ပြန်လည်ရှင်သန်လာလျက်ရှိနေပြီဖြစ်"**

## ကျောက်ဆိပ်ကျေးရွာနှင့် ယိုးငူကျေးရွာတို့တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိ

**ပုဏ္ဏားကျွန်း ဇူလိုင် ၄**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကျောက်ဆိပ်ကျေးရွာနှင့် ယိုးငူကျေးရွာတို့တွင် ဇွန်လစတုတ္ထပတ်မှစတင်ကာ လျှပ်စစ်ဓာတ်အား ၂၄ နာရီ ရရှိနေပြီဖြစ်ကြောင်း ပုဏ္ဏားကျွန်းမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

ထို့အပြင် မြို့နယ်လျှပ်စစ်မှူး ဦးမိုးကျော်သူ၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်ဝန်ထမ်းများက အဆိုပါကျေးရွာတို့၌ One Stop Service အလင်းရောင်စီမံချက်ဖြင့် လျှပ်စစ်မီတာများကို နေ့ချင်းပြီးတပ်ဆင်လျက်ရှိပြီး မြို့နယ်လျှပ်စစ်မှူးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးဟောပြောပွဲများ၊ လျှပ်စစ်လက်ကမ်းစာစောင်များ၊ မီတာအသစ်များအကြောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

အောင်လှဖြူ (ရမ်းဗြဲ)

# လျှပ်စစ်အန္တရာယ်ကင်းဝေးကြစေဖို့ အပိုင်း(၄)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

**မြို့ပြသုံးလျှပ်စစ်ဓာတ်အားဖြစ်သော အေစီလျှပ်စစ်ကို ထုတ်လုပ်ရာတွင် ပထဝီအနေအထားအရ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေတံခွန်ပေါများသော ဒေသနိုင်ငံများတွင် ရေအားသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ (Hydro Power Plant) များကို အဓိကထား၍ အသုံးပြုကြသည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင် နည်းပါးသော နိုင်ငံများနှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါများသော်လည်း လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်လောက်အောင် ရေစီးအားနှင့် ရေပမာဏတို့ လုံလောက်စွာမရရှိသော ဒေသနိုင်ငံများတွင်မူ အင်ဂျင်စက်နှင့် ရေနွေးငွေ့တာဘိုင်များကို အဓိကထားအသုံးပြုကာ အေစီလျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ကြသည်။**

ရေအားသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရန်မှာ သဘာဝပထဝီအနေအထားအရ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေတံခွန်များ လုံလောက်စွာ ရှိရုံမျှမက ရာသီမရွေးစီးဆင်းသည့် ရေပမာဏမှာလည်း ရေအားလျှပ်စစ်ထုတ်ယူနိုင်သည့် အနေအထားတွင် ရှိရန်လိုအပ်သည်။ ရေအားလျှပ်စစ်ထုတ်ယူကြရာတွင် အဓိကအားဖြင့် တောင်စောင်း၊ ချောက်ကမ်းပါးနှင့် ရေတံခွန်များမှ ရာသီမရွေး အလျဉ်မပြတ် စီးဆင်းနေသော ဖိအားမြင့်သည့် ရေစီးအားကို အသုံးပြုကြရခြင်းဖြစ်ရာ ယင်းသို့သော အနေအထားနှင့် ကိုက်ညီပြည့်စုံသည့် ရေတံခွန်များ တည်ရှိရာနေရာများသည်လည်း ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်၍ ရနိုင်သောနေရာမျိုးဖြစ်ရန် လိုအပ်သည်။

ထို့ပြင် ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို မြို့ပြများသို့ပို့ဆောင်ဖြန့်ဖြူးပေးရန်အတွက် ဓာတ်အားလိုင်းကြိုးကြီးများကို ဖြတ်သန်းသွယ်တန်းရန် အဆင်ပြေသော နေရာ အနေအထားမျိုးလည်း ဖြစ်ရန်လိုအပ်သည်။ ရေအားလျှပ်စစ်ကို ကောင်းစွာထုတ်လုပ်ရရှိနိုင်သော နေရာဖြစ်၍ စက်ရုံတည်ဆောက်နိုင်သည့်တိုင် ဓာတ်အားပို့ဆောင်သော လိုင်းကြိုးများ သွယ်တန်းရန်အတွက် ကုန်ကျစရိတ် အလွန်မြင့်မားနေမည်ဆိုပါက ရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရန် အခက်အခဲရှိမည်ဖြစ်သည်။

အေစီလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ပို့ဆောင်ဖြန့်ဖြူးခြင်း၊ ဓာတ်အားခွဲခြင်း၊ ထရန်စဖော်မာများ ကြားခံတပ်ဆင်ပေးခြင်း စသည့် လုပ်ငန်းအားလုံးသည် ကနဦးကုန်ကျစရိတ် အလွန်ကြီးမားရုံမျှမက ရေရှည်ထိန်းသိမ်းစရိတ်နှင့် လုံခြုံမှုစောင့်ရှောက်ရသောစရိတ်တို့မှာလည်း အလွန်ပင်များပြားသည်။ သို့ဖြစ်ရာ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ တစ်ခုအတွက် နည်းပညာပိုင်းဆိုင်ရာအရ သော်လည်းကောင်း၊ တည်ဆောက်မှုကုန်ကျစရိတ်အရ သော်လည်းကောင်း၊ သွယ်တန်းဖြန့်ဖြူးမှု စရိတ်အရ သော်လည်းကောင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့် လုံခြုံမှုစောင့်ရှောက်ရသော စရိတ်များအရ သော်လည်းကောင်း ဘက်စုံထောင့်စုံမှ များစွာ ချင့်ချိန်ကြရသည်။

ရေအားကိုသုံး၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်စနစ်၏ ထူးခြားချက်မှာကား လျှပ်ထုတ်ဂျင်နရေတာကြီးများအား လည်ပတ်စေရန် သဘာဝအလျောက်ဖြစ်ပေါ်နေသော ရေအားစွမ်းအင်ကို အသုံးပြုထားသည့်အတွက် ပမာဏများများရနိုင်သော လျှပ်စစ်ထုတ်လုပ်သည့် လုပ်ငန်းများထဲတွင် ထုတ်လုပ်မှုကုန်ကျစရိတ်အားဖြင့် အနည်းဆုံးဖြစ်သလို သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်သော စက်မှုလုပ်ငန်းတစ်ရပ်လည်း ဖြစ်သည်။



နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း (ဓာတ်ပုံ - MOI)

**လျှပ်စစ်ဓာတ်အားကျရောက်ခြင်းနှင့် ဓာတ်လိုက်ခြင်း**

လျှပ်စစ်ဆိုင်ရာ ဆက်သွယ်တပ်ဆင်မှု ပစ္စည်းများအားလုံးနှင့် လျှပ်စီးပတ်လမ်းတစ်လျှောက်၌ လျှပ်စစ်ဓာတ်အားစီးဆင်းနေသည့်အခါ စီးဆင်းရာလမ်းကြောင်းတစ်လျှောက်ရှိ အကာမဲ့ လျှပ်စစ်ဝိုင်ယာကြိုးများ၊ ဝါယာဆက်ငုတ်များ၊ လျှပ်ကူးပစ္စည်းများ စသည်တို့ကို လျှပ်ကာပစ္စည်းတစ်စုံတစ်ရာမပါဘဲ ထိမိကိုင်မိခဲ့လျှင် လျှပ်စစ်ဓာတ်လိုက်ခြင်း (Electric Shock) ဖြစ်ပေါ်လိမ့်မည် ဖြစ်သည်။ ထို့ပြင် လျှပ်စစ်ပစ္စည်းများ၏ကိုယ်ထည်တွင် လျှပ်စစ်ဓာတ်အား ယိုစီးပျံ့နှံ့နေသည့်အခါမျိုးများ၌လည်း လျှပ်ကာပစ္စည်းမပါဘဲ ကိုင်တွယ်မိလျှင် လျှပ်စစ်ဓာတ်လိုက်နိုင်သည်။

လျှပ်ကာပစ္စည်းဖြင့် စနစ်တကျဖုံးအုပ်ကာရံထားသည့်တိုင် ရေစိုနေသောလက်ဖြင့် ကိုင်မိသည့်အခါမျိုး၌ စိုနေသောရေမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ လျှပ်စစ်စီးဆင်းကာ ဓာတ်လိုက်မှုကို ခံစားရနိုင်သည်။ ရေသည် အကောင်းဆုံး လျှပ်ကူးပစ္စည်းဖြစ်သည့်အတွက် လျှပ်စစ်ဆိုင်ရာ မည်သည့်ပစ္စည်းကိုမဆို ရေစိုနေသောလက်၊ ရေစိုနေသောအဝတ်၊ ရေစိုနေသောဝါးလုံး၊ ရေစိုနေသော ကိရိယာတန်ဆာပလာတို့ဖြင့် ထိခြင်း ကိုင်ခြင်းမပြုမိရန် အလွန်အရေးကြီးသည်။

**လျှပ်စစ်ပစ္စည်းများတွင် ဓာတ်အားကျရောက်နိုင်ခြင်း**

လျှပ်စစ်ဓာတ်အားကို ရယူရန်အတွက် သွယ်တန်းထားသောဝိုင်ယာကြိုးနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများသည် သွယ်တန်းကြိုးမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်ထားခဲ့သည်ရှိသော် တစ်နည်းအားဖြင့် ပင်ရင်းလျှပ်စစ်ဖိအားတစ်ရပ်နှင့် ဆက်သွယ်ထားခဲ့သည်ရှိသော် လျှပ်စစ်ဓာတ်အား ကျရောက်စီးဆင်းနေမည် ဖြစ်သည်။

သို့ရာတွင် တစ်ခါတစ်ရံ၌ အဆိုပါ လျှပ်စစ်ပစ္စည်းကိရိယာများသည် ဓာတ်အားပို့လွှတ်ထားခြင်းမရှိသော်လည်း လျှပ်စစ်ဓာတ်အားစီးဝင်ကျရောက်မှု ဖြစ်ပေါ်တတ်သည်။ လျှပ်စစ်ဓာတ်အား ပို့လွှတ်ထားခြင်းမရှိပါဘဲ ဓာတ်အားကျရောက်ခြင်းမျိုးသည် အောက်ပါအကြောင်းအချက်များကြောင့် ဖြစ်နိုင်သည်။

၁။ မတော်တဆထိတွေ့ရာမှ ဓာတ်အားကျရောက်ခြင်း
၂။ လျှပ်ညှို့မှုဖြင့် ဓာတ်အားကျရောက်ခြင်း
၃။ မိုးကြိုးပစ်ခြင်းနှင့် တည်ငြိမ်လျှပ်စစ်တို့ကြောင့် ဓာတ်အားကျရောက်ခြင်း
၄။ လျှပ်စစ်ဓာတ်အား ဆက်သွယ်ထားသည့် အခြားနေရာများမှတစ်ဆင့် ဓာတ်အားယိုစီးကျရောက်ခြင်း
၅။ လျှပ်တာပြောင်းတစ်ဖက်မှ ဓာတ်အားကျရောက်ခြင်း
၆။ လျှပ်လှောင် စသည်များကြောင့် ဓာတ်အားကျရောက်ခြင်း

သို့ဖြစ်၍ လျှပ်စစ်ဆိုင်ရာ ဆက်သွယ်မှုပစ္စည်းကိရိယာများသည် လျှပ်စစ်ဓာတ်အားဆက်သွယ်ထားခြင်းမရှိသော်လည်း အထက်ဖော်ပြပါ အကြောင်းများကြောင့် ဓာတ်အားကျရောက်နိုင်သည်ဖြစ်ရာ မည်သည့်ဓာတ်ကြိုးနှင့် ကိရိယာများကိုမဆို ဓာတ်အားဆက်သွယ်ထားခြင်း ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ တစ်နည်းအားဖြင့် အဆိုပါ လျှပ်စစ်ပစ္စည်းကိရိယာများ၌ ဓာတ်အားရှိ မရှိ အတိအကျမသိခဲ့သော် လျှပ်စစ်ဓာတ်အား ရှိသည်ဟု မှတ်ယူခြင်းသည်သာလျှင် အန္တရာယ်အကင်းဆုံး ဖြစ်သည်။

**လျှပ်စစ်ဓာတ်လိုက်သည့်အခါခံစားရမှုများ**

လျှပ်စစ်စီးဆင်းနေသော လျှပ်စီးပတ်လမ်းကြောင်းတစ်ခုအတွင်းရှိ အကာအကွယ်မဲ့ ဝိုင်ယာစများကို ဖြစ်စေ၊ ဝိုင်ယာဆက်ငုတ်များကို ဖြစ်စေ၊ လျှပ်ကူးပစ္စည်းများကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားယိုစီးနေသော ကိုယ်ထည်များကို ဖြစ်စေ လျှပ်ကာပစ္စည်းတစ်စုံတစ်ရာမပါဘဲ မတော်တဆကိုင်တွယ်ထိမိသည့်အခါမျိုး၌ ခန္ဓာကိုယ်အတွင်းရှိ အာရုံကြောများ ထုံကျဉ်သွားသည်မှ သွေးကြောများပြတ်၍ မီးလောင်သည်အထိ ဖြစ်ပေါ်ခံစားကြရနိုင်သည်။ ဤသည်ကို လျှပ်စစ်ဓာတ်လိုက်သည်ဟု ပြောဆိုသုံးနှုန်းကြသည်။

လျှပ်စစ်ဓာတ်လိုက်ရာတွင် ဖြစ်ပေါ်ခံစားရမှု မတူညီကြခြင်းမှာ ဓာတ်လိုက်သည့်အခါ ခန္ဓာကိုယ်အတွင်း စီးဝင်ရောက်ရှိလာသော လျှပ်စီးအင်အားပမာဏ အနည်းအများမတူညီကြခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် လူ့ခန္ဓာကိုယ်၏လျှပ်စစ်ခုခံမှုမှာ တစ်ဦးနှင့်တစ်ဦး မတူသည့်အတွက် လျှပ်စစ်ဓာတ်လိုက်သည့်အခါ အာရုံခံစားရမှုချင်းလည်း တူညီနိုင်မည်မဟုတ်ပေ။ ခန့်မှန်းခြေအားဖြင့် လူတို့၏ခန္ဓာကိုယ်တွင် လျှပ်စစ်ဓာတ်အားခုခံမှုမှာ အနည်းဆုံး ၅၀၀ အုမ်းမှ အများဆုံး ၃၀၀၀ အုမ်းခန့်အထိ ရှိနေတတ်သည်။

သာမန်အားဖြင့် ခန္ဓာကိုယ်အတွင်း စီးဝင်ရောက်ရှိလာသော လျှပ်စီးအင်အားပမာဏ အပေါ်မူတည်၍ ဓာတ်လိုက်သည့် ခံစားရမှုအခြေအနေများမှာ အောက်ပါအတိုင်း ကွဲပြားခြားနားသည်။

၁။ ခန္ဓာကိုယ်အတွင်းသို့ စီးဆင်းဝင်ရောက်သည့် လျှပ်စီးပမာဏ ၀ ဒသမ ၀၀၀၀၄၅ အင်ပီယာရှိလျှင် လျှာဖျားများ ကျဉ်စပြုသည်။
၂။ လျှပ်စီးပမာဏ ၀ ဒသမ ၀၀၀၂ အင်ပီယာရှိလျှင် ခန္ဓာကိုယ်၏ ထိတွေ့မှုအာရုံများ အစပျိုးသည်။
၃။ လျှပ်စီးပမာဏ ၀ ဒသမ ၀၀၁ အင်ပီယာရှိလျှင် လက်မှအရေပြားများ ထိတွေ့မှုအာရုံ အစပျိုးသည်။
၄။ လျှပ်စီးပမာဏ ၀ ဒသမ ၀၀၈ အင်ပီယာရှိလျှင် ထုံကျဉ်မှုကို သိသာစွာခံစားရသည်။
၅။ လျှပ်စီးပမာဏ ၀ ဒသမ ၀၁ အင်ပီယာရှိလျှင် ခန္ဓာကိုယ်ကြွက်သားများ တင်းကျပ်ပြီး အနာတရ ဖြစ်နိုင်သည်။
၆။ လျှပ်စီးပမာဏ ၀ ဒသမ ၀၂ အင်ပီယာရှိလျှင် အသက်ရှူကျပ်ပြီး မေ့မြောသွားမည် ဖြစ်သည်။
၇။ လျှပ်စီးပမာဏ ၀ ဒသမ ၁ အင်ပီယာရှိလျှင် နှလုံးသွေးရပ်၍ ဦးနှောက်ကြောပြတ်မည် ဖြစ်သည်။
၈။ လျှပ်စီးပမာဏ ၄ ဒသမ ၀၀ အင်ပီယာရှိလျှင် ခန္ဓာကိုယ် သွေးကြောများပြတ်၍ မီးလောင်မည်ဖြစ်သည်။

လျှပ်စစ်ဖိအား ၄၀ ဗို့နှင့်အထက်ရှိသော ဗို့အားပမာသည် အန္တရာယ်ဖြစ်နိုင်သော လျှပ်စစ်ဖိအားပမာဏဖြစ်ပြီး ဗို့အားမြင့်လျှင်မြင့်သလို အန္တရာယ်ဖြစ်နိုင်သော အတိုင်းအဆကလည်း ပို၍ တိုးလာနိုင်သည်။ ။

***ဆက်လက်ဖော်ပြပါမည်။***

## KNU ငြိမ်းချမ်းရေးအဖွဲ့က ဖမ်းမိသော မူးယစ်ဆေးဝါးများကို တနင်္သာရီရဲစခန်းသို့ အပ်နှံ

**တနင်္သာရီ ဇူလိုင် ၄**

တနင်္သာရီမြို့နယ်အတွင်း၌ KNU ငြိမ်းချမ်းရေးအဖွဲ့က ဖမ်းဆီးရမိခဲ့သော စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အဆိုပါဆေးပြားများကို သယ်ဆောင်လာသူတစ်ဦးအား KNU အဖွဲ့မှ တာဝန်ရှိသူများက တနင်္သာရီမြို့ မြို့မရဲစခန်းသို့ ဇူလိုင် ၃ ရက်က လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ဇွန် ၂၂ ရက်က တနင်္သာရီမြို့နယ် သကျက်ကျေးရွာအုပ်စု ကျွဲထိန်းကုန်းကျေးရွာ၌ KNU အဖွဲ့မှ တာဝန်ရှိသူများကဖမ်းမိခဲ့သော သီဟစိုးနှင့် ၎င်းထံမှဖမ်းမိခဲ့သော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၄၂၃ပြားတို့ကို တနင်္သာရီမြို့မ ရဲစခန်းသို့ လာရောက်အပ်နှံခဲ့ခြင်းဖြစ်သည်။

အဆိုပါ မူးယစ်ဆေးဝါးနှင့် တရားခံ လွှဲပြောင်းအပ်နှံရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မျိုးမင်းလှိုင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးတင်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ KNU မြိတ်-ထားဝယ် ခရိုင်အုပ်ချုပ်ရေးအဖွဲ့ဝင် KNU မြိတ်-ထားဝယ်ရဲတပ်ဖွဲ့တာဝန်ခံ ဖဒိုကြီးနိုနှင့် KNU မှ တာဝန်ရှိသူများ တက်ရောက်ပြီး ဖဒိုကြီးနိုက မှုခင်းများမဖြစ်ပွားစေရန် တားဆီးမည်ဖြစ်ကြောင်း၊ နောက်နောင်လည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားကာ ဖဒိုထူးစောကလည်း ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် နှစ်ဦးနှစ်ဖက် နားလည်ပူးပေါင်းမှုသည် အရေးကြီးကြောင်း၊ မိမိတို့မြို့နယ်တွင် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်မှု အစဉ်အလာရှိပြီးဖြစ်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းမိသော သီဟစိုးအား တနင်္သာရီမြို့မရဲစခန်း၌ ထိုနေ့ညနေပိုင်းက အမှုဖွင့်ခဲ့ပြီး အမှုစစ်အဖြစ် ဒုရဲအုပ်သော်တာမျိုးက စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီထိန်ဝင်း(ပြန်/ဆက်)**



# မန္တလေးမြို့တွင် ကလေးငယ်များ အားကစားပွဲတော်ကျင်းပ



**မန္တလေး ဇူလိုင် ၄**
မြန်မာ့ဘောလုံးလောက ဖွံ့ဖြိုးရေး အတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ကလေးငယ်များတွင် အားကစားကို ချစ်မြတ်နိုးစိတ်များ ပေါ်ပေါက်လာစေရန် ကလေးငယ်များ အားကစားပွဲတော်နှင့် အသက် ၁၄ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၄ ရက်က မန္တလေးမြို့ရှိ ဗထူးအားကစားကွင်း၌ ကျင်းပခဲ့ပြီး ဇူလိုင် ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်၊ MPT၊ အခြေခံပညာဦးစီးဌာနနှင့် ကရုဏာရှေးရှုမြန်မာမှုအသင်း(Myanmar Care)တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး လူငယ်များ အားကစားကိုချစ်မြတ်နိုးစိတ်များ ပေါ်ပေါက်လာစေရန်နှင့် နိုင်ငံတော်မှ အားကိုးအားထားပြုနိုင်မည့် အားကစားသမားကောင်းများ ပေါ်ထွက်လာရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ကရုဏာရှေးရှုမြန်မာမှုအသင်းအနေနဲ့ လူငယ်ဘောလုံးတိုးတက်ဖို့အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီနှစ်အတွင်းမှာ တိုင်းဒေသကြီး ရှစ်ခုမှာ ခြောက်နှစ်ကနေ ၁၂ နှစ်အတွင်း ကလေးငယ်တွေကို အားကစားလေ့ကျင့်ခန်းတွေ စနစ်တကျ သင်ကြားပေးသွားမယ့်အပြင် အသက် ၁၄ နှစ်အောက် အားကစားပြိုင်ပွဲတွေကိုလည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ MPT တို့နဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ"ဟု ကရုဏာရှေးရှုမြန်မာမှုအသင်းမှ ဦးကျော်ကြီးက ပြောသည်။

ကလေးငယ်များအတွက် ယခုလို ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတကာအဆင့်မီနည်းပညာများကို သင်ကြားလေ့လာနိုင်ကာ လူမှုပေါင်းသင်းဆက်ဆံရေး၊ အဖွဲ့အစည်းဖြင့် ပူးပေါင်းလုပ်ဆောင်မှု၊ အတွေးအခေါ်ယဉ်ကျေးမှု နှီးနှောဖလှယ်မှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အားကစားပွဲတော်ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အခြေခံပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ ကျော် တက်ရောက်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများကို အားကစားဝတ်စုံများနှင့် အားကစားပစ္စည်းများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မိတ္ထီလာမြို့နယ်မှ ဘိုးဘွားများအား လူမှုရေးပင်စင်များ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်

**မိတ္ထီလာ ဇူလိုင် ၄**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အသက် ၉၀ ပြည့်ပြီးသော ဘိုးဘွားများအား နိုင်ငံတော်မှထောက်ပံ့သည့် လူမှုရေးပင်စင်ထောက်ပံ့ငွေများကို ဇူလိုင် ၄ ရက်က ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းဌေးနှင့် ဝန်ထမ်းများက အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒုတိယဦးစီးမှူး ဒေါ်စန်းသီတာလှိုင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးတို့ပါဝင်သည့်အဖွဲ့က ပေါက်ချောင်းရပ်ကွက်အတွင်းရှိ အသက် ၉၀ နှစ်ပြည့်ပြီးသော ဘိုးဘွား ၁၂ ဦးအား တစ်ဦးလျှင် တစ်လ တစ်သောင်းကျပ်နှုန်းဖြင့် သုံးလအတွက် သုံးသောင်းကျပ်စီကို အိမ်တိုင်ရာရောက် ထောက်ပံ့ငွေများ လိုက်လံပေးအပ်ခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍လည်း မြို့နယ်အတွင်းရှိ အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွား ၃၅၄ ဦးအား ထောက်ပံ့ငွေများကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# တောင်ငူမြို့နယ်၌ ထရန်စဖော်မာနှင့် ဓာတ်အားလိုင်း တိုးချဲ့တည်ဆောက်ပြီးစီး



**တောင်ငူ ဇူလိုင် ၄**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့မှ ဓာတ်အားလိုအပ်ချက်ရှိသော အိမ်ထောင်စုများအတွက် ထရန်စဖော်မာနှင့် 400 V လိုင်း အရှည်တစ်မိုင် တိုးချဲ့တည်ဆောက်မှုများ ပြီးစီးသွားပြီဖြစ်၍ ဒေသခံများ ဓာတ်အားရရှိသုံးစွဲရေးအတွက် များစွာအဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။

ကေတုမတီမြို့မင်းကြီးဆွေရပ်ကွက်နှင့် သဝန်ငယ်ရပ်ကွက်တို့ရှိ အိမ်ထောင်စုပေါင်း ၁၈၀ ကျော်အတွက် ဓာတ်အားပြည့်ဝစွာရရှိနိုင်ရန် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗီအေ ထရန်ဖော်မာတစ်လုံးနှင့် ၄၀၀ ဗို့လိုင်း တစ်မိုင်ကို တိုးချဲ့တည်ဆောက်ပြီးစီးခဲ့၍ ဓာတ်အားသုံးစွဲသူများအနေဖြင့် ဗို့အားပြည့်မီစွာ သုံးစွဲနိုင်မှာဖြစ်သည့်အတွက် ယခင်ကထက် များစွာပို၍အဆင်ပြေသွားပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးစည်သူက ပြောကြားသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ အင်ဒိုင်း၊ နတ်စင်ကုန်း၊ ကျွန်းကုန်း ကျေးရွာတွေမှ ရန်ကုန်-မန္တလေးကားလမ်း တိုးချဲ့တဲ့အခါ လမ်းပေါ်မှာကျန်ရစ်ခဲ့တဲ့ ဓာတ်တိုင်တွေအားလုံး ၇၂ တိုင်ကိုလည်း ဇွန် ၂၈ ရက်က အားလုံးရွှေ့ပြောင်းပြီးဖြစ်တဲ့အတွက် ကားလမ်းမှာသွားလာနေကြတဲ့ ယာဉ်ကြီးယာဉ်ငယ်တွေ အန္တရာယ်ကင်းကင်းသွားလာနိုင်ကြပါပြီ"ဟုလည်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ဆက်လက်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# ရေချိုနှင့် ရေငန်ငါးများ အမိအရနည်း၍ မွေးမြူရေးငါးများ ပို၍ရောင်းဝယ်နေရ

**ဖျာပုံ ဇူလိုင် ၄**
လက်ရှိအချိန်တွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ ငါးဖမ်းစက်လှေများ၏ ၂၀ ရာခိုင်နှုန်းသာ ပင်လယ်ပြင်သို့ထွက်ခွာ၍ ငါးဖမ်းဆီးခွင့်ရရှိနေခြင်းနှင့် ထွက်ခွင့်ရှိသည့် ငါးဖမ်းစက်လှေများမှာလည်း ငါးအမိအရနည်းသဖြင့် ဖျာပုံမြို့ရှိ ပင်လယ်ငါးအဝယ်ဒိုင်အချို့မှာ ပိတ်ထားရသည်အထိ ဖြစ်နေပြီး ဈေးကွက်တွင် မွေးမြူရေးငါးများကိုသာ ပို၍ ရောင်းဝယ်နေကြရကြောင်း ငါးလုပ်ငန်းရှင်များထံမှ သိရသည်။



ပင်လယ်ငါးများ ဖမ်းဆီးရမိမှုနည်းသလို ရေချိုမြစ်ချောင်းများတွင်လည်း ငါးပုစွန်ဖမ်းဆီးသည့် လုပ်ငန်းရာသီချိန်ကျရောက်နေသော်လည်း ယခုနှစ်တွင် ငါး၊ ပုစွန်ဖမ်းဆီးရရှိမှုနည်းပါးနေကြောင်း သိရသည်။ ထို့ကြောင့် ရေချိုမြစ်ချောင်းများမှ ဖမ်းမိသည့် ပုစွန်ဇေ့ချိတ်နှင့် ပုစွန်ပဲနပြားမှာ တစ်ပိဿာလျှင် ကျပ်ရှစ်ထောင်မှအထက်အထိ ဈေးနှုန်းမြင့်တက်နေကြောင်း စားသုံးသူများထံမှ သိရသည်။

ထိုသို့ ရေချို၊ ရေငန်ငါးများ ရှားပါးနေခြင်းကြောင့် ရာသီမရွေး ဝယ်ယူစားသုံးနိုင်သည့် မွေးမြူရေးငါး (ကန်ငါး)များမှာ ဈေးကွက်တွင် ပို၍အရောင်းအဝယ်ဖြစ်နေခြင်းဖြစ်ကာ ကန်ငါးများဖြစ်သော ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးတန်နှင့် ငါးမုတ်ငါးများမှာ ပျမ်းမျှတစ်ပိဿာလျှင် ကျပ် ၂၅၀၀ မှ ၃၀၀၀ အတွင်းရှိကြောင်း ဇူလိုင် ၄ ရက်နံနက် ဖျာပုံ ငါးပုစွန်ဈေးကွက်မှ သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# လူထုဗဟိုပြုစီမံကိန်း နိုင်ငံတကာအကြံပေးနှင့်အဖွဲ့က ကနီမြို့နယ်မှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေး

**ကနီ ဇူလိုင် ၄**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းရုံးသို့ လူထုဗဟိုပြုစီမံကိန်း နိုင်ငံတကာအကြံပေး ဖိလစ်ပိုင်နိုင်ငံသူ မစ်ဒန်ကီနှင့်အဖွဲ့က ဇူလိုင် ၃ ရက်က လာရောက်၍ မြို့နယ်ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စီမံကိန်းလက်တွေ့အကောင်အထည်ဖော်မှုများနှင့်ပတ်သက်၍ အကြံပေးဆွေးနွေးမှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လူထုဗဟိုပြုစီမံကိန်း နိုင်ငံတကာအကြံပေးနှင့် တာဝန်ရှိသူများသည် ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့မှ အမျိုးသားအကြံပေး ဦးစောကိုဦး၊ စီမံကိန်းအစီအစဉ် ရေးဆွဲရေးအရာရှိ ဦးအေးမင်းထွန်းတို့နှင့်အတူ ကနီမြို့လူထုဗဟိုပြုစီမံကိန်းရုံးရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ကျေးရွာများတွင် လက်တွေ့ကွင်းဆင်းဆောင်ရွက်သည့်အခါ တွေ့ကြုံနေရသည့် အခက်အခဲများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ပြီး တင်ပြဆွေးနွေးသော အခက်အခဲများကို မစ်ဒန်ကီနှင့်အဖွဲ့က ကဏ္ဍများအလိုက် အကြံပြုဆွေးနွေးခဲ့သည်။

နိုင်ငံတကာအကြံပေးနှင့်အဖွဲ့သည် ညနေပိုင်းတွင်လည်း ကနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာအကြံပေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပထမနှစ် စီမံကိန်းလုပ်ငန်းများကို စနစ်တကျ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လူထုဗဟိုပြုစီမံကိန်း နိုင်ငံတကာအကြံပေးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေး အကြံပြုခဲ့သည်။

**သန်းဌေးအောင်(ကနီ)**

# စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်များ၏ ဟောပြောဆွေးနွေးပွဲ ရန်ကုန်၌ကျင်းပ

**ရန်ကုန် ဇူလိုင် ၄**
ကိုယ်ပိုင်စီးပွားရေး စတင်လိုသူများ၊ ဘဝတိုးတက်လမ်းကို ရှာဖွေနေသော လူငယ်များအနေဖြင့် လက်ရှိအောင်မြင်နေသော စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်များ၏ ခက်ခဲစွာဖြတ်သန်းခဲ့ရသော ဘဝပုံရိပ်တို့ကို အတုယူလေ့လာနိုင်စေရန် ရည်ရွယ်လျက် Point Youth Platform က စီစဉ်ဆောင်ရွက်သော ဟောပြောဆွေးနွေးပွဲကို ဇွန် ၃၀ ရက်က ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ အမေရိကန်စင်တာ၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် Myanmar Metropolitan College မှ ကျောင်းအုပ် ဒေါ်ခင်နှင်းစိုး၊ Peak Point Group မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးလွင်၊ Yangon book Plaza မှ စီအီးအို ဦးမြေမှုန်လွင်၊ 7878 Healthcare Call Center မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစွမ်းဆောင်ဦး၊ Pixellion Creative ၏ စီအီးအို ဦးဇော်မင်းတင်နှင့် Brand You မှ အုပ်ချုပ်မှုဒါရိုက်တာ မထက်ရီဝင်းတို့က လူငယ်များ ဘဝပန်းတိုင်ကိုဖြတ်သန်းရာတွင် ဖွဲ့မလျော့ဘဲ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်စေရန်အတွက် ယင်းတို့၏အတွေ့အကြုံများကို အသီးသီး ဝေမျှဆွေးနွေး ဟောပြောခဲ့သည်။



Point Youth Platform မှ မရတနာကလည်း "ဒီမိုကရေစီလူထုအစိုးရ ကူးပြောင်းပြီးနောက်ပိုင်းမှာ မီဒီယာလွတ်လပ်ခွင့်ရရှိပြီး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများစွာထုတ်လာကြပေမယ့် လတ်တလောဖြစ်ပျက်တဲ့ သတင်းတွေ(breaking news)ကိုပဲ ဦးစားပေးထုတ်ဝေကြပြီးတော့ Scholar Journal တွေက နည်းနေပါသေးတယ်။ လူငယ်တွေအနေနဲ့ အားလပ်ချိန်မှာစာဖတ်ပြီး အကျိုးရှိတဲ့စာစောင်တစ်ခုအနေနဲ့ Point ကို ထုတ်ဝေခြင်းဖြစ်ပါတယ်။ စာဖတ်သူတွေ ငွေကြေးကုန်ကျမှု သက်သာအောင် ဒီဂျစ်တယ်မီဒီယာအနေနဲ့သာ ထုတ်ဝေမှာပါ"ဟု စာပေကဏ္ဍနှင့်ပတ်သက်၍ ပြောကြားသည်။

Point Youth Platform ၏ ဒီဂျစ်တယ်မီဒီယာတွင် ကိုယ်ပိုင်စီးပွားရေးကို စတင်လုပ်ကိုင်လိုသောလူငယ် များ သိသင့်သိထိုက်သည့် စီးပွားရေးဆိုင်ရာသတင်းများ၊ လုပ်ငန်းခွင်တိုးတက်ရေးနည်းဗျူဟာများ၊ ပညာရေးနှင့်သက်ဆိုင်သောသတင်းများ၊ နိုင်ငံတကာပညာသင်ဆုများ၊ မြန်မာ့လူငယ်လုပ်ငန်းရှင်တို့၏ဘဝနှင့် ကြိုးစားရုန်းကန်ခဲ့ရသောပုံရိပ်များ စသည့်ကဏ္ဍများကို တင်ဆက်ပေးနေကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# ဘိုကလေးမြို့နယ် သပြေကုန်းရွာ၌ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

**ဘိုကလေး ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သပြေကုန်းကျေးရွာအုပ်စု သပြေကုန်းကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇူလိုင် ၃ ရက်က ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးတို့က အမှာစကားပြောကြား၍ တာဝန်ရှိသူများနှင့်အတူ အခြေခံပညာအလယ်တန်းကျောင်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ အထက်တန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်း ရှစ်ကျောင်း၊ အလယ်တန်းခွဲ ရှစ်ကျောင်း၊ မူလတန်းလွန် ခြောက်ကျောင်း၊ မူလတန်းကျောင်း ရှစ်ကျောင်း၊ မူလတန်းခွဲ ငါးကျောင်းအပါအဝင် စုစုပေါင်း အခြေခံပညာကျောင်း ၃၈ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# မအူပင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**မအူပင် ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာအုပ်စု လေးအိမ်စုကျေးရွာ၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၄ ရက်က ကျင်းပခဲ့သည်။

ကျေးလက်ဒေသနေပြည်သူများ အသိပညာတိုးတက်စေရေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ တိုက်ရိုက်တွေ့ဆုံဆွေးနွေးနိုင်ရေးနှင့် ပြည်သူများအနေဖြင့် စကားဝိုင်းဆွေးနွေးမှုများတွင် ဆွေးနွေးတတ်သည့်အလေ့အထရရှိစေရေး ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ ဆွေးနွေးပွဲတွင် ဦးဇော်မိုး(မအူပင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)၊ ဒုတိယရဲမှူးကြီးဘဝင်း(ခရိုင်ရဲတပ်ဖွဲ့မှူးရုံး)၊ ဦးအောင်မြင့်သိန်း(မအူပင်မြို့နယ်အုပ်ချုပ်ရေးမှူး)၊ ဒေါက်တာသီသီဝင်း(ဒုတိယညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန)၊ ဒေါက်တာခင်မာစိုး(ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန)၊ ဦးဝင်းမြတ်ကို(ဒုတိယမြို့နယ်ဥပဒေအရာရှိ)၊ ဦးဇော်မင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန)နှင့် ဒေါ်တင်လဲ့လဲ့ဦး(ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန)တို့က ဦးဆောင်ဆွေးနွေးခဲ့ကြပြီး လေးအိမ်စုကျေးရွာမှ ပြည်သူများအပြင် ပတ်ဝန်းကျင်ရှိ ထနီးကျေးရွာ၊ မလက်တိုကျေးရွာ၊ စစ်ကိုင်းကျေးရွာနှင့် သုံးခွကျေးရွာများမှ ကျေးလက်နေပြည်သူများလည်း ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ခိုင်၊ အောင်မြင့်မြတ်(မအူပင်)**

# လှိုင်သာယာမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေး သင်တန်းဆင်း

**ရန်ကုန် ဇူလိုင် ၄**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် WFP တို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်နယ်မြေအတွင်းရှိ ရွှေရိုးလမ်း၌ရှိသော WFP သိုလှောင်ရုံခန်းမ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးသင်တန်းကို ဇူလိုင် ၁ ရက်မှ ၃ ရက်အထိဖွင့်လှစ်၍ စာတွေ့လက်တွေ့ပို့ချခဲ့ပြီးနောက် သင်တန်းဆင်းလက်မှတ်များပေးအပ်ပွဲကို ဇူလိုင် ၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် WFP(Myanmar) မှ တာဝန်ရှိသူ Mr. Jeanluc Kohler တို့က သင်တန်းဆင်းအမှာစကား ပြောကြားကြပြီး သင်တန်းသို့တက်ရောက်ခဲ့ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့မှ ဦးစီးအရာရှိ ၂၆ ဦးအား WFP မှ ဆရာများက စာတွေ့လက်တွေ့ သင်ကြားပို့ချမှုများကို သရုပ်ဖော်ပြသခြင်းဖြင့် စမ်းသပ်စစ်ဆေးခြင်းများပြုလုပ်ကာ သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်းသိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် မိုင်းယောင်းမြို့၌နှိုးဆော်

**မိုင်းယောင်း ဇူလိုင် ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ဒေသခံပြည်သူများ သတိပြုကာကွယ်နိုင်ရန် နှိုးဆော်အသိပေးခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ထို့သို့ဆောင်ရွက်ရာတွင် မိုးဦးကျကာလမှစတင်၍ မိုးရာသီတွင်အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါနှင့် ကြိုတင်ကာကွယ်တားဆီးနှိမ်နင်းရေး နည်းလမ်းများကို မိုင်းယောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက လားဟူစာပေအပြင် လိရှမ်းစာပေဘာသာနှင့်လည်း ရေးသားပြုစုဖြန့်ဝေပြီး တိုက်တွန်းနှိုးဆော် အသိပေးဆောင်ရွက်လျက်ရှိသလို ဒေသခံပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ရပ်ကွက်နှင့် ကျေးရွာများ၌ ကျန်းမာရေးဆိုင်ရာစကားဝိုင်းများ ပြုလုပ်ဆွေးနွေးခြင်း၊ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းရေး(ဖုံး၊ သွန်၊ လဲ၊ စစ်) စစ်ဆေးခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် ရေစည်ရေအိုး၊ ရေအုတ်ကန်များ၌ အဘိတ်ဆေးခတ်ပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မကွေးမြို့မှ အမှိုက်သိမ်းယာဉ်များကို GPS တပ်ဆင်၍ ကြီးကြပ်နေ



**မကွေး ဇူလိုင် ၄**

မကွေးမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှ မီးဖိုချောင်သုံးနှင့် လုပ်ငန်းသုံးအမှိုက်တန်ချိန် ၆၀ ခန့် နေ့စဉ်ထွက်ရှိနေပြီး ယင်းတို့ကိုသိမ်းဆည်းနေသည့် အမှိုက်သိမ်းယာဉ် ၁၄ စီးနှင့် ရေပုပ်စုပ်ယာဉ် အပါအဝင် အဖွဲ့ပိုင်ယာဉ် ၁၇ စီး၌ ဇွန် ၁၆ ရက်မှစ၍ တည်နေရာညွှန်ပြစနစ်(GPS)တပ်ဆင်ကာ လုပ်ငန်းများကိုကြီးကြပ်ပေးနေကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"အမှိုက်သိမ်းယာဉ်တွေအနေနဲ့ ပေးထားတဲ့တာဝန်တွေကို စနစ်တကျထမ်းဆောင်ခြင်းရှိ မရှိ၊ အမှိုက်သိမ်းတဲ့ လမ်းကြောင်းတွေမှာလည်း နည်းလမ်းတကျဆောင်ရွက်ခြင်းရှိ မရှိ ဆိုတာတွေကို သိရှိနိုင်ဖို့နဲ့ လုပ်ငန်းတွေကို ထိရောက်လျင်မြန်စွာ ကြီးကြပ်နိုင်ဖို့အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပါတယ်"ဟု မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သန့်ရှင်းရေးဌာနစိတ်တာဝန်ခံ ဒုဦးစီးမှူး ဦးအောင်ကိုကိုက ပြောသည်။

ယခင်က အမှိုက်သိမ်းယာဉ်များကို ကြီးကြပ်ရာတွင် အမှိုက်သိမ်းယာဉ်ပေါ်၌ ဝန်ထမ်းတစ်ဦးအား တာဝန်ပေးကာ လိုက်ပါကြီးကြပ်စေခြင်းဖြင့်လည်းကောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ ရပ်ကွက်အတွင်း မည်သည့်နေ့ရက်က အမှိုက်လာသိမ်းကြောင်း လက်မှတ်ရေးထိုး မှတ်တမ်းယူစေသည့်စနစ်ဖြင့်လည်းကောင်း လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

"အခုကတော့ နည်းပညာအရ ခေတ်မီတိုးတက်လာတဲ့အတွက် ဇွန် ၁၆ ရက်ကစပြီး အမှိုက်သိမ်းယာဉ်တွေမှာ GPS တွေ တပ်ပေးပြီး ရုံးခန်းအတွင်းက ကြီးကြပ်တဲ့စနစ်ကို စသုံးနေပါပြီ၊ တစ်စီးအတွက် ကျပ်ခြောက်သောင်းနှုန်းနဲ့ ယာဉ် ၁၇ စီးမှာ GPS တွေ တပ်ဆင်ထားတာပါ၊ အလုပ်တွေလည်း တွင်ကျယ်ပြီး လိုက်ပါကြီးကြပ်နေရတဲ့ ဝန်ထမ်းတွေကိုလည်း အခြားလုပ်ငန်းများမှာ အသုံးချခွင့်တွေ ရနေပါတယ်"ဟု သန့်ရှင်းရေးဌာနစိတ်တာဝန်ခံ ဦးအောင်ကိုကိုက ဆိုသည်။

ကမ္ဘာလုံးဆိုင်ရာတည်နေရာ ညွှန်ပြစနစ်(GPS-Global Positioning System)ကို အမေရိကန်နိုင်ငံက ၁၉၇၈ ခုနှစ်တွင် အစပြုတီထွင်ခဲ့ပြီး GPS တပ်ဆင်ထားသော ကား၊ ဖုန်း၊ စက်ပစ္စည်းစသည့် အရာများ၏ တည်နေရာ၊ ရောက်ရှိနေရာများကို မြေပုံများဖြင့် ပြသပေးနိုင်သည့် စွမ်းဆောင်ရည်မှာ GPS ခြေရာခံ စနစ်တွင်ရှိနေကြောင်း၊ ယင်းစနစ်တွင် GPS Tracking Device, GPS Tracking Server နှင့် User Interface ဆိုသည့် အပိုင်းသုံးပိုင်းဖြင့် ဖွဲ့စည်းထားကြောင်း နည်းပညာကျွမ်းကျင်သူများထံမှ သိရသည်။ **ဇေယျတု(မကွေး)**

# ကရင်ပြည်နယ် မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းအဖွဲ့ အစည်းအဝေးပြုလုပ်

**ဘားအံ ဇူလိုင် ၄**

ကရင်ပြည်နယ်အတွင်းနေထိုင်ကြသည့် တိုင်းရင်းသားများအလုံးစုံ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိစေရေးနှင့် ဒေသခံတိုင်းရင်းသားများ မူလနေရပ်တွင်ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် ကရင်ပြည်နယ် မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းအဖွဲ့၏ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၄ ရက်က ဘားအံမြို့ရှိ Gabbana ဟိုတယ် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။



အစည်းအဝေးတွင် ကရင်ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အမှာစကားပြောကြားပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်မြင့်အောင်က မိုင်းအန္တရာယ်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက ကရင်ပြည်နယ်အတွင်း မိုင်းအန္တရာယ်နှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တက်ရောက်လာသော မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းအဖွဲ့ဝင်များက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မိုင်းကြောင့်ထိခိုက်ဒဏ်ရာရသူများအား အကူအညီပေးရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပြီး လူမှုဝန်ထမ်းဦးစီးဌာန၊ MRWG မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းအဖွဲ့နှင့် Unicef တို့ ပူးပေါင်း၍ အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းများကို DCA၊ The Halo Trust အဖွဲ့တို့နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကော့ကရိတ်မြို့တွင် Victim Assistance Centre ဖွင့်လှစ်ပြီး မိုင်းကြောင့် ထိခိုက်ခံစားခဲ့ရသူများအား ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကရင်ပြည်နယ်အတွင်းရှိဆရာ ဆရာမ ၂၁၀ အား မိုင်းအန္တရာယ်အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပြီး ကလေးငယ်နှစ်သောင်းခန့်အား ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချသွားရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိုင်းကြောင့်ထိခိုက်ခံစားရသူများ အပါအဝင် မသန်စွမ်းသူများအားလုံးကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် တစ်ဦးလျှင် ကျပ်တစ်သိန်းစီ ထောက်ပံ့ပေးခဲ့ရာ စုစုပေါင်း ၄၆၁၆ သိန်းကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း ပြည်နယ်အတွင်း မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သုံးလတစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နတ်မောက်မြို့နယ်မှ ကျေးရွာကျောင်းများတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက စာအုပ်များငှားရမ်းပေး

**နတ်မောက် ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ နတ်မောက်မြို့နယ်အတွင်း ကျေးရွာများရှိ အခြေခံပညာရေးကျောင်းများသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ရွေ့လျားစာကြည့်တိုက်ကားဖြင့်သွားရောက်ပြီး ကျောင်းသား ကျောင်းသူများအား စာအုပ်၊စာစောင်များ ငှားရမ်းပေးလျက်ရှိသည်။

အဆိုပါ ရွေ့လျားစာကြည့်တိုက်သည် ဇူလိုင် ၄ ရက်တွင် ကံကြီးကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် ပင်းမြို့ဟောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့သို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများအား စာငှားကတ်အသစ်များ အခမဲ့ပြုလုပ်ပေး၍ သုတ၊ ရသ စာပေမျိုးစုံကို ငှားရမ်းပေးခဲ့သည်။

**လှဝင်း(နတ်မောက်)**



အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဟန်စိန် အသက်(၈၁)နှစ်
**နီနီဆေးခန်း၊ နီနီဓာတ်ခွဲခန်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာလမ်း၊ အမှတ် ၈(က)နေ ဒေါ်ရှုရင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းအောင်ကျော်၊ ဒေါက်တာအောင်ကျော်လင်း-ဒေါက်တာအေးအေးမော်၊ ဒေါက်တာညီညီဟန်-ဒေါ်သီတာအေး၊ ဦးသန်းအောင်-ဒေါ်မီမီဟန်တို့၏ဖခင် ဦးဟန်စိန်သည် ၂-၇-၂၀၁၈ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှကျော်(ဒုတိယဝန်ကြီး)-ဒေါ်သန်းငွေ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဦးကိုကိုမောင် အသက်(၆၉)နှစ်
**ပါမောက္ခဌာနမှူး(အငြိမ်းစား)**
**မျက်နှာမေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုပညာဌာန**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

ဥက္ကဋ္ဌ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ကျောင်းသားဟောင်းအသင်း ဆရာကြီး ပါမောက္ခ ဒေါက်တာဦးကိုကိုမောင်သည် ၂-၇-၂၀၁၈ရက် ည ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ဒေါက်တာခင်မောင်(ညွှန်ကြားရေးမှူး)**
**(သွား/ကျန်းမာပညာဌာနခွဲ၊ ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဝန်ထမ်းများ)**

ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဦးကိုကိုမောင် အသက်(၆၉)နှစ်
**ပါမောက္ခဌာနမှူး(အငြိမ်းစား)**
**မျက်နှာမေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုပညာဌာန**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

ဥက္ကဋ္ဌ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ကျောင်းသားဟောင်းအသင်း ဆရာကြီး ပါမောက္ခ ဒေါက်တာဦးကိုကိုမောင်သည် ၂-၇-၂၀၁၈ရက် ည ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း၊ နေပြည်တော်အသင်းခွဲ**

သိမ်၊ ကျောင်း အလှူ့ဒါယိကာမကြီး
## ဒေါ်ခင်မမညို (အ/ထပြ၊ ငြိမ်း)
**အလက(၄)ရန်ကင်း၊ အထက(၁)ကျောက်တံတား**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံး(၁)လမ်း၊ အမှတ် ၁၄၈/၂နေ (ဦးစံညွန့်)၊ (ပလေဒီယံ-ဒေါ်နီနီ)တို့၏သမီး၊ ဦးအုန်းကျော်(ဆလရ)-ဒေါ်သန်းညွန့်တို့၏ညီမ၊ [ဒေါ်မမစန်း၊ အလပြ(ငြိမ်း)]၊ [ဒေါ်ဝေဝေသင်း(MOFA ငြိမ်း)]တို့၏အစ်မ၊ ဦးကျော်စွာဝင်း(ခေတ္တ-စင်ကာပူ)-ဒေါ်မေဖြူကျော်၊ ဦးကျော်လင်းဟန်(MNA)-ဒေါ်နန္ဒာအောင်၊ ဦးရဲသူရထွန်း-ဒေါ်ရူပါတို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၄-၇-၂၀၁၈ရက် နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှစိုး B.E (Mech:) အသက်(၆၄)နှစ်
**Chief Engineer (CDC No.23695)**
**LIZSTAR SHIPPING Co.,Ltd.**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရွှိုင်ရယ်ဇောတိကကွန်ဒို၊ ဓမ္မာရုံလမ်း၊ တိုက် ၂၀၅၊ အခန်း ၇(ဒီ)နေ (ဦးဘိုကေ-ဒေါ်ကျင်စိန်)တို့၏သား၊ (ဦးခင်စိန်-ဒေါ်ထွေးရင်)တို့၏သားသမက်၊ (ဦးကုလား)-ဒေါ်သန်းရွှေ၊ (ဦးအောင်မြင့်)-ဒေါ်ကျင်ရွှေတို့၏မောင်၊ (ဦးသန်းလွင်)-ဒေါ်မြငွေတို့၏အစ်ကို၊ ဒေါ်ခင်စိန်အေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဖြိုးဝေစိုး(3/E, LIZSTAR SHIPPING Co., Ltd.)၏ဖခင်သည် ၄-၇-၂၀၁၈ရက် မွန်းလွဲ ၁၂း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၈ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (တိုက် ၂၀၅၊ ဓမ္မာရုံလမ်း နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၉နာရီအထိ ရွှိုင်ရယ်ဇောတိကကွန်ဒို၊ ဓမ္မာရုံလမ်း၊ တိုက် ၂၀၅၊ အခန်း ၇(ဒီ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ရွှေ(ခ)ဒေါ်ရှမ်း
**အသက်(၇၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ(ဦးလှသန်း-ဒေါ်ချစ်ရင်)တို့၏သမီး၊ ရွှေဘိုမြို့နေ(ဦးဘတူ-ဒေါ်မြသင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၃လမ်း(အထက်လမ်း)၊ အမှတ် ၁၆၈၊ ဒုတိယထပ်နေ ဦးအောင်ဆန်း(ကားပွဲစား)၏ဇနီး၊ (ဦးသက်ဦး)၊ ဦးမောင်မောင် - ဒေါ်ကျင်အေးလှိုင်၊ ဦးငွေအောင်-ဒေါ်ဆွေဆွေဦး၊ [ဦးချစ်ကိုကို(ခ)ကိုကိုလွင်]၊ ဦးတေဇာလင်း-ဒေါ်ကြေးမုံသော်၊ ဦးငြိမ်းချမ်းဇော်၊ ဒေါ်မြတ်မြင့်မိုရ်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည်၄-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ကျောက်တံတားမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမျိုးကိုကိုစိုး
**AGTI (Civil), Samsung-Koh Brother JV, Land Surveyor**
**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ အနောက်ဦးချစ်မောင်လမ်း၊ အမှတ်(၁၂၃/စီ)နေ ဦးအောင်စိုး (မြို့နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်သန်းနုတို့၏သား၊ (ဦးမင်းသိန်း) - ဒေါ်ခင်မြင့်တို့၏သားသမက်၊ ဒေါ်ဖြိုးဖြိုးမင်း၏ ချစ်လှစွာသောခင်ပွန်း၊ Captain ညီညီစိုး (MAI)-ဒေါ်လှိုင်စုခင်(ရတနာပုံတယ်လီပို့)၊ဒေါ်မျိုးသီတာစိုးတို့၏အစ်ကို၊ မဆုမြတ်ပွင့်ဝေ(ပနစ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)၊ မဆုပြည့်ရတီ [Grade V, TTC ကမာရွတ်)တို့၏ဘကြီးသည် ၄-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၅ နာရီတွင် စင်ကာပူနိုင်ငံ၌ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်း (ထားဝယ်၊ မောင်မယ်ရှောင်ရွာ)
**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၁၈၊ အခန်း ၂၄၊ ရွှေအုန်းပင်အိမ်ရာ(၁)နေ ဒေါ်ခင်သိန်းမြင့်၊ ဦးလှမင်း၊ ဦးစန်းလွင်၊ ဒေါ်မီးမီးအောင်၊ ဒေါ်ခင်စန်းမြင့်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၃-၇-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃း၄၅နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စု(ခ)ဒေါ်စုစု
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၄၊ မဟာဗောဓိလမ်း၊ ကျောက်ကုန်းနေ (ဦးထိန်ဝင်း)၏ဇနီး၊ ဒေါ်မိုးဖြူဝင်း၊ (ဦးကျော်ဇင်ဝင်း)၊ ဒေါ်ကေခိုင်ဝင်း၊ Capt: ဦးကျော်ကျော်မြတ်-ဒေါ်ချိုနွယ်ဝင်း၊ ဦးအောင်ကျော်စိုး-ဒေါ်ဇင်မာဝင်းတို့၏မိခင်၊ (ဦးဇော်လွင်ငွေး)-ဒေါ်သင်းသင်းစိုးတို့၏အဒေါ်၊ မောင်ဟိန်းသီဟ၊ မသြမြတ်သီရိ၊ မမြဟေသာကျော်၊ မစန္ဒာကျော်စိုး၊ မောင်ပေါ်ဒွန်းတို့၏အဘွားသည် ၃-၇-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်ပိုင်(ခ)ဂေါ်လေကွမ် (တိုက်ကြီးမြို့)
**အသက်(၈၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နေ (ဦးလော-ဒေါ်ရှန်လုံ)တို့၏သမီး၊ ရန်ကုန်မြို့နေ (ကေ့တန်တင်း-ဒေါ်စောလိုတီ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃၀/K)၊ အင်းလျားလမ်းနေ [ကေ့အာကီး(ခ)ဦးလှမောင်]၏ဇနီး၊ ဦးအောင်နိုင်(ခ)ကေ့ကပ်ဟို( SUZUKI Aung Motor Ltd)-ဒေါက်တာဒေါ်မာမာဝင်း၊ ဒေါ်မိမိ၊ ဦးအုန်းတင်-ဒေါ်မိမီးလေး(ခ)ပြုံးပြုံး၊ ဦးအောင်သိန်း-ဒေါ်ချောမို့လွင်၊ ဦးညီညီဝင်း-ဒေါ်လှလှအေး၊ Mr. Ronnie-ဒေါ်ရီရီမြင့်(ခ)လှလှခိုင်တို့၏ချစ်လှစွာသောမိခင်၊မောင်ကျော်ထူးနိုင်(ခ)Johnson Kay၊ မောင်အောင်မျိုးဟိန်း(ခ)Patrick Kay၊ မောင်ကျော်ထူးအောင်(ခ)Steven Kay၊ မမို့မို့အောင်(ခ) Mabel Kay၊ Julia၊ မောင်ကျော်ထူးပိုင်(ခ)Richard Kay တို့၏အဘွားသည် ၃-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆း၀၆နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ Bumrungrad Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၈ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေး(ဖူကျန့်) တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်ပိုင်(ခ)ဂေါ်လေကွမ် (တိုက်ကြီးမြို့)
**အသက်(၈၈)နှစ်**

တိုက်ကြီးမြို့နေ (ဦးလော-ဒေါ်ရှန်လုံ)တို့၏ တစ်ဦးတည်းသောသမီး၊ (ကေ့တျန်တင်း-ဒေါ်စောလုံတီ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ် ၃၀ (ကေ)နေ [ကေ့အာကီး(ခ)ဦးလှမောင်]၏ဇနီး၊ (ဦးအစိန့်-ဒေါ်ကင်ကီ)၊ (ဦးထင်အောင်-ဒေါ်မြကျင်)၊ (ဦးကျင်စိန်-ဒေါ်ကျင်မြ)၊ (ဦးထွန်းလှိုင်)-ဒေါ်ဆိုက်တီတို့၏အစ်မ၊ (ဦးသန်းစော-ဒေါ်ခင်မာချစ်)တို့၏ညီမသည် ၃-၇-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၆း၀၆နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Bumrungrad Hospital၌ ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၈ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဖူကျန့် တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သာသနာ့ဝေပုလ္လမယ်တော်ကြီး
## ဒေါ်သောင်းစိန်
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်နေ(ဦးအုံးခိုင်-ဒေါ်မြကျင်)တို့၏သမီး၊ ခိုင်ရွှေဝါ(ဗဟို)လမ်း၊ အမှတ် ၁၅၅နေ ခမည်းတော်(ဦးထွန်းရှိန်)၏ဇနီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ပုလဲလမ်း၊ သာသနာ့ဝေပုလ္လကျောင်းတိုက် ဆရာတော်(ဘဒ္ဒန္တပညာနန္ဒာဘိသီရိ)၏မယ်တော်ကြီး၊ (ဦးမြင့်စိန်)-ဒေါ်တင်နု၊ ဦးချစ်ဟန်-ဒေါ်မိုးဝင်း၊ (ဦးသန်းဝင်း)-ဒေါ်ငွေငွေ၊ ဦးစံလှိုင်-ဒေါ်အေးမူ၊ ဦးတင့်ထွဋ်-ဒေါ်ဆွေဆွေဦး၊ ဦးစိုးတင့်-ဒေါ်စန်းစန်းအေး၊ (ဦးထွန်းထွန်းအောင်)- ဒေါ်သန်းသန်းဆွေ၊ ဦးကျော်ကျော်-ဒေါ်ယဉ်ယဉ်အေးတို့၏မိခင်၊ မြေး ၃၂ယောက်၊ မြစ် ၁၀ယောက်တို့၏အဘွားသည် ၃-၇-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (သာသနာ့ဝေပုလ္လကျောင်းတိုက်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၈ရက်(တနင်္လာနေ့)တွင် သာသနာ့ဝေပုလ္လကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## Topa Taw Maangkhawm
**U David Kam Za Thang (Gualnam Beh)**
**B.E, Civil (1977)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သဇ္ဇာ(၁)လမ်း၊ စ/၅၄၇နေ (Pu Thawng Khaw Pau)-Pi Ciin Ngaih Kim,Laaitui တို့၏သား၊ (Pu Thuam Khaw Lian-Pi Vum Khaw Cing),Khuasak တို့၏သားသမက်၊ Daw Goih Go Cing-(U Tuang Khan Mang), Laaitui, U Khai Khaw Zam-Daw Than Than Kyaing (နေပြည်တော်)၊ U Khup Za Dal-Daw Ning Go Cing, Laaitui တို့၏အစ်ကို၊ (Daw Thian Kyin Hung) (အထက်တန်းသူနာပြု)၏ချစ်လှစွာသောခင်ပွန်း၊ Daw Kim San Lun- U Saw Min Kyaw, Ma Kam Thian Huai တို့၏ချစ်လှစွာသောဖခင်သည် ၃-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၇-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်၊ အင်းစိန်ပန်းခြံ၊ ဝါယာလက်ဈေး၊ ကုန်သည်လမ်းရှိ FGA ဘုရားရှိခိုးကျောင်း၊ ဗဟိုလမ်းရှိ တီးတိန်နှစ်ခြင်းဘုရားရှိခိုးကျောင်း (TBC-Y)၊ ဗိုလ်မြတ်ထွန်းလမ်းရှိ ရန်ကုန်စီးယင်းနှစ်ခြင်းဘုရားရှိခိုးကျောင်း(YSBC)နှင့် ယုဇန ပိတောက်ကွေ့တို့မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်လှိုင် (နတ်မောက်)
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ(၂)၊ဆယ်သိန်းရပ်ကွက်၊ ကုဏ္ဍာသယလမ်း၊ အမှတ် ၆၊ အခန်း ၀၀၁နေ (ဦးငွေအောင်-ဒေါ်ဖွားကြီး)တို့၏သား၊(ဦးဆယ်မောင်-ဒေါ်ရွှေအုပ်)တို့၏ညီ၊ (ဦးညီသော်)-ဒေါ်စိန်အုပ်၊ ဦးမြို့မော် - (ဒေါ်ဟန်)တို့၏ အစ်ကို၊ ဦးအောင်သန်းဦး-ဒေါ်ခင်သန်းဝေ၊ဦးအေးမောင်(Trade Wind Co.,Ltd)-ဒေါ်ချိုမာဝင်း၊ (ဦးမင်းသိန်း)၊ (ဦးစန်းလှိုင်)တို့၏ဖခင်၊ (ဒေါ်စန်းရှင်)၏ချစ်လှစွာသောခင်ပွန်း၊ မောင်စိုးတင့်အောင်(Ocean Win Co.,Ltd)-မဆွေလှိုင်ဦး၊ မောင်ကောင်းထက်မောင် (S.H Co., Ltd)၊ မောင်ဝေယံထက်မောင်၊ မောင်မြင့်ကျော်အောင် - မသဉ္ဇာ(ထွေ/အုပ်၊ သင်္ဃန်းကျွန်း)တို့၏အဘိုး၊ မြစ်တစ်ယောက်၏အဘိုးသည် ၃-၇-၂၀၁၈ရက်(အင်္ဂါနေ့)ည ၁၀နာရီတွင်ကွယ်လွန်သွားပါ၍ ၅-၇-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစန်းမြင့်(ခ)ဗိုလ်ညို (တောင်ကြီး)
**အသက်(၇၉)နှစ်**

ဓနုဖြူမြို့၊ ရွှေပိုင်း(၄)ရပ်ကွက်နေ (ဦးဘသန်း-ဒေါ်သိန်းရွှေ)တို့၏ သား၊ ညောင်တုန်းမြို့၊ ၃၁လမ်းနေ (ဦးဟုန်ရင် - ဒေါ်ခင်မေ)တို့၏ သားသမက်၊ တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်၊ နယ်မြေ(၁၄)၊ သီရိမင်္ဂလာလမ်းသွယ်၊ အမှတ် ခ/၅၈၆နေ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ ဒေါ်မြတ်မြတ်မိုး (Technical Advisor- GIZ)၊ ဗိုလ်ကြီးဇာနည်ထွန်း (ငြိမ်း) (မန်နေဂျာ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်နီလာထွန်း၊ ဦးမျိုးဇော်ထက် - ဒေါ်မိုးမိုးလွင် (မိုးကုတ်ရေစိမ်)၊ ဒေါ်ဝါဝါထွေး(Geotechnical Enginee & Kimaro Geotechnical Engineering Pte. Ltd: Sig)တို့၏ဖခင်၊ မောင်ပြည့်မြတ်သူအောင်၊ မောင်စိုင်းမင်းထက်၊မဇင်ဖူးသစ်တို့၏ဘိုးဘိုးသည် ၄-၇-၂၀၁၈ရက် နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင်အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၇-၂၀၁၈ရက် နံနက် ၆နာရီတွင် ချမ်းမြသာစည်ရပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်အောင်
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရောင်းချရေးဌာန(ခွဲ)(က) အဆင့်(ငြိမ်း)၊ စစ်တွေမြို့**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့နေ (ဦးကျော်ဖဲ-ဒေါ်ငွေခင်)တို့၏သား၊ ရန်ကုန်မြို့၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၁၀၉) ပထမထပ်နေ ဒေါ်ဥမ္မာဝင်း၏ခင်ပွန်း၊ မောင်ဟန်ဝင်းအောင်-မဖြူလဲ့မွန်၊ မောင်အောင်နိုင်စိုးတို့၏ဖခင်၊ မောင်ဖွဲ့တေဇ၏အဘိုး၊ ဒေါ်လှသိန်းဦး၊ ဦးမြင့်ဦး-ဒေါ်သိန်းအေး၊ ဒေါ်တင်တင်အေးတို့၏မောင်၊ (ဦးအောင်သန်း)၊ ဒေါ်တင်တင်ဝင်းတို့၏အစ်ကို၊ တူ၊ တူမ သုံးယောက်တို့၏ ဦးလေးသည် ၃-၇-၂၀၁၈ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၇-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်အုန်း (ဓနုဖြူမြို့)
**(လက်ထောက်ညွှန်မှူး၊ထားဝယ်တိုင်းရုံး)**
**(အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန)**
**အသက်(၅၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ (၈)ရပ်ကွက်၊မဟာဗန္ဓုလလမ်း၊အမှတ် ၉၉နေ (ဦးကြည်)-ဒေါ်သန်း၊ (ဦးလှတိုး)-ဒေါ်စောရီတို့၏သားသမက်၊ ဒေါ်ကျင်သန်း၏ခင်ပွန်း၊ မောင်ဝေလျှံဖြိုး(ခ)ဖိုးသကြန်၏ဖခင်သည် ၃-၇-၂၀၁၈ရက်(အင်္ဂါနေ့)ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ဦးဖိုးမြကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပရမ မထေရ် (ဓမ္မာစရိယ) (ထမ္မနိုင်)
**သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ရွှေနားပန်ပရိယတ္တိစာသင်တိုက်နှင့် သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီဟိုဠ်ကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပရမ မဟာထေရ်သည်(၁၃၈၀ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၆ရက်) ၃-၇-၂၀၁၈ရက် (အင်္ဂါနေ့) ည ၁၀း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၃ရက်) ၁၅-၇-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် သန်လျင်အမိုးနီသုသာန်၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးကော်မတီနှင့်
တပည့် ဒါယကာ၊ ဒါယိကာမများ

မြေပုံမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်မပု(ခ)ဒေါ်ခွန်ထူ(မြေပုံမြို့) အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ဗိုလ်လရောင်လမ်း၊ အမှတ် ၃၃(က)နေ (ဦးအိုးချေ-ဒေါ်စိန်သာဦး)တို့၏သမီး၊ (ဦးစိန်ထွန်း)၏ဇနီး၊ (ဦးထွန်းဦး)၊ ဒေါ်မတင်စိန်၊ ဦးထွန်းကျော်၊ ဦးထွန်းဖြူ(သ/မဦးစီး)၊ (ဦးထွန်းလှ၊ သစ်တော)တို့၏မိခင်၊ မြေး ကိုးယောက်၊ မြစ် နှစ်ယောက်တို့၏ အဘွားသည် ၃-၇-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၈ရက် (ကြာသပတေးနေ့)ညနေ ၄နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီနှင့် တာမွေအဝိုင်းထိပ်တို့မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်မြင့်(ကြို့ပင်ကောက်မြို့) အသက်(၈၀)
**ဥက္ကဋ္ဌ(သီရိစန္ဒာဆေးရုံ၊ အင်းစိန်)**
**ဂုဏ်ထူးဆောင်နာယက (ကြို့ပင်ကောက်မြို့နယ်အသင်း)**
**မန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်ရေး**
**စာရေးဆရာ မောင်မောင်တင်**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ကြခတ္တန်းကြီးရွာနေ (ဦးဟန်ညွန့်-ဒေါ်ခင်ကြည်)တို့၏သား၊ ဦးကြီးရွှေ-ဒေါ်ဝင်းမြတို့၏မောင်၊ (ဦးမောင်မှု-ဒေါ်ဝင်းရွှေ)၊ ဦးထွန်းဝေ-ဒေါ်ခင်အုန်းမြင့်၊ ဦးမြင့်ရွှေ-ဒေါ်ယဉ်မြင့်၊ ဦးသိန်းဝင်း-ဒေါ်ခင်ဦး(ဂန္ဓမာဦးပွဲရုံ)တို့၏အစ်ကို၊ ဒေါ်သီတာဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မအိသဥ္ဇာဝင်းမောင်၏ချစ်လှစွာသောဖခင်သည် ၃-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇း၁၅နာရီတွင် သီရိစန္ဒာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [သီရိစန္ဒာဆေးရုံ(လမ်းသစ်လမ်း)ရှေ့မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ် ၁၃၀ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်မြင့်(ကြို့ပင်ကောက်မြို့) အသက်(၈၀)
**ဥက္ကဋ္ဌ(သီရိစန္ဒာဆေးရုံ၊ အင်းစိန်)**
**ဂုဏ်ထူးဆောင်နာယက (ကြို့ပင်ကောက်မြို့နယ်အသင်း)**
**မန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်ရေး**
**စာရေးဆရာ မောင်မောင်တင်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာလမ်းသွယ်(၂)၊ အမှတ်(၅၁၈·က)နေ (ဒေါ်စိုးတင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းဦး-ဒေါ်နီနီမြင့်(အမက ၁၂၊ အင်းစိန်)၊ ဦးစိုးနိုင်မြင့်(ဒါရိုက်တာ၊ သီရိစန္ဒာကုမ္ပဏီလီမိတက်)-ဒေါ်စိုးစိုးလတ်(အကြီးတန်းမန်နေဂျာ၊ သီရိစန္ဒာကုမ္ပဏီလီမိတတ်)၊ ဦးမိုးနိုင်မြင့်(အုပ်ချုပ်မှုဒါရိုက်တာ၊ သီရိစန္ဒာကုမ္ပဏီလီမိတက်) - ဒေါ်သင်းသင်းမော်(ဒါရိုက်တာ 2 & 16 Services)တို့၏ချစ်လှစွာသောဖခင်၊ မောင်အောင်ကိုကိုမြင့်ဦး (Sea Dream Co.,Ltd)၊ မောင်ကျော်ညီညီမြင့်ဦး(သီရိစန္ဒာကုမ္ပဏီလီမိတက်)၊ မောင်အေးမင်းသိန်း(West Yangon Technological University)၊ မောင်အေးမင်းဟိန်း(သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်)၊ (မမေမြတ်မိုး)၊ မောင်အောင်မြတ်ကို(G-6 ,TTC)တို့၏ဘိုးဘိုးကြီးသည် ၃-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇း၁၅နာရီတွင် သီရိစန္ဒာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [သီရိစန္ဒာဆေးရုံ(လမ်းသစ်လမ်း)ရှေ့မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက်၇နာရီတွင် အင်းစိန် မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ် ၁၃၀ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မေညွန့်(ခ)ဒေါ်မေညွန့် (B.Sc. Math. ၇၁/၇၂)
**စိန့်ဂျိုးဇက်ကျောင်းသူဟောင်း [အထက(၃)မင်္ဂလာတောင်ညွန့်]**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ နာယက(မရမ်းကုန်းမြို့နယ်)**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး(၉)ရပ်ကွက်၊ ဝါယာလက်(၃)လမ်း၊ အမှတ် ၃၉၂နေ (ဦးစံမင်း-ဒေါ်အင်ကြူ)တို့၏သမီး၊ (ဒေါ်လှမြင့်)၊ ဒေါ်မြညွန့်တို့၏ညီမ၊ ဦးအေးစိုး၏ချစ်လှစွာသောဇနီး၊ မောင်လှမျိုးသိမ်း(UK)၊ မောင်စိုးမြင့်သိမ်း၊ ဒေါက်တာစိုးသီတာ(ခ)ဒေါ်တာစုစုထား(UK)တို့၏ချစ်လှစွာသောမိခင်သည် ၄-၇-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၀၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဇော်ဦး(ခ) Patrick Zaw U
**B.Com.R.A, R.L,D.M.A, M.P.A**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၅၁လမ်း၊ အမှတ် ၁၆၇နေ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏မြေး၊ သခင်တင်ဦး-ဒေါ်သန်းတို့၏သား၊ ဒေါ်အမာ-ဦးမောင်ဝေတို့၏အစ်ကို၊ (ဒေါ်စန်းစန်းဝင့်)၊ ဒေါ်သိန်းနုတို့၏ခင်ပွန်း၊ ဇော်ဇော်ဟန်၊ မြင့်ဟန်ထူးတို့၏ ချစ်လှစွာသောဖခင်သည် ၃-၇-၂၀၁၈ရက် (အင်္ဂါနေ့) ည ၉း၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၄-၇-၂၀၁၈ရက်တွင် ရပ်ဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍများဆိုင်ရာ လုပ်ငန်းကော်မတီဆွေးနွေးပွဲများ နေပြည်တော်၌ ကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအတွက် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများ၏ လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲများကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) သတ်မှတ်နေရာ အသီးသီး၌ ကျင်းပသည်။

နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီများ၏ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ တင်ပြမည့်အချက်များကို ညှိနှိုင်းဆွေးနွေးကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ◆



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအတွက် စီးပွားရေးကဏ္ဍဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

**ဂူအတွင်းပိတ်မိနေသော ထိုင်းကျောင်းသားများ ကျန်းမာရေးအခြေအနေ ကောင်းမွန်၊ အပြင်သို့ကယ်ထုတ်ရန် အချိန်ယူရဦးမည်ဖြစ်**

စာ » ၁၀

**ဘူးသီးတောင်မြို့နယ်၌ ငွေကျပ်သိန်းပေါင်း ၃၁၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ**

စာ » ၁၃

# MNL ပွဲစဉ်(၁၉)တွင် ရန်ကုန်နှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် ဆက်လက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၄**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၉)ကို ဇူလိုင် ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နှစ်မှတ်သာကွာသည့် ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အသင်းတို့၏ အားပြိုင်မှုကို ဆက်လက်တွေ့မြင်ရမည် ဖြစ်သည်။

ပွဲစဉ် (၁၉) အဖြစ် ဇူလိုင် ၆ ရက်တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် ရခိုင်အသင်း၊ ဇူလိုင် ၇ ရက်တွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် မကွေးအသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ရောဝတီ အသင်း၊ ဇူလိုင် ၈ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ရန်ကုန်အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Southern အသင်း၊ သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရတနာပုံအသင်းသည် ယခုရာသီတွင် ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသောကြောင့် ချန်ပီယံဆုစိန်ခေါ်နိုင်သည့်အနေအထားတွင်မရှိတော့သော်လည်း MNL ပြိုင်ပွဲစတင်ကတည်းက အစဉ်အလာရှိ ပြိုင်ဘက်ဖြစ်သော ရန်ကုန်အသင်းနှင့် တွေ့ဆုံတိုင်း အားကုန်ထုတ်ကစားလေ့ရှိသောကြောင့် ယခုပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ■



**GFA နှင့်ပွဲတွင် နောက်ကျအနိုင်ဂိုးသွင်းယူခဲ့သည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းမှ တောင်ပံကစားသမား ရန်နိုင်ဦး။** ဓာတ်ပုံ-စိုးညွန့်

# မြန်မာအမျိုးသမီးအသင်း အုပ်စုဒုတိယပွဲ ယနေ့ကစားမည်

**ရန်ကုန် ဇူလိုင် ၄**

၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၅ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အဖွင့်ပွဲဖြစ်သည့် ဖိလစ်ပိုင်အသင်းနှင့်ပွဲအပြီးတွင် နားရက်သုံးရက်ရထားပြီး အင်ဒိုနီးရှားနှင့်ပွဲကို အင်ပြည့်အားပြည့် ယှဉ်ပြိုင်ကစားနိုင်မည်ဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် အိမ်ရှင်နိုင်ငံဖြစ်သည်မှလွဲ၍ မြန်မာအသင်းကို ခြိမ်းခြောက်နိုင်ဖွယ်မရှိဘဲ ဂိုးမပြတ်ရန်ဘဲ ကြိုးစားရမည်ဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် မြန်မာအသင်းနှင့်ပွဲမတိုင်မီ နှစ်ပွဲကစားထားပြီး တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားသည်။ အင်ဒိုနီးရှားအသင်းသည် စင်ကာပူအသင်းနှင့် ဂိုးမရှိသရေကျပြီး ဒုတိယပွဲတွင် ဗီယက်နမ်အသင်းကို ခြောက်ဂိုးပြတ်ရှုံးနိမ့်ထားသည်။ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးကောင်းသွားပြီး အင်ဒိုနီးရှားနှင့် စင်ကာပူပွဲတွင် ဂိုးများများသွင်းယူနိုင်ရန်သာ ကြိုးပမ်းရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဖိလစ်ပိုင်အသင်းကို ဂိုးပြတ် အနိုင်ရခဲ့သည့်ပွဲထွက်လူစာရင်းမှ အမာခံကစားသမားအများစုဖြင့် ဆက်လက်ပွဲထွက်မည်ဖြစ်ပြီး ဗီယက်နမ်အသင်းထက် သွင်းဂိုးပိုသာရန် ဂိုးများများသွင်းရန် လိုအပ်နေသည်။

မြန်မာအသင်းပါဝင်သော အုပ်စု (ခ) တွင် ဗီယက်နမ်နှင့် မြန်မာအသင်းက တစ်ပွဲကစား တစ်ပွဲနိုင် သုံးမှတ်၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်၊ စင်ကာပူနှင့် အင်ဒိုနီးရှားအသင်းက နှစ်ပွဲကစား တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်စီရထားသည်။ **ရဲရင့်ရှိုင်း**

iMyanmarHouse.com မှ ကြီးမှူးကျင်းပသည့် KT Construction မှ ဆောက်လုပ်သော
မန္တလေးမြို့ရှိ လုံးချင်းအိမ် နှင့် လူနေဆိုင်ခန်းများ အထူးအရောင်းပြပွဲကြီး
ရောင်းချပေးမည့် စီမံကိန်းများ- ✓ ရွှေနန်းတော်လုံးချင်းအိမ်ရာ ✓ ချယ်ရီဗီလာ ✓ KT Business Complex
နေ့ရက် : ၇၊ ၈ ဇူလိုင်လ ၂၀၁၈ ခုနှစ်။ (စနေ၊ တနင်္ဂနွေ) အချိန် : မနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
နေရာ (၁) : KT Construction ရုံးခန်း၊ ၃၅ လမ်းနှင့် ၆၉ လမ်းထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
နေရာ (၂) : iMyanmarHouse.com ရုံးခန်း - MAC Tower ၁၁ လွှာ၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတား၊ ရန်ကုန်။ ( CB ဘဏ်ဘေးဓာတ်လှေကားမှ တက်ပါရန် )
Hotline:09-455294841~5
အသေးစိတ်ကြည့်ရန်နှင့်ကြိုတင်စာရင်းပေးရန် – www.imyanmarhouse.com/kt-construction